# Weekly ELEVEN NEWS

No 16 7 January 18 Wednesday 2012




# Freedom from Fear

## နိုင်ငံတော်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မြန်မာနိုင်ငံရေးအနာဂတ် ခရီးအတွက် အရေးပါသော ဦးခွန်ထွန်းဦး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် နိုင်ငံရေးခေါင်းဆောင်များ ပြန်လည်လွတ်မြောက်လာ

စာ ( ၂ ) သို့



ပြည်မြို့သို့ ရောက်ရှိလာသည့် ကိုမင်းကိုနိုင်အား ပြည်သူလူထုက ကြိုဆိုနေကြစဉ်



ဦးခွန်ထွန်းဦး



## နှစ်ပေါင်း ၆၀ ကျော်အတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက် ငါးချက် လက်မှတ်ရေးထိုး



စာ ( ၄ ) သို့

## မြန်မာနိုင်ငံတွင် နှုန်းထားအမျိုးမျိုးဖြစ်ပေါ်နေသော ငွေလဲနှုန်းကိုတစ်မျိုးတည်းအဖြစ် ၂၀၁၂ ခုနှစ်အတွင်း ပေါင်းစည်းသွားမည်

စာ ( ၆ ) သို့

## တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်ရင်းနှီးမြှုပ်နှံထားမှု အမေရိကန်ဒေါ်လာ ၁၄ ဘီလျံနီးပါးထိရှိလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းနီးပါးရှိနေ

စာ ( ၅ ) သို့

## ဈေးကွက်အတွင်းရောင်းချနေသည့် အလုကုန်ပစ္စည်းအချို့၌ အရေပြားကင်ဆာအပါအဝင် အရေပြားရောဂါများဖြစ်နိုင်သော တားမြစ်ထားသည့် ဟိုက်ဒရိုကွီနုန်းအမည်ရှိ ဓာတုပစ္စည်းပါဝင်နေကြောင်းတွေ့ရှိ

စာ ( ၆ ) သို့

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။









***မျက်နှာဖုံးသတင်း "Freedom from Fear နိုင်ငံတော်သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့် . . . "မှအဆက်***

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မြန်မာ့နိုင်ငံရေးအနာဂတ်ခရီးအတွက်အရေးပါသော ဦးခွန်ထွန်းဦး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကို မင်းကိုနိုင်နှင့် နိုင်ငံရေးခေါင်းဆောင်များ ဇန်နဝါရီလ ၁၃ ရက်နေ့က ပြန်လည်လွတ်မြောက်လာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အစိုးရသစ်လက်ထက် တတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ၁၀ ရက်အကြာ အကျဉ်းသား ၆၅၁ ဦးအား ထပ်မံလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်သည်။

အကျဉ်းသား ၆၅၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် နိုင်ငံတော်သမ္မတ၏အမိန့်ကို ဇန်နဝါရီလ ၁၂ ရက်နေ့ ညနေ ၆ နာရီအချိန်နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားမှ တစ်ဆင့် ထုတ်ပြန်သွားခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသောအကျဉ်းသား၊ အကျဉ်းသူ ၆၅၁ ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှစပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်"ဟု ဖော်ပြထားသည်။

ဇန်နဝါရီလ ၂ ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပြီး ၁၀ ရက်အကြာ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ယခုကဲ့သို့လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခုအကြိမ်ပေးသည့် လွတ်ငြိမ်းချမ်းသာခွင့်သည် နိုင်ငံတော်သမ္မတကအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့်ပေးသည့်လွတ်ငြိမ်းချမ်းသာခွင့်မဟုတ်ဘဲ နိုင်ငံတော်သမ္မတ၏သဘောဆန္ဒနှင့်ပေးခြင်းဖြစ်သည်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အမိန့်ကြေငြာစာပါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ သိရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)တွင်ဆိုထားသည်မှာ ပြစ်မှုတစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆိုစည်းကမ်းချက်မထားဘဲဖြစ်စေပြစ်ဒဏ်စီရင်ခြင်းခံရသူသဘောတူသည့်စည်းကမ်းချက်တစ်ခုခုထား၍ဖြစ်စေ ၎င်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်(သို့မဟုတ်) ၎င်းကိုစီရင်သည့်ပြစ်ဒဏ်အားလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်ဟုဖြစ်ပါသည်။ အကယ်၍အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြစ်ပါကဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)အရ ပေးရမည်ဖြစ်ပြီး ယင်းပုဒ်မ မပါရှိသောကြောင့် သမ္မတကြီး၏သဘောဆန္ဒဖြင့်ပေးခြင်းဖြစ်သည်ကို တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၂၀၄(ခ)မှာဆိုထားသည်မှာ "အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်"ဟူ၍ဖြစ်ပါသည်။

ယခုလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူအများစုမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူအများစုပါဝင်ပြီး ထောင်ဒဏ်ကျခံနေရသည့်အကောက်ခွန်ဝန်ထမ်းဟောင်းများနှင့်ထောက်လှမ်းရေး အဖွဲ့ဝင်ဟောင်းများလည်းပါဝင်ခဲ့သည်ကိုတွေ့ရသည်။

ယခုတစ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်တွင် သရက်အကျဉ်းထောင်မှ ကိုမင်းကိုနိုင်အပါအဝင် ခုနစ်ဦး၊ စစ်တွေအကျဉ်းထောင်မှ အကျဉ်းသားစုစုပေါင်း ၁၇ ဦး လွတ်မြောက်ပြီး ထိုအထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူရှစ်ဦး ပါဝင်ခဲ့သည်။ အဆိုပါရှစ်ဦးမှာ ဒေါက်တာသက်လွင်၊ ကိုသန်းတင်(ခ) ကိုကြီးသန်း၊ ကိုပြည့်ဖြိုးလှိုင်၊ ကိုအောင်အောင်ကျော်(ဇရာဝတီ)၊ ကိုဇေယျာဦး(ဇရာဝတီ)၊ ဦးပုရစ်၊ ကိုကျော်ဇင်ဝင်း၊ ဒေါ်ပုံနေနေတို့ဖြစ်ကြသည်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း . . .

ဘူးသီးတောင်အကျဉ်းထောင်မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများဖြစ်ကြသည့် ကိုစည်သူမောင်၊ ကိုသန့်ဇင်မျိုး၊ ကိုကျော်မင်း၊ ကိုထွန်းညို၊ ကိုဌေးကြွယ်၊ ကိုအောင်ဇော်ဦး၊ ကိုပြေကျော်၊ ကိုဝဏ္ဏပံသ၊ ကိုကျော်ဝင်းဆန်း၊ ကိုမောင်မောင်လတ်တို့ပြန်လည်လွတ်မြောက်ခဲ့သည်။

မြောင်းမြထောင်မှ အရှင်ဂမ္ဘီရအပါအဝင်ခြောက်ဦး ပြန်လည်လွတ်မြောက်လာပြီး အရှင်ဂမ္ဘီရလွတ်မြောက်လာပြီးပါက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ မဂ္ဂင်ကျောင်းတွင် ရဟန်းခံမည်ဖြစ်ကြောင်း အရှင်ဂမ္ဘီရ၏မိခင်ဒေါ်ရေးကပြောကြားခဲ့သည်။ အရှင်ဂမ္ဘီရသည် ၂၀၀၇ နိုဝင်ဘာလ ၄ ရက်တွင်အဖမ်းခံရပြီး ပုဒ်မ(၁၇)ခုဖြင့် ထောင်ဒဏ် ၆၈ နှစ်ကျခံထားရသူဖြစ်သည်။ ထို့ပြင် အရှင်ဂမ္ဘီရ၏အစ်ကိုဖြစ်သူ ဦးကျော်အောင်သည်လည်း တောင်ကြီးထောင်မှ လွတ်မြောက်လာခဲ့သည်။

မြင်းခြံထောင်မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ မထက်ထက်အောင်အပါအဝင် ၁၂ ဦး လွတ်မြောက်လာပြီးတောင်ငူအကျဉ်းထောင်မှ ဦးခွန်ထွန်းဦးနှင့် ဦးဝင်းကိုတို့အပါအဝင် ၁၁ ဦး လွတ်မြောက်လာခဲ့သည်။

မုံရွာအကျဉ်းထောင်မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ ဦးလှထွေး(ခ) ဦးဝိလာသက္က၊ လာရန်းကျွဲ၊ ကိုကိုနိုင်(ခ) စူးရှ၊ ဒီငြိမ်းလင်းနှင့် မနီဘယ်လ်အေးတို့ ပြန်လည် လွတ်မြောက်လာကြသည်။ လားရှိုးအကျဉ်းထောင်မှ ကိုမင်းဇေယျ၊ ကိုမင်းဟန်၊ ကိုဇာနည်အောင်၊ ကိုနိုင်ဦး(ခ) ဦးနန္ဒဝံသ(မြင်းခြံစွန်းလွန်း)၊ ဦးမြင့်နိုင်၊ ကိုအောင်သန်းမြင့်(ခ) မဂ္ဂင်ဆရာတော်ဥူးကုန္တက၊ ကိုငွေစိုးလင်း၊ ကိုမင်းထွန်း၊ ကိုမြတ်လင်းထွဋ်နှင့်မဟန်နီဦးတို့ပြန်လည်လွတ်မြောက်လာခဲ့သည်။ မြိတ်အကျဉ်းထောင်မှခြောက်ဦးလွတ်မြောက်လာပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူနှစ်ဦးပါဝင်ရာ ၎င်းတို့မှာ ဦးကျော်ကျော်ထွေး(ခ) ဦးမာကီးနှင့်ကိုကျော်စွာဝင်းတို့ဖြစ်သည်။

ဟင်္သာတ အကျဉ်းထောင်မှ ကိုစည်သူဇေယျနှင့် ဦးကိုကိုလေး၊ တောင်ကြီးထောင်မှ ကိုဂျင်မီ၊ ကိုမြအေး၊ ကိုဇော်သက်ထွေး၊ ကိုကျော်ကိုကို၊ ကိုမောင်ကံ၊ ကိုဇော်မင်းဦး၊ ကိုဇော်ဝင်းလေး၊ ကိုအောင်ကျော်ကျော်၊ ကိုသူရစိုး၊ ကိုမန်းဇော်ထွေးတို့ပြန်လည်လွတ်မြောက်လာခဲ့သည်။

ပုသိမ်အကျဉ်းထောင်မှအကျဉ်းသား ၁၆ ဦး လွတ်မြောက်လာရာတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ လေးဦးပါဝင်ကာ ၎င်းတို့မှာ ကိုဇော်လတ် (ဘီလူးကျွန်း)၊ ကိုသန်းထွဋ်အေး (တောင်ဥက္ကလာပ)၊ ကမ်ခန့်ခွာ (ရန်ကုန်)၊ မခိုင်မာစိုး (ဖြူးမြို့)တို့ ဖြစ်ကြသည်။

ထို့အပြင် မိုင်းဆတ်အကျဉ်းထောင်မှ ဦးကိုကိုကြီးလည်းလွတ်မြောက်လာခဲ့သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့ မွန်းလွဲပိုင်းမှစတင်ပြီး နယ်ထောင်များမှ လွတ်မြောက်လာသူအချို့သည် လေကြောင်းဖြင့် ရန်ကုန်မြို့သို့ပြန်လာသည့်အတွက် ရန်ကုန်လေဆိပ်တွင်စောင့်ဆိုင်းကြသူအများအပြားရှိခဲ့သည်။

ဦးနေဝင်း(ဗိုလ်ချုပ်ကြီးဟောင်းကွယ်လွန်)၏သားမက် ဦးအေးဇော်ဝင်းနှင့်မြေးဖြစ်သူဇွဲနေဝင်းတို့လည်း ယခုလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

ကျောက်ဖြူအကျဉ်းထောင်မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၁၀ ဦးလည်း လွတ်မြောက်လာပြီး ၎င်းတို့မှာ ဦးရွှေမောင်၊ ဦးဖြိုးမောင်မောင်စိုး၊ ဦးဝင်းမော်၊ ဦးဇော်မင်း၊ ကိုအောင်ကျော်ကျော်၊ ကိုမျိုးမင်း၊ ကရင်လေး၊ ကိုတင်အောင်စိုး၊ ကိုစိုင်းလတ်အောင်နှင့် ကိုခင်မောင်အေးတို့ဖြစ်ကြသည်။

နေအိမ် အကျယ်ချုပ်ကျခံနေရသူဦးခင်ညွန့်(ဗိုလ်ချုပ်ကြီးဟောင်း)လည်း လွတ်မြောက်လာခဲ့ပြီး ၎င်း၏သားနှစ်ဦးဖြစ်သူ ဦးဇော်နိုင်ဦး (ဗိုလ်မှူးဟောင်း)နှင့်ဦးရဲနိုင်ဝင်းတို့လည်း လွတ်မြောက်လာခဲ့သည်။

ထို့ပြင် သာယာဝတီထောင်မှ မနီလာသိန်း အပါအဝင် ၁၀ ဦး၊ ကော့သောင်းထောင်မှ ကိုပြုံးချို အပါအဝင် လေးဦး၊ ဘားအံထောင်မှ ကိုနေဘုန်းလတ် အပါအဝင် ၁၁ ဦး၊ မြစ်ကြီးနားထောင်မှ ခြောက်ဦး၊ ပခုက္ကူထောင်မှ နှစ်ဦး၊ ကျိုင်းတုံထောင်မှ သုံးဦး၊ ဖန်းမော်ထောင်မှ ၁၂ ဦး၊ ကသာထောင်မှ ငါးဦး စသည်ဖြင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများပြန်လည်လွတ်မြောက်လာခဲ့သည်။

*စာမျက်နှာ ၂၄ သို့ ➤*


| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရှိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ အောင်စည်ဟိန်း၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ မေသူကျော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၇၊ ၄၀၀၅၂၄ |

# ဒီမိုကရေစီလှုပ်ရှားမှုတွင် ဒေါ်အောင်ဆန်းစုကြည်နောက် ဒုတိယအထင်ရှားဆုံး ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အား ထောင်နှင့်ချီသောပြည်သူများကြိုဆို









ဒီမိုကရေစီလှုပ်ရှားမှုတွင် ဒေါ်အောင်ဆန်းစုကြည်နောက် ဒုတိယအထင်ရှားဆုံးဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အား ရန်ကုန်သို့အိမ်အပြန်ခရီးလမ်းတစ်လျှောက်ရှိမြို့များမှ ထောင်နှင့်ချီသောပြည်သူများကကြိုဆိုခဲ့ကြပါသည်။

ကိုမင်းကိုနိုင်သည် ၂၀၀၇ ခုနှစ်အတွင်းက ထိန်းသိမ်းခံခဲ့ရသူဖြစ်ပြီး ထောင်ဒဏ် ၆၅ နှစ်နှင့်အထက်ချမှတ်ခံခဲ့ရာမှ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်နှင့်အတူ သရက်မြို့အကျဉ်းထောင်မှပြန်လည်လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မှာပါ။ တွေ့ဖြစ်အောင်တွေ့မှာပါ။ သူ့ရဲ့အလုပ်တွေကိုလည်း ကျွန်တော်ဝိုင်းကူလုပ်မှာပါ။ ရှေ့ဆက်လုပ်ကြမယ့် အလုပ်တွေကို လက်တွဲဆောင်ရွက်ကြဖို့ပါပဲ။ ကျွန်တော်တို့သမိုင်းကိုတော့ အတတ်နိုင်ဆုံးအလှဆုံးဖြစ်အောင်နောက်ပြီး ကျွန်တော်တို့မျိုးဆက်ရဲ့ ဂုဏ်သိက္ခာလည်းရှိအောင်ကျွန်တော်တို့ အတတ်နိုင်ဆုံးရေးခဲ့ပြီ။ ကျွန်တော်တို့ကိုယ်ကောင်းစိတ်ဓာတ်အကျင့်ကောင်းတွေကို နောက်လူငယ်တွေကိုပြန်ပြီးတော့ မျှဝေခဲ့မယ်။ အခုပြန်လာတာဟာ ဒေါင်းတွေက အိုးဝေသံပေးပြီး ပြန်လာတာပါ။ ရှေ့ဆက်ပြီး ဒီမိုကရေစီအရေးတွေကိုအားနဲ့ခွန်နဲ့ ဆက်လုပ်သွားမှာပါ။ ပါတီအနေနဲ့တော့ ကျွန်တော်မစဉ်စားထားပါဘူး။ သို့သော်လည်း ပါတီလုပ်မှ နိုင်ငံရေးလုပ်တာမဟုတ်ပါဘူး။ ဘယ်ကပဲ လုပ်လုပ်ပါ။ အပြင်ကလုပ်လို့လည်းရပါတယ်။ ကျွန်တော်တို့အရင်ကတည်းကပါတီအနေနဲ့လုပ်တာမဟုတ်ဘူး။ အဲဒီအတွက်တော့အစီအစဉ်မရှိဘူး။ သို့သော် ဒီမိုကရေစီအရေးအတွက်တော့ရှိသမျှအားနဲ့ ကျွန်တော်အလုပ်လုပ်သွားမှာဖြစ်ပါတယ်။ NLD နဲ့ကတော့အရင်လိုပါပဲ။ လက်တွဲတော့မပျက်ပါဘူး။ ဒါပေမယ့် ကျွန်တော်ဝင်ဖို့၊ မဝင်ဖို့သာရှိပါတယ်။ ဂျာနယ်တွေ အနေနဲ့လူကြီးတွေကို ပြန်ပြောပေးကြပါ။ ကျွန်တော်တို့ ဂျာနယ်တွေဖတ်ပါတယ်လို့။ Eleven ကရောပါလားမသိဘူး။ ဒေါက်တာသန်းထွဋ်အောင်ကို ပြောပေးပါဗျာ။ ကျွန်တော်တို့ ၁ ခြောက်လုံးအခွေကြည့်ရတယ်လို့ Congratulations လုပ်လိုက်ပါနော်။ Appreciate လုပ်ပါတယ်လို့”ဟု ကိုမင်းကိုနိုင်က သရက်ထောင်မှလွတ်မြောက်ပြီးစအချိန် မီဒီယာများနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့ပါသည်။

သရက်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ကိုမင်းကိုနိုင်အား သရက်မြို့နှင့် အောင်လံမြို့များမှ ထောင်နှင့်ချီသောပြည်သူလူထုက ပထမဦးဆုံးအနေဖြင့် တစ်ခဲနက်ကြိုဆိုခဲ့ကြပါသည်။

“ထောင်ကလွတ်တာက ဆယ်နာရီ၊ သရက်မှာ ဘုရားဝင်ဖူးတယ်။ ဘုရားဖူးတဲ့အခါမှာ ပြည်သူလူထုကလည်း အများကြီးပဲ နောက်ကလိုက်လာတယ်။ ဘုရားဖူးပြီးတော့ ပြည်သူလူထုကို နှုတ်ဆက်တယ်။ နှုတ်ဆက်ပြီးတော့ ဇက်ဆိပ်ကိုဆင်းလာတယ်။ သူ့ကို အာဏာပိုင်တွေကလည်း အကုန်လုံးစီစဉ်ပေးတယ်။ ပွဲထောင်တို့ ဘာတို့ အစီးလိုက်ငှားပေးပါတယ်။ ပစ္စည်းတွေဘာတွေတင်ပြီးတော့ ကမ်းနဖူးမှာလည်း ပြည်သူလူထုကနှုတ်ဆက်ကြတယ်။ သရက်ကနေ ၁၂ နာရီလောက်မှာ အောင်လံကိုကူးလာတယ်။ အောင်လံဘက်ကမ်းကိုကပ်တဲ့အခါမှာလည်း လူထုကြီးကအရမ်းပါပဲ။ တော်တော်များပါတယ်။ ကမ်းနဖူးမှာ အပြည့်ပါပဲ”ဟု ရန်ကုန်မှ သရက်သို့ သွားရောက်ကြိုဆိုခဲ့သူ ကိုဆန်းမြင့်ဦးက ပြောပြခဲ့ပါသည်။ ကိုမင်းကိုနိုင်နှင့်အဖွဲ့သည်အောင်လံမြို့သို့မွန်းတည့်ချိန်တွင်ရောက်ရှိခဲ့ပြီး ညနေပိုင်းအချိန်တွင် အောင်လံမြို့မှ ပြည်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

“အောင်လံမြို့ကိုရောက်တဲ့အခါ NLD အမတ်ဦးစိုးဝင်းရဲ့ အမေအိမ်မှာ နားပါတယ်။ မကွေးကလာမယ့် NLD အဖွဲ့တွေ၊ အောင်လံမြို့က ရပ်မိရပ်ဖတွေကို အဲဒီမှာပဲ လက်ခံ စကားပြောပါတယ်။ ညနေခြောက်နာရီလောက်မှာ အောင်လံကထွက်ပါတယ်။ ပြည်ကိုတော့ ညကိုးနာရီလောက် ရောက်ပါတယ်။ ပြည်အဝင်ဝမှာပဲ NLD အဖွဲ့ဝင်တွေနဲ့ကျောင်းသားတွေက ရှေ့ပြေး အနေနဲ့ လာပြီးကြိုဆိုကြပါတယ်။ မြို့ထဲဝင်တော့ ပြည်သူလူထုကလမ်းဘေးတစ်လျှောက်ကနေ လက်ခုပ်လက်ဝါးတဖြောင်းဖြောင်းနဲ့။ ကြိုဆိုကြတယ်။ နောက် ပြည်သူလူထုရဲ့ဆန္ဒအတိုင်း ပြည်မြို့ကို တစ်ပတ်ပတ်ပြီး ပြည်သူလူထုကို ဂါဝရပြုပါတယ်။ အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကိုကျော်သူကလည်း ရွှေပေါက်ပင်ဘုန်းကြီးကျောင်းကိုရောက်နေတာဖြစ်တဲ့အတွက် ကိုကျော်သူနဲ့ဝင်ပြီးတော့ နှုတ်ဆက်စကားပြောပါတယ်။ အဲဒီအချိန်ည ၁၂ နာရီခွဲလောက်ဖြစ်သွားတဲ့အတွက် ရှေ့ဆက်ခရီးဆက်ဖို့အရမ်းပင်ပန်းသွားတော့ အချိန်ကလည်းလင့်သွားတဲ့အတွက်ရွှေပေါက်ပင်ဘုန်းကြီးကျောင်းမှာပဲအိပ်လိုက်ပါတယ်”ဟု ကိုဆန်းမြင့်ဦးက ဆက်လက်ပြောပြသည်။

> **ပြည်သူတွေကိုပြောချင်တာကတော့ တစ်ယောက်နဲ့တစ်ယောက် လက်တွဲမဖြုတ်ကြဖို့ အရေးကြီးပါတယ်။ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ်ပါ၊ တစ်ကယ်အလုပ်လုပ်တဲ့ လူမှန်လို့ရှိရင်လက်တွဲပေးပါ။ ပြည်သူလူထုကသာတစ်ကယ်ယုံကြည်အောင်၊ တစ်ကယ်အလုပ်လုပ်ကြပါ . . .**

ထိုနောက် ပြည်မြို့မှ နံနက်ခြောက်နာရီအချိန်တွင်ပြန်လည်ထွက်ခွာခဲ့ပြီး ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်း၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ ဇီးကုန်း၊ သာယာဝတီ၊ မင်းလှ၊ သုံးဆယ်၊ တိုက်ကြီး၊ မှော်ဘီ အစရှိသည်တို့၌ခေတ္တရပ်နားပြီး ထောင်နှင့်ချီ၍ကြိုဆိုနေကြသော ပြည်သူလူထုများအား ကိုမင်းကိုနိုင်က နှုတ်ဆက်စကားပြောကြားခဲ့ပါသည်။

“ကျွန်တော်လမ်းတစ်လျှောက်အတွေ့အကြုံကို အကျဉ်းချုံးပြောပြပြမယ်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ကျွန်တော်တို့ကိုနှောင့်ယှက်တာမျိုး၊ ဟန့်တားတာမျိုးမရှိပါဘူး။ ကျွန်တော်တို့ဘက်ကလည်း ညီညွတ်မှု၊ စည်းကမ်းရှိမှုကိုအကောင်းဆုံးပြနိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီး လုပ်ရမယ့်အရာတွေထဲမှာလည်း ဒါကိုနမူနာထားရမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအခြေအနေမျိုးရောက်အောင် နှစ်ပေါင်းများစွာပေးဆပ်ခဲ့ကြတယ်။ တချို့ဆို အသက်တွေပါပေးသွားခဲ့ရတယ်။ တချို့က ဘဝရဲ့အစိတ်အပိုင်းတွေအားလုံးကိုပေးဆပ်ခဲ့ရတယ်။ အဲလိုပေးဆပ်ပြီးမှရခဲ့တဲ့ တန်ဖိုးတွေကိုအသုံးချတတ်ဖို့တော့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော်တို့ အလကားရခဲ့တာမဟုတ်ဘူး။ ဒီလိုပေးဆပ်ခဲ့တဲ့အထဲမှာ ပြည်သူလူထုရဲ့အားကလည်းပါပါတယ်”ဟု ကိုမင်းကိုနိုင်က မှော်ဘီသို့ရောက်ရှိချိန်တွင် စောင့်ဆိုင်းနေသောပြည်သူများအားပြောကြားခဲ့ပါသည်။

“ပြည်သူတွေကိုပြောချင်တာကတော့တစ်ယောက်နဲ့တစ်ယောက်လက်တွဲမဖြုတ်ကြဖို့ အရေးကြီးပါတယ်။ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ်ပါ၊ တစ်ကယ်အလုပ်လုပ်တဲ့ လူမှန်လို့ရှိရင်လက်တွဲပေးပါ။ ပြည်သူလူထုကသာတစ်ကယ်ယုံကြည်အောင်၊ တစ်ကယ်အလုပ်လုပ်ကြပါ။ သူတို့တွေဟာ နယ်ပယ်အသီးသီးမှာ ဦးဆောင်နိုင်သူတွေကိုယ်စားပြုနိုင်သူတွေဖြစ်လာမယ်။ သူတို့တွေ နယ်ပယ်အချင်းချင်းလက်ချင်းချိတ်လိုက်ရင် တစ်ပြည်လုံးကိုချိတ်နိုင်တဲ့ ကွန်ရက်ကြီးဖြစ်သွားမယ်။ အဲဒီအခါမှာ ကျွန်တော်တို့တိုင်းပြည်ကြီးကို ကမ္ဘာ့အလယ်မှာဝင့်ထည်တဲ့ တိုင်းပြည်အဖြစ်၊ ဂုဏ်သိက္ခာရှိတဲ့တိုင်းပြည်အဖြစ် အဲဒီကွန်ရက်ကြီးနဲ့မတည်နိုင်မှာပါ။ ယုံကြည်ပါ”ဟု ကိုမင်းကိုနိုင်က ဆက်လက်ပြောကြားခဲ့ပါသည်။

ရန်ကုန်မြို့သို့ ဇန်နဝါရီလ ၁၄ ရက်နေ့ ညရှစ်နာရီကျော်အချိန်တွင် ပြန်လည်ရောက်ရှိလာခဲ့သော ကိုမင်းကိုနိုင်နှင့်အဖွဲ့သည် မြောက်ဥက္ကလာကန်သာယာလမ်းဆုံအနီး၌ ထောင်နှင့်ချီ၍ စောင့်ဆိုင်းနေသူများနှင့် မြောက်ဥက္ကလာပမယ်လမုဘုရားအနီးတွင်စောင့်ဆိုင်းနေသောပြည်သူများကိုဝင်ရောက်နှုတ်ဆက်ခဲ့ပြီး ည ၉ နာရီကျော်အချိန်၌ တောင်ဥက္ကလာပရှိမိဘများနေအိမ်သို့ရောက်ရှိခဲ့သည်။

“အခုလို ကျွန်တော့်ကို မိဘအရင်းတွေနဲ့အတူထပ်တူထပ်မျှကြိုဆိုခဲ့တယ်။ အဲဒီလိုပြည်သူလူထုတွေရှိတဲ့အတွက် ကျွန်တော်ယုံကြည်တဲ့အတွက် ဒီနေ့အထိနေနိုင်ခဲ့တာပါ။ အဲတာကိုကျေးဇူးအများကြီးတင်ပါတယ်လို့ကျွန်တော်ပြောချင်ပါတယ်။ အခုပြည်သူလူထုကြီးဟာ ကျွန်တော့်ရဲ့မိဘများရှေ့မှာ ကျွန်တော်ပြောချင်ပါတယ်။ အဲဒီပြည်သူလူထုကြီးဟာ ကျွန်တော့်ရဲ့ ဒုတိယမိဘများပါပဲ”ဟု ကိုမင်းကိုနိုင်ကနေအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် ပြည်သူများသို့ ပြောကြားခဲ့ပါသည်။

“ညနေပြန်လို့ရှိရင် မိသားစုထမင်းဝိုင်းတွေအိမ်မှာလူစုံတာမျိုးကို ကျက်သရေမရှိဘူးလားဗျာ။ တကယ်ပါ။ ဘယ်မိသားစုမဆို မိသားစုထမင်းဝိုင်းလေးတွေကို မြင်ချင်ကြမှာပါ။ နောက်ဆုံးနိုင်ငံရေး လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ ထောင်ကျကျ၊ မကျကျ အကြောင်းကြောင်းကြောင့် တိုင်းတပါးမှာ ဆင်းဆင်းရဲရဲနဲ့အသက်မွေးခဲ့ရတဲ့မိသားစုတွေအများကြီးရှိပါတယ်။ ကွဲကွာနေရတယ်။ အားလုံးကကိုယ့်မိသားစုနဲ့ ကိုယ်နွေးနွေးထွေးထွေးနေပြီးတော့ ညနေကျရင် လူစုံတဲ့အိမ် လူစုံတဲ့ ထမင်းဝိုင်းဖြစ်အောင်လို့အားလုံးဝိုင်းပြီးတော့ အလုပ်လုပ်နိုင်ကြတယ် မဟုတ်လား။ ကောင်းမွန်တဲ့ ရည်ရွယ်ချက် ယုံကြည်ချက် အဲတာတွေအားလုံးအတွက် ကျွန်တော်တို့လက်တွဲကြမယ်ဆိုရင်အဖွဲ့အစည်းအစွဲအလန်းမထားဘဲလက်တွဲမယ်။ သဘောတူပါသလား။ ဘယ်အဖွဲ့အစည်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာနဲ့ တစ်ပိုင်တစ်နိုင်ပေါ့”ဟု ကိုမင်းနိုင်က ဆက်လက်ပြောကြားခဲ့သည်။

သရက်မြို့မှ ရန်ကုန်သို့ နှစ်ရက်ကြာမြင်ခဲ့သည့် ကိုမင်းကိုနိုင်၏ အိမ်အပြန်ခရီးအဆုံးသတ်ချိန် နေအိမ်သို့ ရောက်ရှိချိန်တွင် ကိုမင်းကိုနိုင်၏ မိခင်ဖြစ်သူ ဒေါ်လှကြည်က မိသားစုတိုင်းအတွက်ဝမ်းသာကြောင်း ပြောကြားခဲ့ပါသည်။“သားလွတ်တဲ့အတွက် ဝမ်းသာတယ်ဆိုတာထက် မိသားစုတိုင်းအတွက်ဝမ်းသာတယ်။ ပီတိဖြစ်ရတယ်။ သူတို့မိသားစုတွေကတချို့အသက်တွေတော်တော်ကြီးကုန်ပြီလေ။ အဲဒီအချိန်မှာ အချိန်မီလေးတွေပြန်ရောက်လာတဲ့အတွက် ကြောင့်မိသားစုတိုင်းအတွက်ကို ဝမ်းသာပါတယ်”ဟုပြောကြားခဲ့ပါသည်။

ကိုမင်းကိုနိုင်ကို ၁၉၆၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် အဖဖြစ်သူ ဦးသက်ညွန့်နှင့် အမိဖြစ်သူ ဒေါ်လှကြည်တို့ကမွေးဖွားခဲ့ခြင်းဖြစ်ပါသည်။ မွေးချင်းလေးဦးရှိသည့်အနက် တတိယမြောက်သားဖြစ်ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ပညာသင်ယူခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာခဲ့ပါသည်။ ၁၉၈၈ အရေးအခင်းအပြီးတွင် ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခံခဲ့ပြီး ၂၀၀၄ ခုနှစ်၌ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင် ထပ်မံထိန်းသိမ်းခံရပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် တတိယအကြိမ်ထပ်မံထိန်းသိမ်းခံခဲ့ရကာ ထောင်ဒဏ် ၆၅ နှစ်ကျော်ကျခံရန်အမိန့်ချမှတ်ခံခဲ့ရပြီး ယခုလွတ်မြောက်လာခဲ့ခြင်းဖြစ်ပါသည်။

# အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနှင့်သံတမန်ဆက်ဆံရေးတွင် သံရုံးယာယီတာဝန်ခံအဆင့်မှ သံအမတ်ကြီးအဆင့်တိုးမြှင့်မည်

ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများကြောင့် အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးတွင် သံရုံးယာယီတာဝန်ခံအဆင့်မှ သံအမတ်ကြီးအဆင့် တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဦးခွန်ထွန်းဦး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် ရာနှင့်ချီသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာပြီးနောက် အမေရိကန်ပြည်ထောင်စုသမ္မတအိုဘားမားက ကြေညာချက်တစ်စောင်ကို ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ရာနှင့်ချီသောယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွှတ်ပေးရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဆုံးဖြတ်ချက်သည် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုအတွက်အရေးပါသည့် ရှေ့သို့လှမ်းသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ကျွန်တော့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်နှင့် မိမိအစိုးရအဖွဲ့အား မြန်မာပြည်သူများနှင့် အစိုးရနှင့်ယုံကြည်မှုတည်ဆောက်ရန်အတွက် နောက်ထပ်ခြေလှမ်းများလှမ်းရန် ညွှန်ကြားထားကြောင်းတို့ ပါရှိသည်။

“အမေရိကန်ပြည်ထောင်စုအစိုးရကိုကိုယ်စားပြုမယ့် အမေရိကန်သံအမတ်ကြီးအဖြစ် ဆောင်ရွက်မယ့်သင့်တော်သူတစ်ဦးကို ရွေးချယ်သွားပါမယ်”ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။

အမေရိကန်–မြန်မာသံတမန်ဆက်ဆံရေးသည် ၁၉၄၇ ခုနှစ်ကတည်းကစတင်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးထားရှိတော့ခြင်းမရှိဘဲ သံရုံးယာယီတာဝန်ခံသာ ထားရှိခဲ့သည်။

■

### မျက်နှာဖုံး "နှစ်ပေါင်း ၆၀ ကျော် အတွင်း"သတင်းမှ အဆက်

နှစ်ပေါင်း ၆၀ ကျော်အတွင်း ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့၏ ပဏာမသဘောတူညီချက် ငါးချက်ကို ဇန်နဝါရီလ ၁၂ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ဆက်လက်ဆွေးနွေးရန် မူအားဖြင့်သဘောတူညီသည့်အချက်၁၁ချက်အားလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

"ကျွန်တော်တို့ ညီအစ်ကိုတွေ တစ်ဖက်နှင့်တစ်ဖက် ရန်ဖြစ်နေခဲ့ကြတာ ၆၃ နှစ်တောင်ရှိပြီလို့ သမ္မတကြီးကပြောပါတယ်။ KNU လိုချင်တာပေးလိုက်ပါလို့ ကျွန်တော်တို့ကို သမ္မတကြီးက ကျွန်တော်တို့ကို ပြောခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးဦးခင်ရီက အစည်းအဝေးမတိုင်မီတွင်ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ကို လက်နက်စွန့်လွှတ်ဖို့ ဒီတစ်ကြိမ်မှာ သူတို့က မတောင်းဆိုပါဘူး။ တိုင်းရင်းသားလူမျိုးစုတွေအတွက် တန်းတူအခွင့်အရေးရရှိဖို့ သူတို့ဆောင်ရွက်ချင်ပါတယ်လို့ ပြောခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ ကျွန်တော်တို့ သူတို့ကိုယုံကြည်ပါတယ်"ဟု ဆွေးနွေးမှုနှင့်ပတ်သက်ပြီး KNU ဗိုလ်မှူးချုပ်စောဂျော်နီက အစည်းအဝေး မတိုင်ခင် ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ပဏာမသဘောတူညီချက်ငါးချက်မှာ (က)နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရန်ကိစ္စ။ (ခ)ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့တရားဝင်ဖွဲ့စည်းပေးရန်နှင့်ဆွေးနွေးမည့်နေ့ရက်၊အချိန်နှင့် နေရာတို့ကို ညှိနှိုင်းသတ်မှတ်ခြင်းအား ၄၅ ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်။ (ဂ) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့်သွားလာခြင်းမပြုရန်ကိစ္စ။ (ဃ)နှစ်ဖက်သဘောတူညီမှုညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ။ (င)ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ)ထားရှိရန်ကိစ္စတို့ ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် မူအားဖြင့် သဘောတူညီသည့် အချက် ၁၁ ချက်မှာ (က)တစ်ပြည်လုံးအတိုင်းအတာအားဖြင့် အပစ်အခတ်ရပ်စဲရမည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင်ဖြစ်ပွားနေသည့်စစ်ပွဲများအား ရပ်စဲပေးရန်။ (ခ) ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူပြည်သားများအဖြစ် ဘဝရပ်တည်နိုင်ရေး အာမခံရန်။ (ဂ) ပြည်သူပြည်သားများအတွင်း ယုံကြည်မှုရရှိသည့် အခြေအနေတည်ဆောက်ရန်။ (ဃ)အခြေခံ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးရေးနှင့် ဒေသဆိုင်ရာ လူထုနှင့်အတိုင်ပင်ခံပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အထောက်အကူပေးရန်။ (င) နိုင်ငံတော်သတင်းမီဒီယာများအား ငြိမ်းချမ်းရေးလမ်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်စေရန်နှင့် အခြားသတင်းမီဒီယာများအား တိကျသောငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက်များရယူခွင့်ပြုရန်။ (စ)အတင်းအဓမ္မလုပ်အားခိုင်းစေခြင်း၊ ပုံစံမျိုးစုံဖြင့်ငွေကြေးတောင်းခံခြင်း၊ ပေးကမ်းလှူဒါန်းခိုင်းခြင်း၊ အခြားသောနည်းလမ်းဖြင့်ငွေကြေးကူညီစေခြင်းများမပြုလုပ်ရန်။ (ဆ)အကျဉ်းသားများလွှတ်ပေးရန်၊ ပြည်သူပြည်သားများအားဘဝပြန်လည်ထူထောင်ရေးနှင့်ပြည်သူပြည်သားများ၏မြေယာကိစ္စများအားဖြေရှင်းပေးရန်။ (ဇ) နှစ်ဖက်စလုံးငြိမ်းချမ်းရေးပြောဆိုမှုများနှင့် နည်းလမ်းများအား အကျိုးဆောင်ပံ့ပိုးကြရန်။ (ဈ) စေ့စပ်ညှိနှိုင်းမှုစားပွဲဝိုင်းတွင်ပါဝင်သည့်ကိုယ်စားလှယ်များ တရားဝင်မှုရှိစေရန်၊ သက်ဆိုင်သည့် နယ်မြေများရှိ ပြည်သူများနှင့်လုံလောက်သည့် ညှိနှိုင်းတိုင်ပင်မှုပြုချိန်ရရှိရန်နှင့် ဖြစ်စဉ်အားပြင်ပမှကူညီပံ့ပိုးသူများအကြား ရှင်းလင်းသည့် အခန်းကဏ္ဍများထားရှိရန်။ (ည) ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် စောင့်ကြည့်စစ်ဆေးခြင်း၊ စိစစ်အတည်ပြုခြင်းနှင့် တည့်မတ်မှန်ကန်အောင် အစီအစဉ်လုပ်ဆောင်မှုများစတင်ရန်။ (ဋ)နှစ်ဖက်လုံးမှ တည်မြဲသည့် ငြိမ်းချမ်းရေးသို့ ရှေးရှုသည့် လုပ်ဆောင်မှုများတိုးတက်ဖြစ်ပေါ်စေနိုင်ရန် အာမခံမှုရှိသည့်၊ ပျော့ပြောင်းညင်သာသည့် လုပ်ငန်းစဉ်များထားရှိရန်၊ နှစ်ဘက်စလုံးအပေါ် သတိမဲ့ခွင့်ပြုလိုက်လျော့သည့်၊လိုသလိုအနက်အဓိပ္ပာယ်ကောက်ယူနိုင်သော ဝေါဟာရအသုံးအနှုန်းများမပါရှိစေရေးကို လုပ်ကိုင်ရန်တို့ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်ပဒိုစောဒေးဗစ်ထော၊ဗိုလ်မှူးချုပ်စောဂျော်နီနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

ဤကဲ့သို့ ပဏာမအဆင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ နှစ်ဖက်နားလည်မှုတည်ဆောက်နေချိန်တွင် ဆက်စပ်လျက်ရှိသည့် မိမိတပ်စခန်းများနှင့်လှုပ်ရှားစစ်ကြောင်းအသီးသီးတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အား နိုင်ငံတော်သမ္မတရုံးမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ဇန်နဝါရီလ ၁၃ ရက်နေ့ရက်စွဲဖြင့် ပေးပို့ထားကြောင်း ဇန်နဝါရီလ၁၄ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။



**ပဏာမအဆင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ နှစ်ဖက်နားလည်မှုတည်ဆောက်နေချိန်တွင် ဆက်စပ်လျက်ရှိသည့် မိမိတပ်စခန်းများနှင့် လှုပ်ရှားစစ်ကြောင်းအသီးသီးတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားရန်**

#### ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ သမိုင်းအကျဉ်း

- ကရင်အမျိုးသားအစည်းအရုံး (Karen National Union-KNU) ၏ လက်နက်ကိုင်တပ်မှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ဖြစ်သည်။ KNLA သည် ယခင်က KNDO (Karen National Defense Organization) ကို ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။
- ကရင်အမျိုးသားညီလာခံတွင် တောင်းဆိုခဲ့သည့် အချက်များကို ဒေါ်နင်းလမ်းမှ အကြောင်းပြန်ခြင်း မပြုခဲ့။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို သပိတ်မှောက်။ အဖွဲ့အတွင်း ရွေးကောက်ပွဲဝင်လိုသူနှင့် မဝင်လိုသူများ သဘောထားကွဲခဲ့။
- ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့တွင် KNDO (ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်) ကို ဖွဲ့စည်း။ စစ်ဦးစီးချုပ်အဖြစ် မန်းဘဇံမှ တာဝန်ယူခဲ့။
- ၁၉၄၉ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် ရန်ကုန်ခဝဲခြံရှိ KNDO တပ်များကို ဖဆပလအစိုးရ၏ လက်နက်ကိုင်တပ် စစ်ရဲတပ်ရင်း ၂၁က ဝင်ရောက်တိုက်ခိုက်ရာမှ ပထမဆုံးတိုက်ပွဲ စတင်ခဲ့။
- ၁၉၆၉ခုနှစ်တွင် တပ်မတော်မှ ဖြတ်လေးဖြတ်ဖြင့် မြစ်ဝကျွန်းပေါ်သို့ စစ်ဆင်ရေးပြုလုပ်။ မြောင်းမြနှင့် ဝါးခယ်မဘက်သို့ ကရင်တပ်များပြောင်းရွှေ့။ အရှေ့တိုင်းပဲခူးရိုးမရှိ ဗိုလ်ချုပ်စောဘိုမြ၊ ဗိုလ်ချုပ်ရွှေဆိုင်း၊ ဗိုလ်မှူးကြီး ကစယ်ဒိုနှင့် ဖဒိုသာပြည့်တို့ KNUP မှ ခွဲထွက်။ KNUP အား အလုပ်သမားပါတီအဖြစ် ထူထောင်လိုသူ ဗိုလ်ချုပ်စောကျော်မြသန်းနှင့် အမျိုးသားရေးပါတီအဖြစ် ရပ်တည်လိုသော မန်းဘဇံတို့အကြား သဘောတရားရေးငြင်းခုန်မှုများ ဖြစ်ပေါ်။ မန်းဘဇံနှင့်အခြားခေါင်းဆောင်များက KNUP မှ ခွဲထွက်မည်ဖြစ်သကဲ့သို့ ဗိုလ်ချုပ်စောဘိုမြကလည်း သူဦးဆောင်ဖွဲ့စည်းထားသည့် KNLC ကို ဖျက်သိမ်း။ ထို့နောက် ကရင်အမျိုးသားညီညွတ်ရေးတပ်ဦး KNUF ဖွဲ့စည်းရန်သဘောတူညီခဲ့။ KNUP ကိုပါ ထပ်မံဖျက်သိမ်းခဲ့ပြီး KNU ကရင့်အမျိုးသား အစည်းအရုံးဟု ပြောင်းလဲခဲ့။
- တပ်မတော်မှ ရွှေလင်းယုန်စစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေးများပြုလုပ်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသသို့ ထိုးစစ်ပြုလုပ်လာသည့်အတွက် KNU အဖွဲ့ မြစ်ဝကျွန်းပေါ်ဒေသမှ ဆုတ်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ပဲခူးရိုးမသို့ ပြောင်းရွှေ့။
- ၁၉၇၅ခုနှစ်တွင် ပဲခူးရိုးမမှ ဖာပွန်ခရိုင်သို့ KNU တပ်များဆုတ်ခွာ။ ၁၉၈၁ခုနှစ်တွင် KNU ၏ ၁၁ကြိမ်မြောက် ကွန်ဂရက်ကို မာနယ်ပလော၌ ပြုလုပ်ခဲ့ပြီး ဗိုလ်ချုပ်ကျော်သောင်းကို KNDO ၏ စစ်ဦးစီးချုပ်အဖြစ်ခန့်အပ်။
- ၁၉၉၅ခုနှစ်တွင် ဝမ်းခစခန်းကျဆုံးခဲ့ပြီး ဒူးပလာယာခရိုင်သို့ ပြောင်းရွှေ့။
- ၁၉၉၅ခုနှစ်တွင်ပင် KNU ၏ မာနယ်ပလောဌာနချုပ်ကို လက်လွှတ်ခဲ့ရပြီးနောက် အင်အားနည်းလာ။
- ၁၉၉၅ခုနှစ် ဇန်နဝါရီလတွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ (DKBA) အဖွဲ့ က KNU မှ ခွဲထွက်ပြီး တပ်မတော်နှင့် ပူးပေါင်းခဲ့။
- ၂၀၀၄ခုနှစ် ၁၅ရက်နေ့တွင် ဗိုလ်ချုပ်ကြီး စောဘိုမြ ဦးဆောင်သော KNU အဖွဲ့ဝင် ၂၀ဦး ရန်ကုန်မြို့သို့ ရောက်ရှိခဲ့။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့။
- ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ဗိုလ်ချုပ်ကြီး စောဘိုမြကွယ်လွန်။
- ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် ဗိုလ်ချုပ်ထိန်မောင် ခေါင်းဆောင်သည့်အဖွဲ့ KNU တပ်မဟာ ၇မှ ခွဲထွက်လိုက်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးရယူခဲ့၊ ထိုနောက် KNU-KNLA ငြိမ်းချမ်းရေးကောင်စီကို ဖွဲ့စည်း။
- ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် KNU ၏ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ ထိုင်းနိုင်ငံ မဲဆောက်ရှိ နေအိမ်၌ သေနတ်ဖြင့်လုပ်ကြံခံရ။
- ၂၀၀၉ခုနှစ် ဇွန်လ ၂၁ရက်နေ့တွင် KNU ၏အဓိကကျသော တပ်မဟာ ၇ကို တပ်မတော်နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်ဖွဲ့ (DKBA)တို့၏ ပူးပေါင်းတပ်များက သိမ်းယူခဲ့။




## လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

### လွှတ်ပေးသင့်လွှတ်ပေးထိုက်သူများကို စိစစ်ပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား

နိုင်ငံတော်သမ္မတက နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၀ လတာ ကာလအတွင်း အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားသော ကိုယ်ချင်းစာစိတ်များ၊ အကျဉ်းသားတို့၏ မိသားစုများကို ငဲ့ညာသောစေတနာများဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်း မည်သည့်လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လွှတ်ပေးသင့်လွှတ်ပေးထိုက်သူများကို စိစစ်ပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဇန်နဝါရီလ ၁၄ ရက်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတင်ပြခဲ့သည့်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၆၀၄ ဦးစာရင်းကို အတည်ယူပြီး လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ၁၂၈ ဦးကိုဆက်လက်ထိန်းသိမ်းထားကြောင်း၊ အဆိုပါအထဲတွင် တာလီဘန်နှင့် ဆက်နွှယ်နေသည့် ၁၃ ဦးလည်း ပါဝင်ကြောင်း၊ ဖဒိုမန်းငြိမ်းမောင်နှင့် ပတ်သက်ပြီးတရားဥပဒေအရအရေးယူနိုင်ရန်ဆောင်ရွက်နေကြောင်း၊ယခုလွှတ်ပေးခဲ့သူများသည် နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်လုံခြုံရေးကို အန္တရာယ်မပေးနိုင်သည့်သူများဖြစ်ကြောင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုကထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ထုတ်ပြန်ကြေညာခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သူ ၆၅၁ ဦးအနက် အကျဉ်းသား ၆၂၂ ဦး၊ အကျဉ်းသူ ၂၉ ဦးဖြစ်သည်။

ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသင်းအဖွဲ့အချို့မှ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသည်ဆိုသူများအားလွှတ်ပေးရန် အမည်စာရင်းများ အသီးသီးပေးပို့တင်ပြတောင်းဆိုခဲ့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စိစစ်တင်ပြထားသော အင်အား ၆၀၄ ဦးစာရင်းအား စိစစ်၍ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာရင်းတွင် အင်အား ၆၀၄ ဦးတင်ပြတောင်းဆိုထားသော်လည်း လက်ရှိအကျဉ်းကျခံနေရသူ ၄၂၁ ဦး၊ အချုပ်သား ၉ ဦး၊ ပေါင်း ၄၃၀ ဦးသာရှိပြီး ၁၀၇ ဦးမှာ လွတ်ငြိမ်းချမ်းသာခွင့်အသီးသီးဖြင့် ရက်စေ့၍ လွတ်မြောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၁၃ ဦးမှာ အမည်ထပ်နေပြီး ၅၁ ဦးမှာ အချက်အလက် မပြည့်စုံသဖြင့် စိစစ်မရကြောင်း၊ သေဆုံးသူတစ်ဦး၊ သာသနာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သူနှစ်ဦးရှိခဲ့ကြောင်း၊ အဆိုပါလက်ရှိအကျဉ်းကျနေသူ ၄၃၀ ဦးမှ ၃၀၂ ဦးအား နိုင်ငံတော်တည်ငြိမ်ရေးနှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များတွင်ပါဝင်နိုင်ရန် လွတ်ငြိမ်းချမ်းသာခွင့် ခွင့်ပြုပေးခဲ့ပြီး ၁၂၈ ဦးမှာမူ ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်ထားသူများဖြစ်သဖြင့် လွတ်ငြိမ်းချမ်းသာခွင့်၏ ရည်ရွယ်ချက်နှင့် အကျုံးမဝင်သောကြောင့် တရားဥပဒေစိုးမိုးရေးအတွက်အလို့ငှာ ဆက်လက်ထိန်းသိမ်းထားခြင်းဖြစ်ကြောင်းသိရသည်။ ယင်းစာရင်းတွင် ပါရှိသော အကျဉ်းသားအကျဉ်းသူ ၃၀၂ ဦးနှင့် အခြားအကျဉ်းသား ၃၄၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ စုစုပေါင်း အကျဉ်းသားအကျဉ်းသူ ၆၅၁ ဦး တို့ကို သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

## မူဆယ် ၁၀၅ မိုင်သို့ ရေထွက်ပစ္စည်းတင် ဟိုင်းလပ်ကားများ တန်ပိုကန့်သတ်ချက်ကြောင့် အခက်အခဲကြုံနေ

ကုန်တင်ကားများအား အာဆီယံစံနှုန်းနှင့်အညီ ကုန်တင်ရမည်ဟု ထုတ်ပြန်ချက်များကြောင့် မူဆယ် ၁၀၅ မိုင်သို့သွားသော ရေထွက်ကုန်ပစ္စည်းတင်ဟိုင်းလပ်ကားများလည်း အခက်ကြုံနေရကြောင်း သိရသည်။

"ကုန်တင်ကားတွေကိုအာဆီယံစံနှုန်းနဲ့ကုန်တင်ရမယ်ဆိုပြီး ကန့်သတ်ထားပြီးနောက်ပိုင်း မူဆယ် ၁၀၅ မိုင်မှာ နေ့စဉ်လိုလိုကားလမ်းကြောင်းတွေပိတ်နေပါတယ်။ အထူးသဖြင့် အဲဒီလိုဖြစ်နေတဲ့အတွက် ကုန်စည်စီးဆင်းမှုကိုလည်း အနှောင့်အယှက်ဖြစ်စေတဲ့အတွက် ဌာနဆိုင်ရာကိုလည်းတင်ပြထားပါတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့သည်။

"အဓိကအားဖြင့် ဖရဲသီးကားတွေများတဲ့ ဒီရာသီမှာကားတွေက ကုန်အပြည့်မတင်ရတော့ ကားအစီးရေများလာတယ်။ ကားခတွေကတက်တယ်။ အခုဆိုဂဏန်းတို့၊ ငါးရှဉ့်တို့တင်တဲ့လူတွေက ဟိုက်လစ်နဲ့ပြောင်းတင်တယ်။ ဒါပေမဲ့ ကုန်ရောယာဉ်ရောမှ နှစ်တန်လောက်ပဲခွင့်ပြုတာ။ ဟိုင်းလပ်က ကုန်မပါဘဲယာဉ်တင်နှစ်တန်လောက်ရှိတယ်။ ငါးရှဉ့်သမားတွေ၊ ဂဏန်းသမားတွေက သက်ဆိုင်ရာဝန်ကြီးဌာနကို စာတင်ထားတယ်လို့သိရတယ်။ အဓိကကတော့ ဖြေလျှော့ပေးစေချင်တာ"ဟု နယ်စပ်မှစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရ သိရှိရပါသည်။

"တကယ်တမ်း ခွင့်ပြုပေးတာက ယာဉ်နဲ့ကုန်နဲ့ပေါင်းပြီးနှစ်တန်ခွင့်ပြုပေးတယ်။ ဒါထက်ကျော်ရင် ဒဏ်ရိုက်တယ်။ ဒဏ်ကြေးက ဆယ်ဆရှိတယ်။ အခုဂဏန်းအသင်းနဲ့ ငါးရှဉ့်အသင်းက သက်ဆိုင်ရာကို ခွင့်တောင်းထားတယ်။ ၃ ဒသမ ၅ တန်အထိတင်ခွင့်ပြုဖို့၊ နောက်တစ်ခုက စစ်ဆေးတဲ့အခါမှာ ဒဏ်ရိုက်မယ်ဆိုရင် ကတ္တားတက်ခိုင်းတာရှိတယ်။ အဲဒီမှာစောင့်ရတာတော်တော်လေးကြာပါတယ်"ဟု ရေလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

## စက္ကူနှင့်စာရေးကိရိယာမျိုးစုံအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှုကို တိုင်းဒေသကြီးရုံးခွဲတွင်ပါလက်ခံဆောင်ရွက်

စက္ကူနှင့်စာရေးကိရိယာမျိုးစုံ၊ ပလပ်စတစ်ပစ္စည်းမျိုးစုံ၊ ထုပ်ပိုးပစ္စည်းမျိုးစုံ၊ တိရစ္ဆာန်အစာမျိုးစုံ၊ ဆေး၊ ဆေးပစ္စည်း၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးတို့အတွက်သွင်းကုန်လိုင်စင်လျှောက်ထားမှုအား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ နေပြည်တော်တွင်သာမက ရန်ကုန်တိုင်းဒေသကြီးရုံးခွဲများတွင်ပါလက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းစီးပွား/ကူးသန်းဝန်ကြီးဌာနမှ ရရှိသောသတင်းများအရ သိရှိရသည်။

"များသောအားဖြင့်တော့ လိုင်စင်တွေကရန်ကုန်မှာလုပ်ပေးတာများတယ်။ နေပြည်တော်မှာတော့တချို့ပစ္စည်းတွေပေးတယ်။ ဥပမာ မော်တော်ကားလိုမျိုး၊ စားသောက်ကုန်လိုမျိုး၊ နယ်စပ်ကတော့ နယ်စပ်မှာပဲပေးပါတယ်။ ဒါပေမဲ့ လိုင်စင်ဈေးနှုန်းကျတော့ နယ်စပ်ဈေးကပိုတယ်။ အမျိုးအစားတူ၊ Brand တူပဲ။ နေပြည်တော်ကကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာက သတ်မှတ်တဲ့ဈေးကသက်သာတယ်။ နယ်စပ်က နည်းနည်းများတယ်"ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောပြခဲ့သည်။

## နယ်စပ်ဒေသရှိ လုပ်ငန်းရှင်များတွေ့ကြုံရသည့်အခက်အခဲများအားတင်ပြပေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များမှ ကုန်သည်ကြီးများအားအသိပေးထား




မကြာခင်ကပိတ်သိမ်းခဲ့သော ရေပူဂိတ်စခန်းအားတွေ့ရစဉ်

နယ်စပ်ဒေသရှိကုန်သည်လုပ်ငန်းရှင်များတွေ့ကြုံနေရသည့်အခက်အခဲများအားတင်ပြပေးရန်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များမှ ကုန်သည်ကြီးများအားအသိပေးထားကြောင်း မူဆယ်–နမ့်ခမ်းကုန်သည်များအသင်းမှရရှိသောသတင်းများအရ သိရသည်။

"အခုကျွန်တော်တို့ တရုတ်–မြန်မာနယ်စပ်မှာရှိတဲ့ မူဆယ်–နမ့်ခမ်းကုန်သည်များအသင်းကို ဖိတ်ပြီး ရန်ကုန်ကပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှာအစည်းအဝေးလုပ်ပါတယ်။ ဒီအထဲမှာ တရုတ်နယ်စပ် မူဆယ်ကလုပ်ငန်းရှင်တွေတင်မကပါဘူး။ မြဝတီဘက်ကတာဝန်ရှိသူတွေလည်းပါပါတယ်။ အဓိကအားဖြင့်တော့ ကုန်စည်စီးဆင်းမှုလွယ်ကူစေဖို့အတွက် လိုအပ်တာတွေကိုဖြေလျှော့ပေးနိုင်ဖို့ဆွေးနွေးကြတာပါ။ ကျွန်တော်တို့ဘက်ကတွေ့ကြုံနေရတဲ့အခက်အခဲတွေကိုဖြေရှင်းပေးဖို့အတွက် ပြောဆိုဆွေးနွေးကြတာပါ"ဟု မူဆယ်နမ့်ခမ်းကုန်သည်များအသင်းဒုတိယဥက္ကဋ္ဌ(၂)ဦးဒွေးဦးကပြောပြခဲ့သည်။

**တရုတ်နယ်စပ် မူဆယ်ကလုပ်ငန်းရှင်တွေတင်မကပါဘူး။ မြဝတီဘက်ကတာဝန်ရှိသူတွေလည်းပါပါတယ်။ အဓိကအားဖြင့်တော့ ကုန်စည်စီးဆင်းမှုလွယ်ကူစေဖို့အတွက် လိုအပ်တာတွေကိုပြေလျှော့ပေးနိုင်ဖို့ဆွေးနွေးကြတာပါ။ ကျွန်တော်တို့ဘက်ကတွေ့ကြုံနေရတဲ့ အခက်အခဲတွေကိုဖြေရှင်းပေးဖို့အတွက်ပြောဆိုဆွေးနွေးကြတာပါ . . .**

"ဒီနေ့ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှာ ကုန်သွယ်မှုဆိုင်ရာအတားအဆီးတွေနဲ့ပတ်သက်ပြီးတင်ပြဖို့ Task Force ဖွဲ့ဖို့ဆိုပြီး နယ်စပ်ကုန်သည်ကြီးများအသင်းတွေကိုဖိတ်ထားတယ်။ တွေ့ကြုံတဲ့အခက်အခဲတွေပြောလို့ရတယ်။ အခုကလိုင်စင်ကတော့ လွယ်သွားပြီ။ ကျန်တဲ့အတားအဆီးလေးတွေရှိနေတာလျှော့ချပေးနိုင်ဖို့အတွက်ပါ"ဟု RUMFCCI မှ တာဝန်ရှိသူတစ်ဦးကပြောပြခဲ့ပါသည်။

အလားတူ မြန်မာ–တရုတ်နယ်စပ်မူဆယ် ၁၀၅ မိုင်ကုန်သည်ရေးဇုန်သို့သွားသောကုန်တင်ကားများအားစစ်ဆေးပေးနေသည့်ဂိတ်တစ်ခုဖြစ်သောရေပူဂိတ်အား ယခုလဆန်းပိုင်းက ပိတ်သိမ်းလိုက်ကြောင်း သတင်းရရှိပါသည်။

"တရုတ်–မြန်မာနယ်စပ်မူဆယ်ကိုလာရင်လမ်းမှာဖြတ်ရတဲ့ဂိတ်တစ်ခုရှိတယ်။ ရေပူဂိတ်လို့ခေါ်တယ်။ ပြီးခဲ့တဲ့အပတ်ကပဲရေပူဂိတ်ကိုပိတ်လိုက်တယ်။ အဓိကကတော့ ကုန်သွယ်မှုလုပ်ငန်းတွေလွယ်ကူချောမွေ့ဖို့အတွက်ပိတ်လိုက်တာလို့ပြောတယ်။ အခုတော့ လုံခြုံရေးအရစစ်ဆေးတာမျိုးပဲရှိတယ်။ ကုန်ပစ္စည်းကိုစစ်ဆေးတာမျိုးမရှိတော့ပါဘူး"ဟု နယ်စပ်မှပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောပြခဲ့သည်။

"အခုလိုပိတ်လိုက်တော့ ကုန်စည်စီးဆင်းမှုအတွက်ပိုပြီးလွယ်ကူသွားတယ်။ အခါတိုင်းဆိုတချို့ပစ္စည်းတွေကမသက်ဘူးဆိုရင် ပြန်ချတာမျိုးရှိတယ်။ အခု အချိန်သိပ်မကုန်တော့ဘူး။ အခြားအတားအဆီးတွေလည်းသိပ်မရှိတော့ပါဘူး"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောပြခဲ့သည်။

***အငယ်တွေး***



ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသုံးပိုက်လုံးကို သယ်ဆောင်လာသည့်ကားတစ်စီးကို ကြယ်ခေါင်တွင်တွေ့ရစဉ်

*မျက်နှာဖုံးသတင်း "တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်တရားဝင်မြှုပ်နှံထားမှု . . ."မှအဆက်*

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်မြှုပ်နှံထားမှုမှာ အမေရိကန်ဒေါ်လာ ၁၄ ဘီလျံနီးပါးအထိရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏ၏ ၃၅ ရာခိုင်နှုန်းအထိရှိကြောင်း ထုတ်ပြန်ထားချက်များအရ သိရသည်။

မြန်မာနိုင်ငံ၏လျှပ်စစ်စွမ်းအားကဏ္ဍတွင်နောက်ဆုံးမြှုပ်နှံထားသည့်ပမာဏမှာ အမေရိကန်ဒေါ်လာလေးဘီလျံကျော်ဖြစ်ပြီး ၂၀၁၁ ခုနှစ်နိုဝင်ဘာလအတွင်းက လာရောက်မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄ ဘီလျံနီးပါးမြှုပ်နှံထားသည်ဟုဆိုသော်လည်း လျှပ်စစ်စွမ်းအားကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် သတ္တုတူးဖော်ရေးကဏ္ဍများတွင်သာအများဆုံးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များ၌ မြှုပ်နှံထားသည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများထဲတွင် တရုတ်နိုင်ငံ၏မြှုပ်နှံမှုအများဆုံးပါဝင်ကြောင်းလည်း သိရသည်။

"ကချင်မှာတော့ ကျောက်စိမ်းထုတ်တယ်၊ သစ်ထုတ်တယ်။ ရခိုင်မှာတော့ ရေနံနဲ့သဘာဝဓာတ်ငွေ့၊ အခြားဒေသမှာတော့ သတ္တုတူးဖော်ရေးလုပ်တယ်။ နိုင်ငံနေရာတော်တော်များများမှာတော့ ရေအားလျှပ်စစ်စီမံကိန်းတွေ အဓိကမြှုပ်နှံထားတယ်။ လက်ရှိ တရားဝင်ထုတ်ပြန်ထားချက်အရတော့ တရုတ်နိုင်ငံရဲ့မြှုပ်နှံမှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းရဲ့ ၃၄ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ နိုင်ငံပေါင်း ၃၀ ကျော်မြှုပ်နှံထားတဲ့အထဲမှာပေါ့"ဟု RUMFCCI မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်မြှုပ်နှံရာ၌ ၂၀၀၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁ ဘီလျံဝန်းကျင်နှင့် ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်သုံးနှစ်အတွင်းအမေရိကန်ဒေါ်လာ ၁၂ ဘီလျံကျော် ၁၃ ဘီလျံနီးပါးအလုံးအရင်းဖြင့်မြှုပ်နှံခဲ့ခြင်းဖြစ်သည်။

"တရုတ်အနေနဲ့သုံးနှစ်အတွင်းမှာအလုံးအရင်းနဲ့မြှုပ်နှံပြီး ၁၄ ဘီလျံနီးပါးဖြစ်သွားတာပါ။ ၂၀၀၉ ခုနှစ်မကုန်ခင်အထိ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ နံပါတ်လေးအဆင့်ပဲရှိနေသေးတာ။ အခုတော့ သုံးနှစ်အတွင်းမှာ ထိုင်းကိုပါကျော်တက်ပြီးနံပါတ်တစ်ဖြစ်သွားတာပေါ့"ဟု ၎င်းကရှင်းပြခဲ့ပါသည်။

***မာန်သူရှိန်၊ ချမ်းမြေ့သူ***

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့်ထိပ်ဆုံးနိုင်ငံများ(အမေရိကန်ဒေါ်လာ၊ သန်း)**

| အချိန် | မြှုပ်နှံမှုပမာဏ |
|---|---|
| ၃၁-၇-၂၀၀၉ | ၁၃၃၃၁.၄၃၉ |
| ၃၁-၃-၂၀၁၀ | ၆၃၆၄.၃၄၉ |
| ၃၁-၇-၂၀၁၀ | ၆၄၁၅.၀၅၈ |
| ၃၁-၁-၂၀၁၁ | ၉၆၀၃.၁၆၈ |
| ၃၀-၄-၂၀၁၁ | ၉၆၀၃.၁၆၈ |
| ၃၁-၈-၂၀၁၁ | ၉၆၀၃.၁၆၈ |
| ၃၀-၁၁-၂၀၁၁ | ၁၃၉၄၇.၁၄၆ |

## အထည်ချုပ်စက်ရုံသစ်ဖွင့်လှစ်မှုများရှိလာသော်လည်း စက်ရုံတစ်ရုံချင်းစီအလိုက် အမှာစာရရှိမှုပုံမှန်ရှိ

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း အထည်ချုပ်စက်ရုံသစ်ဖွင့်လှစ်မှုများရှိလာသော်လည်း စက်ရုံတစ်ရုံချင်းစီအလိုက် အမှာစာရရှိမှု သိသိသာသာပြောင်းလဲသွားခြင်းမရှိကြောင်း စုံစမ်းသိရှိရသည်။

ပြည်တွင်း အထည်ချုပ်လုပ်ငန်းများသို့ ကိုရီးယား၊ ဂျပန်၊ ဥရောပနှင့် တောင်အာဖရိကနိုင်ငံများမှ အပ်ထည်များ အမှာစာရရှိမှုရှိပြီး ထပ်မံအသစ်ဖွင့်လှစ်လိုက်သည့် စက်ရုံများမှာ ဥရောပဘက်မှအပ်ထည်များကိုလက်ခံရရှိကြောင်း သိရှိရပါသည်။

"အပ်ထည်တွေကတော့ ပုံမှန်အတိုင်း အလုပ်ဖြစ်နေတာပါပဲ။ အလျှော့သိပ်မရှိသလို တိုးပြီးရလာတယ်လည်း မရှိပါဘူး။ အထည်ချုပ်လုပ်ငန်းတွေ တိုးလာတယ်၊ ကောင်းလာတယ်ပြောပေမယ့် အရင် EU order သိသိသာသာမရကြသေးပါဘူး။ ရွှေပေါက္ကံတို့၊ မင်္ဂလာဒုံတို့ဘက်မှာ စက်ရုံအသစ်တွေဖွင့်တာတော့ တွေ့ရတယ်။ အဲ့ဒီစက်ရုံတွေကတော့ EU ဘက်က အပ်ထည်တွေလက်ခံတယ်"ဟု ဒေဝူးအထည်ချုပ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ပါသည်။

ဥရောပနိုင်ငံများမှ အမှာစာအနေဖြင့် စပိန်၊ ဂျာမနီနှင့် အီတလီနိုင်ငံများမှအပ်ထည်များကို လက်ခံရရှိကြောင်း၊ ယခုနှစ်အတွင်း အထည်ချုပ် စက်ရုံအသစ် ငါးရုံခန့်ဖွင့်လှစ်ခဲ့ကြောင်းနှင့် ပုံမှန်အပ်ထည်များသာ လက်ခံရရှိနေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ပါသည်။

"အသင်းမှာ အဖွဲ့ဝင်ထားတဲ့ စက်ရုံပေါင်းက ၂၂၆ ရုံရှိတယ်။ စက်ရုံအားလုံးက ပုံမှန်အတိုင်းသွားနေတာပါပဲ။ သိပ်ပြီးအလုပ်ဖြစ်လှတယ်လည်းမဟုတ်ပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။

ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအနေဖြင့် ဇွန်လမှ စက်တင်ဘာလအထိ လေးလမှာအပ်ထည်များများရရှိသည့်ကာလဖြစ်ပြီး ကျန်လများတွင် အပ်ထည်ရရှိမှုနည်းပါးကြောင်း သိရှိရသည်။

# ပြည်တွင်းဆန်စပါးသုတေသန လုပ်ငန်းများအတွက် IMF မှအကူအညီပေးမည်

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund- IMF)မှ ပြည်တွင်းဆန်စပါးသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးလုပ်ငန်းရပ်များနှင့်ပတ်သက်၍ အကူအညီပေးလိုကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းနှင့်ပဲလုပ်ငန်းအသင်းမှတာဝန်ရှိသူများနှင့် ဇန်နဝါရီလ ၁၁ ရက်နေ့ တွေ့ဆုံစဉ်တွင် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် IMF မှ တောင်သူများ၏ စိုက်ပျိုးကုန်ကျငွေ၊ ဓါတ်မြေဩဇာသုံးစွဲမှုအခြေအနေ၊ စပါးအထွက်နှုန်း၊ ဈေးနှုန်းရရှိမှုအခြေအနေ၊ နိုင်ငံတော်နှင့် အထူးပြုကုမ္ပဏီများမှပံ့ပိုးပေးနေမှုများနှင့်ပတ်သက်၍ဖြစ်ပေါ်နေသည့်အခြေအနေများအတိုင်းသိရှိလိုကြောင်းလည်း ပြောကြားခဲ့သည်ဟု သိရသည်။

"၁၁ ရက်နေ့တွေ့ဆုံချိန်မှာ IMF က statistical report ထွက်ရှိဖို့ ဆန်စပါးနဲ့ပတ်သက်ပြီး သုတေသနလုပ်ငန်းရှိ၊ မရှိကိုမေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့က အသင်းအနေနဲ့ တောင်သူလယ်သမားတွေရဲ့ ပကတိအခြေအနေနဲ့ လယ်ယာစီးပွား အခြေအနေမှန်ကိုသိရှိဖို့ တိုင်းနဲ့ ပြည်နယ်ခုနစ်ခု၊ မြို့နယ် ၅၇ မြို့နယ်မှာ တောင်သူ ၅၀၀၀ နီးပါးကို Multistage Random Sampling နဲ့ စစ်တမ်းကောက်ယူနေပြီး report ထွက်ရင် IMF ကို ပေးသွားမှာပါ။ IMF အနေနဲ့လည်း သုတေသနလုပ်ငန်းဆောင်ရွက်ရေးအတွက် အကူအညီပေးမယ်လို့ပြောကြားခဲ့ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဒေါက်တာစိုးထွန်းက ပြောကြားခဲ့ပါသည်။

အထူးပြုကုမ္ပဏီများ၏ အခြေအနေနှင့်ဘဏ်လုပ်ငန်းစနစ်နှင့် ငွေကြေးဈေးကွက်အကြောင်းများလည်း ဆွေးနွေးခဲ့သည်။

*မျက်နှာဖုံးသတင်း "မြန်မာနိုင်ငံတွင် နှုန်းထားအမျိုးမျိုးဖြစ်ပေါ်နေသော ငွေလဲနှုန်း. . . "မှအဆက်*

မြန်မာနိုင်ငံတွင်နှုန်းထားအမျိုးမျိုးဖြစ်ပေါ်လျက်ရှိသောငွေလဲနှုန်းကိုနှုန်းထားတစ်မျိုးတည်းအဖြစ်ယခုနှစ်အတွင်းပေါင်းစည်းသွားမည်ဖြစ်ပြီး ငွေလဲနှုန်းကိုနှုန်းရှင်အဖြစ်ထားရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးအသိုင်းအဝိုင်းထံမှ သတင်းရရှိပါသည်။

မြန်မာနိုင်ငံ၏ငွေလဲနှုန်းတစ်မျိုးတည်းပေါင်းစည်းရေးကိစ္စနှင့် ငွေလဲနှုန်းထားပြောင်းလဲရန်ကိစ္စများကို ကူညီဆောင်ရွက်ပေးရန်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်များရောက်ရှိလျက်ရှိပြီး ၂၀၁၁ ခုနှစ်အောက်တိုဘာလတွင်ပထမအကြိမ်လာရောက်ခဲ့ကြောင်း သိရပါသည်။

နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင်ဦးမြင့်က "ငွေလဲနှုန်းကိစ္စဆွေးနွေးနေတယ်။ ငွေလဲနှုန်းတစ်မျိုးတည်းပေါင်းစည်းရေးကိစ္စအရင်လုပ်နေတယ်။ပေါင်းစည်းတာကတော့ဒီနှစ်ထဲဖြစ်နိုင်ပါတယ်။ ငွေလဲနှုန်းပြုပြင်ပြောင်းလဲဖို့ကတော့ အချိန်နည်းနည်းယူရမယ်။ ဥပဒေပိုင်းရော မူဝါဒပိုင်း၊ မက်ခရိုစီးပွားရေးပတ်ဝန်းကျင်တစ်ခုလုံးပြန်ပြင်ဆင်ဖို့လိုတာကြောင့် လာမယ့်ဘဏ္ဍာရေးနှစ်လယ်ပိုင်းလောက်ထိ လုပ်နိုင်ဦးမယ်မထင်ဘူး။ ပြောင်းလဲချိန်မှာတော့နှုန်းထားကနှုန်းရှင်ပဲဖြစ်မှာပါ" ဟု ပြောကြားပါသည်။

ငွေလဲနှုန်း ပြုပြင်ပြောင်းလဲရန်အတွက် ၂၀၁၁ ခုနှစ် ဖွန်လမှစတင်ကာစီးပွားရေးပညာရှင်ဦးမြင့်အပါအဝင်ပညာရှင်များကတင်ပြခဲ့ပြီး ၂၀၁၁ခုနှစ် ဩဂုတ်လတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။ မက်ခရိုစီးပွားရေးတည်ငြိမ်တိုးတက်မှုရှိစေရန်အတွက်ငွေလဲနှုန်းပြုပြင်ပြောင်းလဲမှုမှာ အရေးပါဆုံးဖြစ်သည်ဟု ပညာရှင်များကသုံးသပ်ခဲ့ပြီးအပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများ၊ အကြံပြုချက်များရယူကာ ပြုပြင်ပြောင်းလဲမှုများစတင်နေပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါငွေလဲနှုန်းကိစ္စနှင့်ပတ်သက်၍အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ Article 8 Mission အဖွဲ့နှင့် အဓိကဆောင်ရွက်လျက်ရှိပြီးနည်းပညာနှင့်ဥပဒေအချို့ပြင်ဆင်နိုင်ရန်နှင့်ကန့်သတ်ချက်များလျှော့ချနိုင်ရန် နည်းပညာထောက်ပံ့မှုများပြုလုပ်နေကြောင်း၊ ယခုဇန်နဝါရီလအတွင်းတာဝန်ရှိသူများ၊ ပညာရှင်များနှင့် သတင်းမီဒီယာများနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ရန်ရှိကြောင်း ပညာရှင်များထံမှ သိရပါသည်။

မြန်မာနိုင်ငံ၏ငွေလဲနှုန်းပြုပြင်ပြောင်းလဲမှုတွင် ဒေသတွင်းနှင့်နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရန် အခြေခံကျသော အချက်နှစ်ချက်ရှိသည်ဟု ဦးမြင့်က သုံးသပ်ထားပြီး ၎င်းတို့မှာ ဖြစ်ပေါ်နေသော ငွေလဲနှုန်းထားအမျိုးမျိုးကို တစ်မျိုးတည်းအဖြစ်ပေါင်းစည်းရန်နှင့် နိုင်ငံ၏လက်ရှိငွေပေးငွေယူရှင်းတမ်း(balance of payments)၊ သာမန်စာရင်း(currentaccount)တို့တွင် ချမှတ်ထားသောအတားအဆီးများကို ဖယ်ရှားရန်ဖြစ်ကြောင်း သိရပါသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရေးသည် ငွေလဲနှုန်းကိစ္စချည်းသက်သက်မဟုတ်တော့ဘဲ နိုင်ငံအဆင့်စီးပွားရေးမူဝါဒ (macroeconomic policy)များနှင့်ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း ဦးမြင့်က ထင်မြင်သုံးသပ်ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် ငွေလဲနှုန်းအမျိုးမျိုးဖြစ်ပေါ်နေဆဲဖြစ်ပြီး ပြင်ပဈေးကွက်ငွေလဲနှုန်း၊ အစိုးရဈေးနှုန်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရသောဘဏ်များ၏ ငွေလဲနှုန်း၊ ဟွန်ဒီဈေးနှုန်း၊ အက်ဖ်အီးစီဈေးနှုန်း၊ ပို့ကုန်မှရငွေ (earning)ဈေးနှုန်းစသည့်ငွေလဲနှုန်းများဖြစ်ပေါ်နေကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသော ငွေလဲနှုန်းအမျိုးမျိုးကို တစ်မျိုးတည်းအဖြစ်ယခုနှစ်အတွင်း ပေါင်းစည်းသွားမည်ဖြစ်ကြောင်း သိရပါသည်။

ဦးမြင့်က "ငွေလဲနှုန်းအမျိုးမျိုးကိုတစ်ခုတည်းဖြစ်အောင်ပေါင်းစည်းသွားမှာပါ။ ပို့ကုန်မှရငွေတို့ အက်ဖ်အီးစီတို့လည်းရှိတော့မှာမဟုတ်ဘူး" ဟု ပြောကြားခဲ့ပါသည်။

*စည်သူအောင်*



ရန်ကုန်လေဆိပ်ရှိ Currency Exchange ကောင်တာတစ်ခုကိုတွေ့ရစဉ်

# မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂ ၌ အာဆီယံနိုင်ငံသုံး အကောက်ခွန်လိုင်း ၉၅၅၈ လိုင်းအထိတိုးမြှင့်ပြီး ပတ္တမြားနှင့်ကျောက်စိမ်းတို့ပါဝင်

မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂ (Customs Tariff of Myanmar 2012) ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်စတင်အသုံးပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏၂၇၈/၂၀၁၁ ဖြင့် ထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါ မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂သည် မြန်မာ့အကောက်ခွန်နှုန်း ၂၀၀၇ (Cusstoms Tariff of Myanmar 2007) ကို အခြေခံ၍ ရေးဆွဲခြင်းဖြစ်ပြီး အာဆီယံနိုင်ငံ သုံးအကောက်ခွန်လိုင်း ၉၅၅၈ လိုင်းအထိတိုးမြှင့်လာကြောင်းလည်း သိရှိရသည်။

မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂ တွင် ငါး၊ ငါးခြောက်၊ ကဏန်း၊ ပုဇွန်တို့နှင့်ပတ်သက်၍ ၃၁ လိုင်း၊ ပတ္တမြား၊ ကျောက်စိမ်းတို့နှင့်ပတ်သက်၍ငါးလိုင်းဖြင့် စုစုပေါင်း ၃၆ လိုင်း အသစ်ထပ်မံထည့်သွင်းနိုင်ခဲ့ကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Customs Organization - WCO) သို့ ၁၀၉ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စည်းဝါးညီစနစ် (Harmonized System-HS)အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

မူလမြန်မာ့အကောက်ခွန်နှုန်းဇယားတွင် ကုန်ပစ္စည်းအမယ်ပေါင်း ၁၉၃ ခုသာ ပါဝင်သော်လည်း HS စနစ်အရ နိုင်ငံတကာကျင့်သုံးသည့် စနစ်အရအပိုင်း ၂၁ ခု၊ အခန်း ၉၇ ပါဝင်သောအကောက်ခွန်နှုန်းလိုင်းများဖြင့်အနိမ့်ဆုံးသုညရာခိုင်နှုန်းမှအမြင့်ဆုံး ၄၀ ရာခိုင်နှုန်းအထိပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

မြန်မာ့အကောက်ခွန်နှုန်း ၂၀၀၇ (Cusstoms Tariff of Myanmar 2007)တွင်အာဆီယံနိုင်ငံသုံးအကောက်ခွန်လိုင်း ၈၃၀၀ သာရှိခဲ့ရာမှ ယခုထုတ်ပြန်သောမြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂ တွင် အာဆီယံနိုင်ငံသုံး အကောက်ခွန်လိုင်း ၉၅၅၈ လိုင်းထိ ပါဝင်လာခဲ့ကြောင်းလည်း သိရှိရသည်။

ကမ္ဘာ့စည်းဝါးညီစနစ်ကော်မတီမှ နည်းပညာ၊ ကုန်သွယ်မှုစနစ်၊ ဆက်သွယ်ပို့ဆောင်မှုနည်းလမ်းတို့ ပြောင်းလဲလာမှုကြောင့် လေး၊ ငါးနှစ်လျှင်တစ်ကြိမ်ပြန်လည်ဆန်းစစ်ပြီး ပြင်ဆင်ထုတ်ပြန်လေ့ရှိရာ မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂သည် မြန်မာ့အကောက်ခွန်နှုန်း၂၀၀၇ (Cusstoms Tariff of Myanmar 2007) ကို အခြေခံရေးဆွဲခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

မြန်မာ့အကောက်ခွန်နှုန်း ၂၀၁၂ ၌ အာဆီနိုင်ငံသုံးအကောက်ခွန်လိုင်း ၉၅၅၈ လိုင်းအထိ တိုးမြှင့်ထားပြီး ပတ္တမြားနှင့်ကျောက်စိမ်းတို့ပါဝင်ကြောင်း သိရသည်။

| ခုနှစ် | လိုင်း | အခန်း | ခေါင်းစဉ် | ခေါင်းစဉ်ခွဲ | AHTN | စာရင်းအင်း |
|---|---|---|---|---|---|---|
| ၁၉၉၆ | ၂၁ | ၉၇ | ၁၂၄၁ | ၅၁၁၀ | ၅၄၇၂ | - |
| ၂၀၀၃ | ၂၁ | ၉၇ | ၁၂၄၄ | ၅၂၂၄ | ၁၀၆၈၉ | ၄၃၁ |
| ၂၀၀၇ | ၂၁ | ၉၇ | ၁၂၂၁ | ၅၀၅၂ | ၈၃၀၀ | ၅၃၁ |
| ၂၀၁၂ | ၂၁ | ၉၇ | ၁၂၂၄ | ၅၂၈၅ | ၉၅၅၈ | ၄၁၈ |

CARTOON



*မျက်နှာဖုံးသတင်း "ဈေးကွက်အတွင်း ရောင်းချနေသည့် အလှကုန်ပစ္စည်း အချို့. . . "မှအဆက်*

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းအချို့၌ အရေပြားကင်ဆာအပါအဝင် အရေပြားတွင် ရောင်ခြယ်များအလွန်အကျွံဖြစ်ပေါ်ခြင်း၊ အရေပြားထူခြင်း၊ စသည့်အရေပြားရောဂါများဖြစ်ပေါ်နိုင်သော တားမြစ်ထားသည့် ဟိုက်ဒရိုကွီနုန်းအမည်ရှိ ဓာတုပစ္စည်းပါဝင်နေကြောင်း မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ '၂၀၁၁' တွင် တင်သွင်းသော ပိုစတာတစ်ခုအရ သိရသည်။

အဆိုပါ ဈေးကွက်ရှိ အလှကုန်ပစ္စည်းများထဲမှ ဟိုက်ဒရိုကွီနုန်းပါဝင်မှုကို ထိုင်းနိုင်ငံ ဆေးပညာဆိုင်ရာဝန်ဆောင်မှုဌာန၏ ဓာတ်ခွဲခန်းတွင် ပြုလုပ်သော စမ်းသပ်ပစ္စည်းကရိယာများကို အသုံးပြု၍ ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးဝါးဖော်စပ်ရေးဗေဒဌာန၏လက်တွေ့စမ်းသပ်ခန်းတွင်လေ့လာမှုကို ၂၀၁၀ ခုနှစ်အတွင်း၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် ပြည်ပမှတင်သွင်းသော အလှကုန် ရှစ်မျိုးနှင့် ပြည်တွင်းမှဖြန့်ချိသည့် အလှကုန်လေးမျိုးကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်းရှိ ပြည်ပမှတင်သွင်းသောမျက်နှာလိမ်းအောက်ခံမိတ်ကပ်များထဲမှအမှတ်တံဆိပ်ရှစ်ခုကိုစမ်းသပ်ရာတွင် အမှတ်တံဆိပ်သုံးခုတွင် ဟိုက်ဒရိုကွီနုန်းပါဝင်ပြီး အမှတ်တံဆိပ်တစ်ခုမှာ အညွှန်းစာတမ်းမပြည့်စုံကြောင်းတွေ့ရှိခဲ့ရကြောင်းနှင့် ပြည်တွင်း၌ ထုတ်လုပ်သောမျက်နှာလိမ်းအောက်ခံမိတ်ကပ်များထဲမှ အမှတ်တံဆိပ်လေးခုကို စမ်းသပ်ရာတွင် အမှတ်တံဆိပ်နှစ်ခုတွင် ဟိုက်ဒရိုကွီနုန်းပါဝင်ပြီး အမှတ်တံဆိပ်နှစ်ခုမှာ အညွှန်းစာတမ်းမပြည့်စုံကြောင်း တွေ့ရှိရကြောင်းလည်း သိရသည်။

အဆိုပါ အန္တရာယ် ဖြစ်ပေါ်စေနိုင်သော ဓာတုပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကွီနုန်းပါဝင်သော အလှကုန်ပစ္စည်းများနှင့် အညွှန်းစာတမ်းမပြည့်စုံသော အလှကုန်ပစ္စည်းများ ကို အများပြည်သူများ အသုံးပြုလျက်ရှိနေကြောင်းလည်း သိရသည်။




"လက်ရှိမှာ အလှကုန်ပစ္စည်းအများစုက ယိုးဒယားကနေဝင်တာပါ။ အခုနောက်ပိုင်းမှာ တံဆိပ်တုတန်ဖိုးနည်းတဲ့ တရုတ်ပစ္စည်းတွေလည်းဝင်လာတာတွေ့ရတယ်။ ပြီးတော့ တရုတ်မှာကိုယ်လိုချင်တဲ့ တံဆိပ်၊ ပုံစံအတိုင်းမှာလို့ရတယ်။ တချို့ဆိုင်တွေက အတုနဲ့အစစ်ညှပ်ရောင်းတာမျိုးတွေရှိတယ်။ တချို့ဆိုရင် ဘူးအမှန်ထဲမှာ ကိုယ်တိုင်လုပ်တဲ့ မိတ်ကပ်ထည့်ရောင်းတာမျိုးတွေလည်းရှိတယ်။ ဒါမျိုးတွေကျတော့ နယ်မှာပိုတွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် ဈေးကွက်ထဲရောက်လာတဲ့ပစ္စည်းတွေဆိုရင် အခွန်ဆောင်တာမဆောင်တာနောက်ထား။ သုံးစွဲလို့အန္တရာယ်ဖြစ်နိုင်မဖြစ်နိုင်ကို စစ်ဆေးပြီးမှ ရောင်းချခွင့်ပေးသင့်တယ်လို့ထင်တယ်"ဟု အလှကုန်ဖြန့်ချိရေးလုပ်ကိုင်သူတစ်ဦးက ပြောပါသည်။

*ငြိမ်းဇော်လင်း၊ အိသဥ္ဇာကျော်*

## မြန်မာနိုင်ငံမြစ်ဝှမ်းဒေသများရှိ ရေများတွင် အာဆင်းနစ်ဓာတ်ပါဝင်မှုကြောင့် ဒေသခံအများစုအပေါ် သက်ရောက်မှုရှိနေ

မြန်မာနိုင်ငံမြစ်ဝှမ်းဒေသများရှိ ရေများတွင်အာဆင်းနစ်ဓာတ်ပါဝင်နေမှုကို တွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၃ ရက်နေ့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် ကျင်းပသောစာတမ်းဖတ်ပွဲ၌နေပြည်တော်ရှိ ရေအရင်းအမြစ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စာတမ်းရှင်တစ်ဦးက ဖတ်ကြားသွားခဲ့သည်။

အလားတူ အာဆင်းနစ်ပါဝင်သောရေများကိုသောက်သုံးနေရခြင်းကြောင့် ယင်း၏အကျိုးသက်ရောက်မှုကို ခံစားနေရသော်လည်း ၎င်းတို့သောက်သုံးနေသောရေ၌ အာဆင်းနစ်ပါဝင်နေခြင်းကြောင့်ဖြစ်ကြောင်းကိုမူ သိရှိမှုနည်းပါးကြောင်းလည်း စာတမ်းရှင်ကဆက်လက်ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လေ့လာတွေ့ရှိချက်တွေအရ မြန်မာနိုင်ငံရဲ့မြစ်ဝှမ်းဒေသတွေက ရေမှာ အာဆင်းနစ်ဓာတ် ပါဝင်နေတာဆိုတာ တွေ့ရှိရပါတယ်။အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်၊စစ်တောင်းမြစ်ဝှမ်းဒေသတွေနဲ့ကျောက်ဆည်လွင်ပြင်တို့မှာဖြစ်ပါတယ်။ အာဆင်းနစ်ပါဝင်တဲ့ရေတွေကို သောက်သုံးနေတဲ့ဒေသခံတွေမှာအာဆင်းနစ်ကြောင့် ဖြစ်တဲ့ရောဂါလက္ခဏာတွေကို ခံစားနေကြရတယ်။ ဒါပေမယ့်လည်း ဒီလက္ခဏာတွေဟာ အာဆင်းနစ်ကြောင့်လို့ သိရှိသူနည်းပါးပါတယ်" ဟုလည်း ရေအရင်းအမြစ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆက်လက်ပြီး အဆိုပါစာတမ်းရှင်က အာဆင်းနစ်ပါဝင်သည့် ရေနှင့်ပတ်သက်၍ "၂၀၁၁ခုနှစ်အထိ လေ့လာတွေ့ရှိချက်တွေအရ မြို့နယ် ၆၆ မြို့နယ်ဆိုရင် အဲဒီမြို့နယ်အားလုံးမှာ တွေ့ခဲ့ရတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ဟင်္သာတ၊ ပန်းတနော်နဲ့ကျုံပျော်စတဲ့ ငါးမြို့နယ်မှာ အာဆင်းနစ်ရဲ့ သက်ရောက်မှုကို ခံစားနေကြတယ်။ ဒေသခံတွေကလည်း အာဆင်းနစ်ပါဝင်တဲ့ရေကိုသောက်လို့မရဘူး။ သုံးလို့တော့ရတယ်ဆိုတာ မသိကြဘူး။ အာဆင်းနစ်ပါဝင်တဲ့ရေတွေကို သောက်သုံးနေကြတော့ အရေပြားရောဂါ၊ခြေဖျား လက်ဖျားတွေ သွေးမလျှောက်တဲ့ရောဂါတွေ သွေးချိုဆီးချိုစသဖြင့် သူတို့ခံစားနေရတယ်။ ဒါတွေကို သူတို့က အာဆင်းနစ်ကြောင့်ဆိုတာ မသိကြဘူး။ အာဆင်းနစ်ပါဝင်တဲ့ရေကိုမသောက်နဲ့၊ဟင်းမချက်နဲ့၊ သုံးလို့ရတယ်။ ကျွန်တော်တို့ဘက်က လေ့လာထားတာတွေကို ပြည်သူတွေကို ချပြမယ်။ ဒေသခံတွေ ဒီရေတွေကို မသောက်ရင်တခြားသောက်လို့ရတဲ့ Sources တွေဖန်တီးပေးနိုင်အောင်တော့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ NGO၊ INGO တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

## ၂၀၁၁ ခုနှစ်နှစ်လယ်ခန့်တွင် ရေထွက်ပစ္စည်းပြည်ပပို့ကုန်လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့သော်လည်း လက်ရှိဘဏ္ဍာနှစ်ကုန်တွင်မူ ရေထွက်ပစ္စည်းပို့ကုန်မှဝင်ငွေစံချိန်တင်ရရှိနိုင်



၂၀၁၁ ခုနှစ် နှစ်လယ်ခန့်တွင် ရေထွက်ပစ္စည်းပြည်ပပို့ကုန်လုပ်ငန်းများရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့သော်လည်း ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင်မူ ပို့ကုန်မှဝင်ငွေစံချိန်တင်ရရှိနိုင်ကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ သုံးသပ်ချက်အရသိရှိရပါသည်။

ရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများနှင့် ပို့ကုန်လုပ်ငန်းများသည် ငွေလဲနှုန်းအပြောင်းအလဲကြောင့် ငွေဈေးဆက်တိုက်ကျဆင်းလာသည့်အခါ ဝယ်ယူထားသည့်ပစ္စည်းများ ချက်ချင်းအရှုံးပေါ်ခြင်း၊ အရောင်းအဝယ်ကန်ထရိုက်စာချုပ်များအား ကြိုတင်ချုပ်ဆိုရမှုကြောင့် အရှုံးပေါ်ခြင်း၊ ထပ်မံစာချုပ်ချုပ်ရန် မှန်းဆရန်ခက်ခဲခြင်း စသည့်အခက်အခဲများကြောင့် ၂၀၁၁ ခုနှစ် နှစ်လယ်ခန့်တွင် ပို့ကုန်လုပ်ငန်းများသည် ရပ်ဆိုင်းလုနီးပါးအခြေအနေသို့ရောက်ရှိခဲ့ကြောင်း အဆိုပါအသင်း၏ရေထွက်ပစ္စည်းပြည်ပပို့ကုန်လုပ်ငန်းများနှင့်ပတ်သက်သည့် တင်ပြချက်များအရ သိရှိရသည်။

ထိုသို့ ရပ်ဆိုင်းလုနီးပါးအခြေအနေမှ ငွေဈေးနှုန်းများပြန်လည်တည်ငြိမ်လာသည့်အခါ ဖြစ်ပေါ်နေသည့်ဈေးနှုန်းအပေါ်အခြေပြု၍ပြည်ပပို့ကုန်လုပ်ငန်းများကိုဆက်လက်၍ဆောင်ရွက်နိုင်သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်သည် ရေထွက်ပစ္စည်းပြည်ပတင်ပို့ခြင်းမှဝင်ငွေစံချိန်တင်ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

"၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်ရဲ့ ဒီဇင်ဘာလကုန်အထိ ရေထွက်ကုန်ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာသန်း ၄၅၀ ကျော်ရရှိခဲ့ပါတယ်။ ဘဏ္ဍာနှစ်ကုန်ဖို့သုံးလကျန်သေးတဲ့အတွက် ဒီအခြေအနေအတိုင်းသာဆက်သွားမယ်ဆိုရင် နှစ်ကုန်ရင် သန်း ၆၀၀ ကျော်လောက်ရမယ်လို့ခန့်မှန်းရပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန၊ FIQC ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောကြားခဲ့သည်။

၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငါးထုတ်လုပ်မှု တန်ချိန်မှာ ၄ ဒသမ ၁၄ မီလျံမက်ထရစ်တန်ရှိခဲ့ပြီး ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့နိုင်မှုမှာ ဝ ဒသမ ၃၇ မီလျံမက်ထရစ်တန်သာရှိခဲ့သောကြောင့် ထုတ်လုပ်မှုစုစုပေါင်း၏ ၉ ဒသမ ၂ ရာခိုင်နှုန်းသာ ပြည်ပတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနစာရင်းများအရ သိရှိရသည်။

အဆိုပါဘဏ္ဍာရေးနှစ်၏ စုစုပေါင်း ငါးထုတ်လုပ်မှု ၄ ဒသမ ၁၄ မီလျံမက်ထရစ်တန်တွင် ရေချိုငါးထုတ်လုပ်မှုမှာ ၁ ဒသမ ၉၈ မီလျံမက်ထရစ်တန်ဖြစ်ပြီး စုစုပေါင်းငါးထုတ်လုပ်မှု၏ ၄၈ ရာခိုင်နှုန်းရှိပြီး ရေငန်ငါးထုတ်လုပ်မှုမှာ ၃ ဒသမ ၁၆ မီလျံမက်ထရစ်တန်ရှိသဖြင့် ထုတ်လုပ်မှုစုစုပေါင်း၏ ၅၂ ရာ ခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေဖြင့် ထုတ်လုပ်မှု စုစုပေါင်း၏ ၉ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည့် ဝ ဒသမ ၃၇ မီလျံမက်ထရစ်တန်ကိုသာ တင်ပို့နိုင်ခဲ့ပြီး ရရှိငွေမှာအမေရိကန်ဒေါ်လာ ၅၅၅ ဒသမ ၅၂ သန်းဖြစ်ကြောင်းနှင့် ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

မင်းသီဟဇော်

## မြန်မာ-စင်ကာပူ နည်းပညာပူးပေါင်းရေးအစီအစဉ်ဖြင့် မီးသတ်သင်တန်းသားများအား ရှာဖွေရေးနှင့်ကယ်ဆယ်ရေးသင်တန်းပို့ချ

မြန်မာ-စင်ကာပူ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် မီးသတ်ဦးစီးဌာန၊ ပြင်ဦးလွင်ဗဟိုမီးသတ်သင်တန်းကျောင်းရှိ သင်တန်းသားများအား မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၂/၂၀၁၂)ကို ဇန်နဝါရီလ ၉ ရက်နေ့မှစတင်၍ ပို့ချလျက်ရှိရာ သင်တန်းသား ၁၀၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါသင်တန်းအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E Mr.Chua Hian Kong Robert တို့၏ ညှိနှိုင်းချက်အရ ပို့ချပေးခဲ့ကြောင်း သိရပါသည်။

သင်တန်းကာလမှာ ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စင်ကာပူနိုင်ငံ၊ Civil Defence Academy နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကျွမ်းကျင်စွာပြုလုပ်နိုင်ရန်နှင့် ချက်ချင်းတုံ့ပြန်နိုင်စေရန်၊ ခေတ်မီအသက်ကယ်ဆယ်ရေးပစ္စည်းများအားကျွမ်းကျင်ပိုင်နိုင်စွာ ကိုယ်တွင် အသုံးပြုစေတတ်ရန်ရည်ရွယ်၍ သင်တန်းအားဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

## မြို့နယ်အချို့၌ရပ်ကွက်များအတွင်းဆေးဆိုင်များနှင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်းများ၏ ဆေးပစ္စည်းသိုလှောင်ထားရှိမှုပမာဏများကို စာရင်းကောက်ယူရန်စီစဉ်

မြို့နယ်အချို့၌ရပ်ကွက်များအတွင်းဖွင့်လှစ်ထားသည်ဆေးဆိုင်များနှင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်းများ၏ဆေးပစ္စည်းသိုလှောင်ထားရှိမှုပမာဏများကို စာရင်းကောက်ယူရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

အဆိုပါစာရင်းကောက်ယူမှုများကိုသက်ဆိုင်ရာမြို့နယ်၊ရပ်ကွက်အလိုက်အုပ်ချုပ်ရေးမှူးရုံးများမှတာဝန်ရှိသူများစီစဉ်လျက်ရှိခြင်းဖြစ်ပြီးဆေးအရောင်းဆိုင်များဆေးပစ္စည်းများသိုလှောင်ထားရှိမှုပမာဏများနှင့် အဆိုပါဆေးပစ္စည်း များထည့်သွင်းသိုလှောင်ထားသည့် အခြေအနေများကိုပါစစ်ဆေး၍စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

"ရပ်ကွက်အတွင်းကလူနေအိမ်တွေနားမှာကဆေးရောင်းတဲ့ဆိုင်တွေအများကြီးရှိသလို တိုင်းရင်းဆေးထုတ်ဖို့အတွက်ကုန်ကြမ်းပစ္စည်းသိုလှောင်ထားကြတာမျိုးတွေလည်းရှိတယ်အရင်တုန်းကဒါတွေကိုသတိမထားခဲ့ပေမယ့်မင်္ဂလာတောင်ညွန့်ကမီးလောင်မှုဖြစ်ပြီးတဲ့နောက်ပိုင်းမှာအထူးသတိပြုမိလာခဲ့ကြတယ်။ ဒါ့ကြောင့်လည်းတာဝန်ရှိသူတွေကနေသက်ဆိုင်ရာရပ်ကွက်အလိုက်ရပ်ကွက်ထဲမှာဖွင့်ထားတဲ့ဆေးဆိုင်အရေအတွက်နဲ့ဆေးပစ္စည်းအမျိုးအစားအလိုက်သိုလှောင်ထားရှိမှုပမာဏတွေကိုပါစာရင်းလိုက်ကောက်မယ်လို့သတင်းကြားပါတယ်"ဟု မြောက်ဒဂုံမြို့နယ်၌ နေထိုင်သူတစ်ဦးက ပြောပြခဲ့ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သောကုန်ကြမ်းများဖြစ်သည့်ဇော်ကျောက်ချဉ်၊ဆေးဒန်း၊ဆားပုတ်၊ဘုမ္မာရာဇာ၊အလိုဂျူးနှင့်မြန်မာ့ယမ်းစိမ်းအစရှိသည့်မီးလောင်ကျွမ်းပါကပေါက်ကွဲမှုကိုဖြစ်ပေါ်စေတတ်သည့်အဆိုပါပစ္စည်းများ၏သိုလှောင်ထားရှိမှုပမာဏနှင့်သိုလှောင်ထားရှိသည့်အခြေအနေများကို အဓိကစာရင်းကောက်ယူသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။



# ပြည်တွင်း၌ ဟိုတယ်ဝန်ထမ်းခေါ်ယူမှုနှုန်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက် ရန်ကုန်သာမက နယ်မြို့များမှပါခေါ်ယူနေပြီး အလုပ်ခေါ်နှုန်းနှင့် ဝန်ထမ်းရရှိမှု မညီမျှမှုများရှိနေ



ဟိုတယ်နှင့်ခရီးသွားကဏ္ဍတိုးတက်လာမှုကြောင့် ယခုနှစ်ပွင့်လင်းရာသီအတွင်း ပြည်တွင်းပြည်ပခရီးသွားလာရောက်မှုများပြားခဲ့သည့်အတွက် ပြည်တွင်း၌ဟိုတယ်ဝန်ထမ်းခေါ်ယူမှုနှုန်း ၅၀ ရာခိုင်နှုန်းခန့်မြင့်တက်လျက်ရှိကြောင်း ဟိုတယ်သင်တန်းကျောင်းများမှစုံစမ်းသိရသည်။

လက်ရှိတွင် ရန်ကုန်ရှိဟိုတယ်များ သာမက နယ်မြို့များရှိ အပန်းဖြေနေရာများမှလည်း ခေါ်ယူမှုများမြင့်တက်လျက်ရှိပြီး ဝန်ထမ်းလိုအပ်ချက်နှင့် ရရှိမှုနှုန်းမညီမျှမှုများရှိနေကြောင်း သိရသည်။

"လက်ရှိ နိုင်ငံခြားခရီးသွားဝင်ရောက်မှုများတော့ ဟိုတယ်ဝန်ဆောင်မှုပိုင်းဆိုင်ရာ သင်တန်းဆင်းတွေအတွက် အလုပ်ခေါ်နှုန်းတွေများနေတယ်။ ပြည်တွင်းကဟိုတယ်တွေတင်မကဘူး။ ပြည်ပကလည်းခေါ်တော့ ဝန်ထမ်းလိုအပ်ချက်က အရမ်းမြင့်နေတယ်။ ပြည်တွင်း၊ ပြည်ပအလုပ်ခေါ်နှုန်းက ၂၀၁၁ ခုနှစ်နိုဝင်ဘာလလောက်ကစပြီး ပိုများလာတယ်။ နယ်တွေမှာဟိုတယ်အသစ်တွေဖွင့်ပြီး အမြဲတမ်းဝန်ထမ်းတွေလည်းခေါ်တော့ အလုပ်ခေါ်တဲ့နှုန်းနဲ့ဝန်ထမ်းရရှိမှုနှုန်းက လက်ရှိမှာမမျှဘူးဖြစ်နေတယ်။ ပြည်တွင်းအလုပ်ခေါ်နှုန်းချည်းပဲဆိုရင် ၅၀ ရာခိုင်နှုန်းလောက်မြင့်တက်နေပြီး ပြည်ပခေါ်နှုန်းကတော့ ၂၀ရာခိုင်နှုန်းလောက်မြင့်နေပါတယ်။ ရန်ကုန်အပြင် ပုဂံနဲ့နေပြည်တော်ဇုန်တွေက ဝန်ထမ်းခေါ်ယူမှုအများဆုံးပါ"ဟု Star Resources Hospitality & Tourism Management Academy မှမန်နေဂျင်းဒါရိုက်တာဒေါ်နေရည်အောင်က ပြောပြခဲ့ပါသည်။

ပြည်တွင်းပြည်ပ အလုပ်ခေါ်ယူမှုနှုန်းမြင့်တက်နေသည့်အတွက် ဟိုတယ်ဝန်ဆောင်မှုပိုင်းဆိုင်ရာ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းရွေးချယ်ခွင့်ပိုမိုများပြားလာသည်ဟု သိရှိရသည်။

"နယ်တွေမှာ ဝန်ထမ်းလိုအပ်ချက်ပိုများတယ်။ အရင်ကဒေသခံတွေကိုပဲလိုရင်ခေါ်ခန့်ပေမယ့် အခုသင်တန်းဆင်းတွေပဲ ခေါ်တယ်။ ဒီက သင်တန်းကျောင်းတွေမှာရှိတဲ့ သင်တန်းသားတွေကလည်း တချို့နယ်တွေဆို မသွားကြတဲ့အတွက် အခုဆိုရင် သင်တန်းကျောင်းတွေက နယ်တွေကိုဆင်းပြီး သင်တန်းပေးရတယ်။ သင်တန်းပေးတဲ့အခါ ဟိုတယ်တွေအပြင် စားသောက်ဆိုင်ကသူတွေပါသင်တန်းပေးရတယ်။ တချို့ပြည်ပက ပြန်လာချိန်နဲ့တိုက်ဆိုင်ပြီး ဝန်ထမ်းလိုလို့ဝင်လုပ်တဲ့အခါ နယ်တွေမှာကြီးကြပ်ရေးမှူး၊ မန်နေဂျာရာထူးပေးပြီး ခန့်တာမျိုးတွေတောင်ရှိလာပါတယ်"ဟု ဒေါ်နေရည်အောင်က ဆက်လက်ပြောပြခဲ့သည်။

မြန်မာနိုင်ငံတွင်ခရီးသွားကဏ္ဍတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ဇုန်အသစ်များတိုးချဲ့လုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ ပုဂံဇုန်၊ တောင်ကြီးဇုန်၊ ချောင်းသာဇုန်၊ ရခိုင်ဇုန်၊ မော်လမြိုင်ဇုန်၊ရွှေတြိဂံဇုန်၊ ပဲခူးဇုန်၊ ငွေဆောင်ဇုန်၊ နေပြည်တော်ဇုန်တို့ ရှိနေသည်။ *အိသဥ္ဇာကျော်*

# အာဆီယံ ခရီးသွားဖိုရမ်သို့ မြန်မာပါဝင်တက်ရောက်

အာဆီယံနိုင်ငံများအကြား နှစ်စဉ်ကျင်းပလေ့ရှိသော အာဆီယံခရီးသွားဖိုရမ်သို့ မြန်မာနိုင်ငံပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အာဆီယံခရီးသွားဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ခရီးစဉ်ဒေသတစ်ခုတည်းအဖြစ် ခရီးသွားဝင်ရောက်မှုတိုးတက်လာစေရန် နှစ်စဉ်ကျင်းပခြင်းဖြစ်ကာ ယခုနှစ်အတွက် ဖိုရမ်နှင့်ခရီးသွားပြပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီလ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

အာဆီယံခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားပြခန်းကိုထည့်သွင်းပြသခဲ့ကာ ခရီးသွားဆွဲဆောင်မှုများ၊ ခရီးစဉ်ဒေသများကိုတင်ဆက်မှုများပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။

အာဆီယံ ခရီးသွားဖိုရမ်ကို ၁၉၈၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၃၁ နှစ်မြောက်အထိမ်းအမှတ်အဖြစ်ကျင်းပခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်စဉ် နိုင်ငံတကာတွင် ကျင်းပသော ခရီးသွားလုပ်ငန်းပြပွဲများ၊ ခရီးသွားလုပ်ငန်းအစည်းအဝေးများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး ၂၀၁၁ ခုနှစ်အတွင်းက ဂျာမနီ၊ ထိုင်း၊ ဗီယက်နမ်၊ အင်္ဂလန်နိုင်ငံများတွင် ဈေးကွက်မြှင့်တင်မှုများ ပြုလုပ်ခဲ့သည်။

■

# Dragon Show ကျင်းပမည်

မိုးနဂါးအဖွဲ့၏တရုတ်နှစ် သစ်ကူးအထိမ်းအမှတ် Dragon Show ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး မျှော်စင်ကျွန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့မှာ လူငယ်အင်အား ၈၀ လောက်ပါပါတယ်။ မနှစ်က City Center ကလုပ်တဲ့ နဂါးအကပြိုင်ပွဲမှာလည်း ကျွန်တော်တို့ မိုးနဂါးအဖွဲ့ ပထမရခဲ့တယ်။ မျှော်စင်ကျွန်းမှာက အရင်နှစ်တွေတုန်းကလည်း ကဖြစ်ပါတယ်။ ကပေးဖို့ခေါ်တဲ့လူရှိရင်လည်း လိုက်ကတယ်။ ဒီပွဲမှာ ကျွန်တော်တို့အဖွဲ့တီထွင်ထားတဲ့ ကိုယ်ပိုင်ကကွက်တွေကိုလည်း ကပြသွားမှာပါ"ဟု မိုးနဂါးအဖွဲ့မှ ကိုမောင်တိုးက ဆိုပါသည်။

Dragon Show တွင် အဖွင့်၌ နဂါးအကအဖွဲ့မှ နာရီဝက်ကပြဖျော်ဖြေမည်ဖြစ်သည်။ ထို့နောက် ခြင်္သေ့အကအဖွဲ့၏ ပြိုင်ပွဲများတွင် ကပြသည့်ပုံစံများအတိုင်း သည်းထိတ်ရင်ဖိုကကွက်ဆန်းများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

■












ELEVEN MEDIA GROUP Co., Ltd.
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ဖက်စ် - ၄၀၀၅၂၈

# မြန်မာနိုင်ငံ၌ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေများ နိုင်ငံဧရိယာ၏ ၆ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိနေသေး

မြန်မာနိုင်ငံတွင် သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေများတစ်နိုင်ငံလုံးဧရိယာ၏ ၆ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိနေသေးကြောင်း၊ လာမည့်နှစ်များတွင် တစ်နိုင်ငံလုံးဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော်ရှိ သစ်တောဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမရှိသေးသည့် ဒေသအချို့၌ တိရစ္ဆာန်မျိုးစိတ်အသစ်များတွေ့ရှိလာသောကြောင့် အဆိုပါနယ်မြေကိုလည်း သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ မြန်မာနိုင်ငံ၌ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ထောင်ထားသောနယ်မြေ ၃၆ ခုရှိကြောင်း၊ အဆိုပြုပြီး နယ်မြေခုနစ်ခုနှင့်စုစုပေါင်း ၁၇၄၁၅ ဒသမ ၈၅ စတုရန်းမိုင်ရှိကြောင်းလည်း သိရှိရသည်။



ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အတွင်းရှိ ဂုတ်တွင်းတိုးချဲ့ကြိုးဝိုင်းကို တွေ့ရစဉ်

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေများနှင့် စပ်လျဉ်းပြီး နေပြည်တော်ရှိသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "လက်ရှိမှာ မြန်မာနိုင်ငံမှာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေတည်ထောင်ပြီးသားက ၃၆ ခု၊ အဆိုပြုထားတာ ကခုနစ်ခုနဲ့စုစုပေါင်းဆိုရင် ၁၇၄၁၅ ဒသမ ၈၅ စတုရန်းမိုင်ပဲရှိသေးတော့ နိုင်ငံဧရိယာရဲ့ ၆ဒသမ ၆၇ ရာခိုင်နှုန်းပဲရှိသေးတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် golden၊ ယူနန် black၊ gray၊ Tonkinဟူ၍ နှာလန်မျောက်မျိုးစိတ်လေးမျိုးသာရှိခဲ့ရာမှ မြန်မာနိုင်ငံ ကချင်ပြည်နယ်ဆော့လုံဒေသ၌ မြန်မာနှာလန်မျောက်မျိုးစိတ်သစ် (sn-nose monkey)တစ်မျိုးကို တွေ့ရှိခဲ့သောကြောင့် ယခုအခါကမ္ဘာပေါ်တွင် မျောက်နှာလန်မျိုးစိတ် ငါးမျိုးရှိလာပြီးဖြစ်ကြောင်းလည်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း(BANCA)မှ ဥက္ကဋ္ဌဒေါက်တာ ထင်လှက ပြောကြားခဲ့သည်။

ကချင်ပြည်နယ်အတွင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးနယ်မြေများကို "ကချင်မှာဆိုရင် ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ၊ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ၊ ပိတောင်စသဖြင့်ရှိတယ်။ ဒါ့အပြင် အခုမျောက်နှာလန်မျိုးစိတ်သစ်တွေ့တဲ့ဧရိယာက ထိန်းသိမ်းရေးနယ်မြေထဲမပါသေးတော့ တွေ့ရှိချက်ရလဒ်အခြေအနေပေါ်မူတည်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ကာကွယ်ထိန်းသိမ်းသွားမယ်။ ဒီလိုနယ်မြေတွေကိုပါ သတ်မှတ်နိုင်အောင် ကျွန်တော်တို့ဌာနဆိုင်ရာတွေရယ်၊ BNACA နဲ့တခြား NGO တွေနဲ့ပါ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟုလည်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။

နီလာ

# ပြည်တွင်းဆန်စပါးသုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ IMF မှ အကူအညီပေးလိုကြောင်း ကမ်းလှမ်း

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund- IMF)မှ ပြည်တွင်းဆန်စပါးသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးလုပ်ငန်းရပ်များနှင့်ပတ်သက်၍ အကူအညီပေးလိုကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းနှင့်ပဲလုပ်ငန်းအသင်းမှတာဝန်ရှိသူများနှင့် ဇန်နဝါရီလ ၁၁ ရက်နေ့တွေ့ဆုံစဉ်တွင် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် IMF မှ တောင်သူများ၏ စိုက်ပျိုးကုန်ကျငွေ၊ ဓာတ်မြေဩဇာသုံးစွဲမှုအခြေအနေ၊ စပါးအထွက်နှုန်း၊ ဈေးနှုန်းရရှိမှုအခြေအနေ၊ နိုင်ငံတော်နှင့် အထူးပြုကုမ္ပဏီများမှ ပံ့ပိုးပေးနေမှုများနှင့် ပတ်သက်၍ဖြစ်ပေါ်နေသည့်အခြေအနေများအတိုင်း သိရှိလိုကြောင်းပြောကြားခဲ့သည်ဟု သိရသည်။

"၁၁ ရက်နေ့ တွေ့ဆုံချိန်မှာ IMF က statistical report ထွက်ရှိဖို့ဆန်စပါးနဲ့ပတ်သက်ပြီးသုတေသနလုပ်ငန်းရှိ၊ မရှိကိုမေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့ကအသင်းအနေနဲ့တောင်သူလယ်သမားတွေရဲ့ပကတိအခြေအနေနဲ့ လယ်ယာစီးပွားအခြေအနေမှန်ကိုသိရှိဖို့ တိုင်းဒေသကြီး /ပြည်နယ်ခုနစ်ခု၊ မြို့နယ် ၅၇ မြို့နယ်မှာ တောင်သူ ၅၀၀၀ နီးပါးကို Multi-stage Random Sampling နဲ့စစ်တမ်းကောက်ယူနေတဲ့အကြောင်း report ထွက်ရင် IMF ကို ပေးသွားပါမယ်လို့ပြောတော့ IMF အနေနဲ့လည်းသုတေသနလုပ်ငန်းဆောင်ရွက်ရေးအတွက်အကူအညီပေးလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်ပါတယ်"ဟုမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဒေါက်တာစိုးထွန်းကပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် IMF မှ ဌာနခွဲ ဒုတိယဥက္ကဋ္ဌ Ms Meral Karasulu နှင့်အဖွဲ့ဝင်ကိုးဦးသည် မြန်မာနိုင်ငံ၏ပုဂ္ဂလိကဆိုင်ရာစီးပွားရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍတို့တွင် လုပ်ဆောင်နေမှုအခြေအနေများ၊ အခက်အခဲများနှင့်တောင်သူလယ်သမားများ၏စိုက်ပျိုးစရိတ်ကုန်ကျငွေ၊ နိုင်ငံတော်မှပံ့ပိုးမှုအခြေအနေ၊ လက်ရှိပြည်တွင်းပြည်ပဆန်ဈေးကွက်အခြေအနေ၊ မြေယာဥပဒေ၊ အထူးပြုကုမ္ပဏီများ၏ အခြေအနေ၊ Exchange Rate နှင့် ဘဏ်လုပ်ငန်းစနစ်အကြောင်းများနှင့်ပတ်သက်၍လည်းမေးမြန်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။







# မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးအလွဲသုံးမှုဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောမှုများကို ကျောင်းသားလူငယ်ထုအား ဦးတည်ဆောင်ရွက်လာ

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးအလွဲသုံးမှုဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောမှုများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့နံနက် ၉ နာရီ အချိန်က ရန်ကုန်မြို့ရှိ ACA ပညာရိပ်ငြိမ်ပုဂ္ဂလိကပညာသင်ကျောင်း၌ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအခမ်းအနားကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း၏စီစဉ်မှုဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးများနှင့်ပတ်သက်သည့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်သည့်အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်အကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရပါသည်။



အသိပညာပေး ဟောပြောပွဲတစ်ခု၏မြင်ကွင်းကို တွေ့ရစဉ်

“အခုလိုမူးယစ်ဆေးဝါးနဲ့အိမ်သုံးဆေးအလွဲသုံးမှုဆိုးကျိုးတွေအကြောင်းကို အခြေခံပညာကျောင်းတွေမှာက ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီး အရင်ကဟောပြောပါတယ်။ ပုဂ္ဂလိကကျောင်းမှာဟောပြောဖြစ်တာက ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ငွေကြေးတတ်နိုင်တဲ့ မိသားစုအသိုင်းအဝိုင်းတွေက သားသမီးတွေက မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဆက်နွှယ်နိုင်ခြေကများပါတယ်။ မိဘတွေက စီးပွားရေးလုပ်ငန်းတွေမှာ နှစ်မြှုပ်နေတဲ့အတွက် သားသမီးကို ပြည့်စုံအောင်ထားပေးနိုင်ကြပေမယ့် နွေးထွေးမှုအပြည့်အဝမပေးနိုင်ဘူး။ ဒါ့ကြောင့်သူတို့အတွက်အထီးကျန်ဆန်တယ်။ ပညာရေးကိုခေါင်းထဲထည့်ထားရပေမယ့် လွတ်လပ်ပွင့်လင်းတဲ့ပျော်ရွှင်မှုမျိုးကို ရယူချင်ကြတယ်။ ဒီတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး စူးစမ်းလာချင်ကြတယ်။ ဒါ့ကြောင့်ငွေကြေးပြည့်စုံတဲ့အသိုင်းအဝိုင်းတွေကိုပါ အဓိက target ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌဦးစံရှိန်က ရှင်းပြခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများသို့ သွားရောက်၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းစဉ်များကိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

*အေးပပ*

# ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ၌ ဒိန်းမတ်က အမေရိကန်ဒေါ်လာ ရှစ်သန်းခန့် လှူဒါန်းရန်စီစဉ်

မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍများအတွက် ဒိန်းမတ်နိုင်ငံမှ အမေရိကန်ဒေါ်လာရှစ်သန်းလှူဒါန်းသွားရန် စီစဉ်လျက်ရှိကြောင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်နီးနွယ်သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များပြည့်မီစေရန် ဦးတည်ချက်ဖြင့် ရန်ပုံငွေအသစ်တစ်ခုကို ၂၀၁၂ခုနှစ်တွင် စတင်သွားမည်ဖြစ်ပြီး ပထမဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကို လှူဒါန်းသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါများ၏ ဘေးအန္တရာယ်ကျရောက်မှုများ လျှော့ချပေးနိုင်ရန် ရည်ရွယ်၍ ရောဂါသုံးမျိုးတိုက်ဖျက်ရေးရန်ပုံငွေ Three Disease Fund (3DF)၊ အလှူရှင်များ၏စုပေါင်းရန်ပုံငွေများတွင် ထည့်သွင်းလှူဒါန်းခြင်းကို ဒိန်းမတ်နိုင်ငံသည် ၂၀၀၉ ခုနှစ်မှစ၍ စတင်ခဲ့ပြီး ရောဂါသုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေအတွက် ဒိန်းမတ်နိုင်ငံ၏ လှူဒါန်းငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းခန့်ရှိပြီဖြစ်သည်။

ထို့အပြင် ဆိုင်ကလုန်းနာဂစ်ဖြစ်ပြီးနောက် ယင်းဒေသများ၏ မြို့ပြနှင့် ကျေးလက်နေအန္တရာယ် တစ်စုံတစ်ရာ ကျရောက်ခံစားရသူများအတွက် စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှုများ ပိုမိုကောင်းမွန်တိုးတက်လာစေရန်၊ ဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ပေးနိုင်ရန်နှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေတစ်ခုကိုထူထောင်ခဲ့ကြောင်း၊ ဒိန်းမတ်နိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ကိုးသိန်းခန့်ကို အဆိုပါရန်ပုံငွေတွင် ထည့်သွင်းလှူဒါန်းခဲ့ကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းခန့်ကို ထပ်မံလှူဒါန်းသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

“ယူနီဆက်အနေနဲ့ မြန်မာနိုင်ငံကို ၂၀၀၆ခုနှစ်ကစပြီး အရေးပေါ်အကူအညီတွေ၊ ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းတွေ၊ အာဟာရကျွေးမွေးရေးလုပ်ငန်းတွေအတွက် ကူညီမှုပေးအပ်ခဲ့ပါတယ်”ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ) မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က ပြောပြခဲ့ပါသည်။

■

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် ဥပဒေပညာရပ်များအား မြို့နယ်ခြောက်မြို့နယ်၌ သင်ကြားပေးမည်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ဆက်စပ်သည့် ဥပဒေများကိုသိရှိနားလည်စေရေးအတွက် ပညာရှင်များပူးပေါင်း၍ မြို့နယ်ခြောက်မြို့နယ်၌အသိပညာပေးသင်ကြားပေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေများနှင့် ဥပဒေလမ်းကြောင်းများအရ အကာအကွယ်ရရှိထားမှုများအပေါ် သိရှိနားလည်မှုမရှိခြင်းတို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူအချို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဥပဒေနှင့်ပတ်သက်၍ ချိုးဖောက်ခံခဲ့ရမှုဖြစ်ရပ်များရှိခဲ့ခြင်းတို့ကြောင့် ဥပဒေဆိုင်ရာသင်ကြားပေးမှုများကို တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ ဘိုကလေးမြို့၊ ထားဝယ်မြို့၊ စစ်တွေမြို့နှင့် ကလေးမြို့စသည့် မြို့နယ်ခြောက်မြို့နယ်တို့တွင် ၂၀၁၂ခုနှစ် ဇန်နဝါရီလလယ်မှစတင်၍ ဥပဒေပညာရှင်များမှသွားရောက်သင်ကြားပေးသွားမည်ဖြစ်သည်။ “ဥပဒေလမ်းကြောင်းအရ သူတို့တွေမှာ အခွင့်အရေးတွေလုပ်ပိုင်ခွင့်တွေ၊ အကာအကွယ်ပေးထားမှုတွေဟာ ဘယ်လိုရှိတယ်ဆိုတာတွေကိုသင်ကြားပေးမှာဖြစ်ပါတယ်”ဟု လောကအလင်းလူမှုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှတာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ပါသည်။

# တက္ကသိုလ်များ၌ သင်ရိုးညွှန်းတမ်းများ ရေးဆွဲရာတွင် ပြန်လည်ဖြေဆိုရသည့် စာမေးပွဲစစ်ဆေးမှုစနစ် ပါဝင်မည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်နေ

ဝိဇ္ဇာ၊သိပ္ပံနှင့်အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၌တိုးချဲ့ရန် စီစဉ်လျက်ရှိသည့်ပညာသင်နှစ်အတွက်သင်ရိုးညွှန်းတမ်းများရေးဆွဲရာတွင်ပြန်လည်ဖြေဆိုရသည့်စာမေးပွဲစစ်ဆေးမှုစနစ် (Supplementary Exam)ပါဝင်တော့မည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်ဟု သိရှိရပါသည်။

အဆိုပါ ပြန်လည်ဖြေဆိုရသည့်စာမေးပွဲစစ်ဆေးမှုစနစ်မှာ ၂၀၀၁-၀၂ပညာသင်နှစ်မှစတင်၍ ဝိဇ္ဇာနှင့်သိပ္ပံကျောင်းများ၌ မူလကသတ်မှတ်ထားသည့် ပညာသင်နှစ်လေးနှစ်စီမံကိန်းအား သုံးစီမံကိန်းသို့တစ်နှစ်လျှော့ချပြောင်းလဲမှုနှင့်အတူ ပေါ်ထွက်လာခဲ့သည့်စနစ်တစ်ခုဖြစ်ပြီး ယခုအခါပညာသင်နှစ်သုံးနှစ်မှ လေးနှစ်သို့ ပြန်လည်ပြောင်းလဲရန် စီစဉ်သည့်အခါ၌လည်း အဆိုပါစနစ်ကိုပါ တစ်ပါတည်းချန်လှပ်သွားရန် စီစဉ်မှုများပြုလုပ်လျက်ရှိနေကြောင်း သိရှိရပါသည်။

“Supplementary Exam မထားတော့ဘူးလို့ ညှိနှိုင်းနေကြတယ်။ Supplementary Exam မထားဖို့ကိစ္စနဲ့ပတ်သက်ပြီး အဆင့်မြင့်အရာရှိကြီးတွေ အကျယ်တဝင့်ဆွေးနွေးညှိနှိုင်းနေကြပါတယ်။ ဒီစနစ်ဟာရှုပ်ထွေးမှုတွေရှိတဲ့အတွက်လည်း ထားသင့်၊ မသင့်ကို ပြန်လည်သုံးသပ်နေကြပါတယ်”ဟု အဆင့်မြင့်ပညာရေးအသိုင်းအဝိုင်းမှ ပါမောက္ခချုပ်ဆရာကြီးတစ်ဦးက ပြောပြခဲ့ပါသည်။

**ကျတဲ့ဘာသာအလိုက် ပြန်လည်ဖြေဆိုရတဲ့အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေတယ်ဆိုပေမယ့်လည်း ကျရင်နောက်တစ်ခါပြန်ဖြေနိုင်တယ်ဆိုတဲ့ ပုံစံမျိုးတွေနဲ့ စာမေးပွဲကိုဖြတ်သန်းလာကြတာမျိုးတွေလည်းရှိလာ。 。 。**

“ပညာသင်နှစ်လေးနှစ်ကိုပြန်သွားမယ်ဆိုရင် သုံးနှစ်တုန်းကရှိခဲ့တဲ့ Supplementary Exam ကစာရင်းဇယားပိုင်းဆိုင်ရာတွေမှာ အလုပ်တွေပိုလာမယ်။ ဒီစနစ်ရှိခြင်းကကျောင်းသားအနေနဲ့ ကျတဲ့ဘာသာအလိုက် ပြန်လည်ဖြေဆိုရတဲ့အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေတယ်ဆိုပေမယ့်လည်း ကျရင်နောက်တစ်ခါပြန်ဖြေနိုင်တယ်ဆိုတဲ့ပုံစံမျိုးတွေနဲ့ စာမေးပွဲကို ဖြတ်သန်းလာကြတာမျိုးတွေလည်းရှိလာတော့ အမျိုးသားပညာရည်မြင့်မားရေးဆိုတဲ့အချက်နဲ့ ပြန်စိစစ်ကြည့်လိုက်ရင် ရှေ့မတိုးဘဲနောက်ပြန်ဆုတ်နေသလိုမျိုးဖြစ်နေစေတဲ့အတွက် ဒီစနစ်ကိုဆက်လက်မထားရှိဖို့ကအားသာနေပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြခဲ့ပါသည်။

“ဒီစနစ်က ကျောင်းသားတွေအတွက်က အခွင့်အရေးတစ်ခုလိုဖြစ်နေတယ်။ စာရင်းဇယားရှုပ်ထွေးမှုတွေဖြစ်ပေါ်တာထက်စာရင် အမျိုးသားပညာရေးအတွက် ထည့်သွင်းစဉ်းစားရမယ့်အရေးကြီးတဲ့အချက်တစ်ခုလို့မြင်ပါတယ်”ဟုတောင်ကြီးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်ဒေါက်တာမောင်ကျော်က ပြောကြားခဲ့သည်။

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ခုနစ်ဦး ဖြေဆိုမည်

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲသို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားခုနစ်ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရှိရပါသည်။

“ကျွန်မတို့ ဒီကျောင်းက ဒီနှစ်မှာယောကျ်ားလေး လေးယောက်နဲ့ မိန်းကလေးသုံးယောက်ဝင်ရောက်ဖြေဆိုကြမှာပါ။ မိန်းကလေးသုံးယောက်ကတော့ဒီနှစ်မှဖြေကြမယ့်သူတွေမို့လို့ အ.ထ.က(၅)ကြည့်မြင်တိုင်ကျောင်းမှာ ကျောင်းတက်ရပါတယ်။ ကျန်တဲ့သူတွေအားလုံးကတော့ ကျွန်မတို့ကျောင်းမှာပဲစာသင်ပြီး ဒီကဆရာမတွေသင်ကြားမှုနဲ့ ဝင်ရောက်ဖြေဆိုကြမှာပါ။ စာမေးပွဲဖြေရင်တော့ သူတို့အားလုံး အ.ထ.က (၂) ကြည့်မြင်တိုင်မှာ သွားဖြေကြရမှာပါ။ သူတို့အားလုံးဝိဇ္ဇာတွဲတွေပါပဲ”ဟု ယခုနှစ်ဖြေဆိုမည့်ကျောင်းသားများနှင့်ပတ်သက်၍ အဆိုပါကျောင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်ပြုံးပြုံးရီကပြောပြခဲ့သည်။

“ညဘက်ကိုသမီးတို့ ည ၉ နာရီကနေ ၁ နာရီထိညပိုင်း စာကျက်ပါတယ်။ ကျောင်းကစာမေးပွဲက ဖေဖော်ဝါရီလလယ်လောက်မှာ ၃ နာရီမေးခွန်းဖြေရမယ်။ သင်္ချာနဲ့ပထဝီတော့သိပ်မရသေးပါဘူး။ ကျန်တဲ့ ဘာသာတွေကတော့ရပါတယ်၊ အဆင်သင့်ဖြစ်နေပါပြီ”ဟု စာမေးပွဲဖြေမည့်ကျောင်းသူတစ်ဦးဖြစ်သည့် မသဲသဲချိုက ပြောပြသည်။

**ဆရာစောရန်နိုင်** (BA.Hons.,MA) ဆန်းကျမ်းဗေဒင်လက္ခဏာ

ကံ - ဆန်းကျမ်း၊ လက္ခဏာများဖြင့်ဟောသည်။ အစွမ်းထက်ယတြာများပေးသည်။ မွေးရက်၊ ကလေးအမည်၊ လုပ်ငန်းအမည်ပေးသည်။ အမည်ပေးကျမ်းရပြီ။

စိတ် - ကံ၊ ဥတု၊ အဟာရဟောကိန်းသည် စိတ်ကိုအထောက်အပံ့ဖြစ်စေ၏။

ဥတု - ရာသီဥတုဖောက်ပြန်လျှင် သဘာဝပတ်ဝန်းကျင်ပျက်စီး၏။ ခန္ဓာကိုယ်ထဲက ဥတုဖောက်ပြန်လျှင်ရောဂါရ၏။ ခန္ဓာဥတုကို နေ့စဉ်ပြုပြင်လျှင် ရောဂါမဝင်၊ ကျန်းမာ၏။ အတိအကျတွက်ပေးသည်။ သင်ကေန်အကျိုးရှိမည်။

အာဟာရ - မြေသြဇာမှားလျှင် အပင်သေ၏။ အစာမှားလျှင် ရောဂါရ၏။ အစာမှန်လျှင် ဆေးဖြစ်၏။ ရောဂါအသစ် မဝင်နိုင်။ ကျန်းမာရေးချူချာသူများ၊ ရောဂါအခံတစ်ခုခုရှိသူများကို အထူးဓါတ်စာများတွက်ပေးသည်။ နှစ်ပေါင်းများစွာ လူပေါင်းများစွာကို ကျွန်ုပ်ဆောင်ရွက်ပေးခဲ့သည်။ လက်တွေ့ပျောက်ကင်း၊ အကျိုးများခဲ့သည့်အထောက်အထားများကို သင့်အားအတိအကျပြနိုင်ပါသည်။ ခန္ဓာကို ဥာဏ်စောင့်ပါသည်။

နံနက် ၈း၀၀ မှ မွန်းလွဲ ၁း၀၀ နာရီထိ၊ သောကြာနေ့ ဟောခန်းပိတ်သည်။ အမှတ်(၅၀၆)၊ ဓမ္မာရုံလမ်း၊ ၆ ပိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၉၂၃၇၇၃၅



# လူကုန်ကူးမှုဆိုင်ရာ Hot Line ဖြင့် သတင်းပေးပို့မှုမှတစ်ဆင့် လူကုန်ကူးမှု လေးမှု ကလေးသူငယ်အပါအဝင်ပျောက်ဆုံးသူ ၂၂ ဦးတို့အား စုံစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာ သတင်းများကိုပေးပို့နိုင်ရန်အတွက် Hot Line ဖုန်းနံပါတ်များကိုထားရှိပေးရာ Hot Line ဖြင့် သတင်းပေးပို့မှုမှတစ်ဆင့် လူကုန်ကူးမှုလေးမှုနှင့် ကလေးသူငယ်အပါအဝင် ပျောက်ဆုံးသူ ၂၂ ဦးတို့အား စုံစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

Hot Line ဖုန်းနံပါတ်များ စတင်ထားရှိချိန်မှ သုံးလအတွင်း သတင်းပေးတိုင်ကြားမှု ၁၀၈ ကြိမ် (ပြည်တွင်း ၁၀၅ ကြိမ်၊ ပြည်ပ ၃ ကြိမ်) တို့အား လက်ခံရရှိခဲ့ပြီး လူကုန်ကူးမှု လေးမှုမှ တရားခံလေးဦးအား အရေးယူ၍ လူကုန်ကူးခံရသူ ခြောက်ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူပျောက်တိုင်ကြားချက် ၃၃ ကြိမ်လက်ခံခဲ့ရာတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့မှ ကလေးသူငယ်များအပါအဝင် ပျောက်ဆုံးသူ ၂၂ ဦးအား မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်းသိရသည်။

ယင်းအပြင် လစာငွေ ကျပ်လေးသိန်း ရရှိမည်ဟု စည်းရုံးပြီး တစ်ဖက်နိုင်ငံရှိ လျှပ်စစ်ပစ္စည်းစက်ရုံတွင် သွားရောက်အလုပ်လုပ်ကိုင်သူ ၅၁ ဦးတို့သည် လစာငွေ နှစ်သိန်းသာရရှိခြင်း၊ အချိန်ပိုများစွာ လုပ်ဆောင်ရခြင်း၊ ဖိနှိပ်မှုခံစားရကြောင်း Hot Line ဖြင့် သတင်းပို့တိုင်ကြားခဲ့သဖြင့် အဆိုပါအလုပ်သမား ၅၁ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူ၍ လူပွဲစား သုံးဦးအားတည်ဆဲဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်းသိရသည်။

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖုန်းနံပါတ်များကို ၂၀၁၁ ခုနှစ်စက်တင်ဘာလမှစတင်၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်တို့တွင် စတင်ထူထောင်ခဲ့ကြောင်း သိရှိရပါသည်။

လူကုန်ကူးမှုဆိုင်ရာ Hot Line တို့မှာ နေပြည်တော်တွင် ဖုန်း– ၀၆၇ ၄၁၂၅၅၅၊ ၀၆၇ ၄၁၂၆၆၆၊ ရန်ကုန်တွင် ဖုန်း–၀၉၄၉၅၅၅၈၈၈၊ ၀၉၄၉ ၅၅၅၉၉၉၊ မန္တလေးတွင် ဖုန်း– ၀၉၄၉၅၅၅၇၇၇၊ မူဆယ်တွင် ဖုန်း– ၀၉၄၉၅၅၅၆၆၆ တို့ဖြစ်ပြီး၂၄နာရီ သတင်းပေးပို့နိုင်ကြောင်း သိရှိရပါသည်။

*နေပြည်တော်သတင်းအဖွဲ့*

# ၂၀၁၁ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် မီးလောင်မှုစုစုပေါင်း ၉၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုကြီးမားသော ကျပ် ၁၀ သန်းနှင့်အထက် မီးလောင်မှုအကြိမ် ၂၀ ပါဝင်



၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်တွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့စဉ်

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြန်မာတစ်နိုင်ငံလုံးတွင် မီးလောင်မှုစုစုပေါင်း ၉၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုကြီးမားသော ကျပ် ၁၀ သန်းနှင့်အထက် မီးလောင်မှု ၂၀ ကြိမ်ပါဝင်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ်၏ မီးလောင်မှုစာရင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှာ မီးလောင်မှုအများဆုံးဖြစ်နေပြီး မန္တလေးတိုင်းဒေသကြီးမှာ မီးလောင်မှု ဒုတိယအများဆုံးဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီးမှာ မီးလောင်မှု တတိယအများဆုံးဖြစ်ကြောင်း သိရှိရသည်။ မီးလောင်မှု စတုတ္ထအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး ပဉ္စမအများဆုံးမှာ မွန်ပြည်နယ်ဖြစ်ကြောင်း သိရှိရသည်။

မီးလောင်မှုကြောင့် ဆုံးရှုံးမှုစာရင်းများအရမူ ရခိုင်ပြည်နယ်သည် ဆုံးရှုံးမှုအများဆုံးဖြစ်နေပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ဆုံးရှုံးမှု ဒုတိယအများဆုံးဖြစ်ကာ စစ်ကိုင်းတိုင်းမှာ ဆုံးရှုံးမှု တတိယအများဆုံး ဖြစ်ကြောင်း သိရှိရသည်။

ဆုံးရှုံးမှုကြီးမားသော ကျပ် ၁၀ သန်းနှင့်အထက် မီးလောင်မှုအကြိမ် ၂၀ တွင်ဒီဇင်ဘာလ ၂၉ ရက်နေ့ကဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ကူးတို့ဆိပ်ရပ်ကွက်တွင်ဖြစ်ပွားခဲ့သော မီးလောင်ပေါက်ကွဲမှု ဒီဇင်ဘာလ ၂၈ ရက် နေ့က ဖြစ်ပွားခဲ့သောမရမ်းကုန်းမြို့နယ်ရှိ သာကူစေ့စက်ရုံမီးလောင်မှု ဒီဇင်ဘာလ ၃၀ ရက်နေ့ကဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်ရှိ စိန့်အော်ဂတ်စတင်းကျောင်း မီးလောင်မှုစသည်တို့ ပါဝင်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် ကျပ် ၅ သန်းမှ ၁၀ သန်းအထိဆုံးရှုံးသောမီးလောင်မှု ၂၃ ကြိမ်နှင့် ကျပ် ၁ သန်းမှ ၅ သန်းအထိဆုံးရှုံးသော မီးလောင်မှု ၆၇ကြိမ်ဖြစ်ပွားခဲ့သည်။

“၂၀၁၁ ခုနှစ်ဟာ မြန်မာနိုင်ငံမှာ မီးလောင်မှုအကြိမ်ရေက ပြီးခဲ့တဲ့ ၂၀၁၀ နဲ့ယှဉ်ရင် မတိမ်းမယိမ်းများတယ်လို့ဆိုရမှာပါ။ အဲဒီထဲမှာမှ ပျက်စီးဆုံးရှုံးမှုကြီးမားတဲ့ ကျပ် ၁၀ သန်းနှင့်အထက် မီးလောင်မှုကြီး အကြိမ် ၂၀ ပါဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာမီးလောင်မှုအများဆုံးဖြစ်ပွားရတဲ့ အဓိကအကြောင်းရင်းက ပေါ့ဆမှုကြောင့်ဖြစ်ပါတယ်”ဟုမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်းမီးလောင်မှု အများဆုံးဖြစ်ပွားခဲ့သည့် အကြောင်းရင်းမှာ ပေါ့ဆမှုကြောင့်ဖြစ်ပြီး မီးဖိုမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုမှာဒုတိယအများဆုံးဖြစ်ကာ လျှပ်စစ်ကြောင့်မီးလောင်ကျွမ်းမှုမှာ တတိယအများဆုံးဖြစ်ခဲ့ကြောင်းမီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။ ၂၀၁၁ ခုနှစ်၏ လအလိုက်မီးလောင်မှုစာရင်းများအရ နွေရာသီကာလဖြစ်သော မတ်လတွင် မီးလောင်မှု ၁၁၈ ကြိမ်ဖြင့် အများဆုံးဖြစ်ပြီး ဖေဖော်ဝါရီလတွင် မီးလောင်မှု ၁၀၇ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ဧပြီလတွင် မီးလောင်မှု ၉၆ ကြိမ်ဖြင့် တတိယအများဆုံး ဖြစ်ခဲ့ကြောင်း၊ မီးလောင်မှုအနည်းဆုံးလမှာ မိုးရာသီကာလဖြစ်သော ဩဂုတ်လဖြစ်ပြီး မီးလောင်မှု ၃၇ကြိမ်သာ ဖြစ်ပွားခဲ့သည်။ *ကျော်ထင်*

# ဇန်နဝါရီလ ၁၆၊ ၁၈ ရက်နေ့များတွင် ကြာသပတေးဂြိုဟ်နှင့်စနေဂြိုဟ်တို့ ကမ္ဘာကိုဗဟိုပြု၍ ဆွဲငင်မှုများဖြစ်ပေါ်မည်




ဇန်နဝါရီလ၁၆ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် ကြာသပတေးဂြိုဟ်နှင့်စနေဂြိုဟ်တို့ ကမ္ဘာအားဗဟိုပြုကာ တစ်ဖက်တစ်ချက်စီမှ ဆွဲငင်မှုများဖြစ်ပေါ်မည်ဟု သိရသည်။

ကမ္ဘာအား ဗဟိုထားကာ တစ်ဖက်တစ်ချက်စီမှ ဂြိုဟ်အချင်းချင်း ဆွဲငင်မှုများသည် ကမ္ဘာ၌ အင်အားကြီးလျှင်များဖြစ်ပေါ်နိုင်ပြီး ဇန်နဝါရီလ ၁၆ ရက်နေ့မြန်မာစံတော်ချိန် ည ၁၀ နာရီ၊ ၅၁ မိနစ်၌ စနေဂြိုဟ်သည် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းကိုရောက်ကာကမ္ဘာနှင့် တစ်တန်းတည်းကျရောက်သည့်အချိန်တွင် စနေဂြိုဟ်နှင့်လတို့လည်း ပူးယှဉ်မည်ဖြစ်သည်။ ကမ္ဘာတစ်ဖက်ခြမ်းရှိ ကြာသပတေးဂြိုဟ်ကလည်း ကမ္ဘာအားဆွဲငင်နေမည်ဖြစ်၍ လနှင့်စနေဂြိုဟ်ကလည်း ကမ္ဘာကို ဆွဲငင်မည်ဖြစ်သည်။ ယင်းဖြစ်စဉ်သည်အနောက်လောင်ဂျီတွဒ် ၁၅၂ဒီဂရီ၅၀ မိနစ်နှင့် တောင်လတ္တီတွဒ်၀၈ဒီဂရီ၊ ၄၉မိနစ်အတွင်း တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကယ်ရီဗာရီကျွန်းအနီး၌ဖြစ်ပေါ်မည်ဟု သိရသည်။ ယင်းဖြစ်စဉ်နှင့် အလားတူ ဒုတိယဖြစ်စဉ်သည် ဇန်နဝါရီလ ၁၈ ရက်နေ့၊ မြန်မာစံတော်ချိန် နံနက်၁၁ နာရီ၊ ၈မိနစ်၌ဖြစ်ပေါ်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အကျိုးသက်ရောက်မှုအနေဖြင့်လည်းဖြစ်စဉ်ဖြစ်ပေါ်မည့်ကာလအတွင်းဂျပန်၊တောင်ကိုရီးယား၊မြောက်ကိုရီးယား၊တောင်အမေရိကတိုက်နိုင်ငံအချို့နှင့်ဩစတြေးလျနိုင်ငံတို့တွင်လျင်ဖြစ်ပေါ်နိုင်ပြီး မြန်မာနိုင်ငံကိုမူအကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း သိရှိရပါသည်။

# ၂၀၁၁ ခုနှစ်၌ ရန်ကုန်လေဆိပ်၏ ပြည်တွင်းပြည်ပခရီးစဉ်များတွင် ခရီးသည် ၂၄ သိန်းကျော်သွားလာမှုရှိခဲ့

၂၀၁၁ခုနှစ်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ၌ ခရီးသည် ၂၄ သိန်းကျော် သွားလာမှုရှိခဲ့ပြီး ယမန်နှစ်ထက် ခုနစ်သိန်းကျော်ပိုမိုခဲ့ကြောင်း သိရသည်။

၂၀၁၀ခုနှစ်တွင် ရန်ကုန်လေဆိပ်၏ပြည်တွင်းပြည်ပခရီးစဉ်၌ခရီးသည် ၁၇ သိန်းကျော်သွားလာမှုရှိခဲ့သဖြင့် ခရီးသည် ခုနစ်သိန်းကျော်ပိုမိုသွားလာခဲ့သည်ဟု သိရသည်။

၂၀၁၁ နှစ်တွင်ရန်ကုန်လေဆိပ်၏ပြည်တွင်းခရီးစဉ်၌ ခရီးသည်လေးသိန်းကိုးသောင်းနှစ်ထောင်ကျော်အဝင်ရှိခဲ့ပြီးအထွက်ခရီးသည် လေးသိန်းကိုးသောင်းငါးထောင်ကျော်ရှိခဲ့ကြောင်းသိရသည်။ ပြည်ပခရီးစဉ်တွင် ခရီးသည် ခုနစ်သိန်း ခြောက်သောင်းခြောက်ကျော် အဝင်ရှိခဲ့ပြီး အထွက်ခရီးသည် ခုနစ်သိန်းလေးသောင်း ရှစ်ထောင်ကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်မှုသည် ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြန်လည်ကောင်းမွန်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင်လည်းခရီးသွားအဝင်တိုးတက်လာခဲ့သည်။

ပြည်ပခရီးစဉ်ဖြင့် ထိုင်း၊ စင်ကာပူနိုင်ငံများသို့ အများဆုံးသွားရောက်ကြပြီး မလေးရှား၊ ကိုရီးယားနှင့်စင်ကာပူသို့ အလုပ်အကိုင်အတွက်သွားလာမှုများလည်း ပါဝင်ခဲ့သည်။



# မြန်မာနိုင်ငံအတွက် မုန်တိုင်းခန့်မှန်းမှု၊ မြစ်ကြောင်းထိန်းသိမ်းမှု နည်းပညာပိုင်းနှင့် ရန်ကုန်လေဆိပ်တိုးချဲ့အဆင့်မြှင့်ရေးတို့ကို ဂျပန်နိုင်ငံမှကူညီရန် ဆွေးနွေး


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းက တွေ့ရစဉ်

မြန်မာနိုင်ငံ၏ မုန်တိုင်းနှင့် ပတ်သက်၍ ပိုမိုတိကျကျခန့်မှန်းနိုင်မှုနည်းပညာများ၊ မြစ်ကြောင်းထိန်းသိမ်းမှုနည်းပညာပိုင်းနှင့် ရန်ကုန်လေဆိပ်အား ယခုထက်ပိုမိုတိုးချဲ့အဆင့်မြှင့်ရေးတို့အား ဂျပန်နိုင်ငံဘက်မှ အကူအညီပေးရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ Mr. Koizumi Toshiaki က မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်အား ဇန်ဝါရီလ ၁၁ ရက် နေ့တွင် နေပြည်တော်ရှိပို့ဆောင်ရေးဝန်ကြီးဌာနရုံးတွင် လာရောက်တွေ့ဆုံစဉ် ယခုကဲ့သို့ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

“အဲဒီလိုတွေ့ဆုံတဲ့နေရာမှာ ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အကူအညီပေးဖို့ကိစ္စတွေကို ဆွေးနွေးဖြစ်တဲ့အခါ ဝန်ကြီးဘက်က တောင်းဆိုချက်သုံးခုရှိပါတယ်။ ပထမအချက်က မုန်တိုင်းနဲ့ပတ်သက်လို့ ပိုမိုတိတိကျကျခန့်မှန်းနိုင်ပြီး ကြိုတင်ပြောင်းရွှေ့ရေးနည်းပညာအပိုင်းတွေကို အကူအညီပေးဖို့ပါပဲ။ ဒုတိယအချက်ကတော့ မြစ်ရေကြီးတာကို ထိန်းသိမ်းဖို့နည်းပညာလိုအပ်ချက်ပါ။ တတိယအချက်ကတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြည်တွင်းပြည်ပနှစ်နေရာကွဲနေတာကို ပြန်လည်ချိတ်ဆက်ပြီးတိုးချဲ့ဆောက်ပေးဖို့ပါပဲ”ဟု ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Koizumi Toshiaki က ပြောပြခဲ့သည်။ ယခုကဲ့သို့ တောင်းဆိုချက်များအား ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိပါကသက် ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြပေးသွားမည်ဟု သိရှိရသည်။

“ကျွန်တော် ဒီကနေပြန်သွားရင် ချက်ချင်း ကျွန်တော်တို့ဆီက မြစ်ကြောင်းထိန်းသိမ်းရေးဌာနနဲ့ ဆက်သွယ်ပြီး မြန်မာပြည်ကို ဘယ်လိုအကူအညီပေးသွားမလဲဆိုတာ ဆွေးနွေးသွားပါမယ်”ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

*ကျော်ထင်၊ ကျော်ဇင်ဝင်း*

# ၂၀၁၁ ခုနှစ်၌ မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ ပတ်စ်ပို့လျှောက်ထားသူ ၂၄၃၁၃၀ ဦးအား ပတ်စ်ပို့စာအုပ်များ ထုတ်ပေးခဲ့ကြောင်း သိရ

၂၀၁၁ ခုနှစ်အတွင်းမြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ပတ်စ်ပို့လျှောက်ထားသူ ၂၄၃၁၃၀ ဦးအား ပတ်စ်ပို့စာအုပ်များထုတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ အကြောင်းကိစ္စရပ်အမျိုးမျိုးတို့ဖြင့် ပတ်စ်ပို့များလျှောက်ထားကြရာတွင် မှီခိုအနေဖြင့်လည်းကောင်း၊ သဘောသားအလုပ်အကိုင်ဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းဖြင့်လည်းကောင်း၊ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်ရန်အတွက် လည်းကောင်း၊ အလည်အပတ်ကိစ္စရပ်ဖြင့် လည်းကောင်းလျှောက်ထားကြကြောင်း သိရသည်။ ထိုသို့အကြောင်းကိစ္စအမျိုးမျိုးဖြင့် ပတ်စ်ပို့များလျှောက်ထားကြသည့်အနက် ထိုင်းနိုင်ငံသို့အလည်အပတ်ကိစ္စရပ်ဖြင့် လျှောက်ထားမှုများလျက်ရှိသည်။

“ပတ်စ်ပို့ကို မှီခိုအနေနဲ့လာလျှောက်ကြတဲ့သူတွေကတော့ နိုင်ငံရပ်ခြားမှာ သူတို့နဲ့ပတ်သက်တဲ့ ဆွေမျိုးသားချင်းက ဟိုဘက်ကနေလှမ်းခေါ်တဲ့စာနဲ့ မှီခိုပြီး သွားနေဖို့လာလျှောက်ကြတာပါ။ ဒါကြောင့် ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်တုန်းက မှီခိုအနေနဲ့ ပတ်စ်ပို့လာလျှောက်တဲ့သူ ၅၆ ဦးကိုလည်း တခြားသူတွေလိုသုံးနှစ်သက်တမ်းရှိ ပတ်စ်ပို့ကိုထုတ်ပေးခဲ့တယ်။ ကုမ္ပဏီဒါရိုက်တာတွေကိုတော့ စီးပွားရေးပတ်စ်ပို့သီးသန့်ထုတ်ပေးတယ်”ဟု မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းတွင် ပတ်စ်ပို့လာရောက်လျှောက်ထားသူများအား မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှနိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)များထုတ်ပေးခဲ့ရာတွင် မှီခိုသူပတ်စ်ပို့ ၅၆ ဦး၊ သဘောသားပတ်စ်ပို့ ၁၂၆၅၅ ဦး၊ စီးပွားရေးပတ်စ်ပို့ ၈၅၉ ဦး၊ အလုပ်သမားပတ်စ်ပို့ ၁၃၅၈ ဦးနှင့်အလည်အပတ်ဖြင့် ပတ်စ်ပို့ ၂၂၈၂၅၈ ဦးတို့ကိုပတ်စ်ပို့စာအုပ်များထုတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

■

# ရော်ဘာအစေးရည်ကိုအခြေခံသည့် ရော်ဘာကုန်ချောထုတ်လုပ်နည်းသင်တန်းဖွင့်မည်

ရော်ဘာအစေးရည်ကို အခြေခံသည့်ရော်ဘာကုန်ချောထုတ်လုပ်ခြင်းနည်းပညာသင်တန်း အမှတ်စဉ် (၂/၂၀၁၂) ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်တန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ရော်ဘာပစ္စည်းထုတ်လုပ်မှုသုတေသန နည်းပညာနှင့် သင်တန်းပို့ချရေးဌာနမှ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ရော်ဘာအစေးရည်ကိုအခြေခံကာ ရော်ဘာလက်အိတ်၊ ဘောလုံး၊ ရေပုံး၊ ရော်ဘာကုရှင်များအစရှိသည့် ကုန်ချောပစ္စည်းများထုတ်လုပ်ခြင်း၊ ရော်ဘာအစေးရည်နှင့်ရော်ဘာကုန်ချောပစ္စည်းများ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းများ စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ပညာရပ်များကိုသင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၆၆၀၄၅၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ သင်တန်းတက်မည့်သူသည်ဘွဲ့ရရှိသူဖြစ်ရမည်ဖြစ်ပြီး ရော်ဘာလုပ်ငန်းအတွေ့အကြုံရှိသူများအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက တက်ရောက်နိုင်မည်ဖြစ်သည်။

# မြစ်ကြီးနားမြို့တွင် ယခုနှစ် မနောပွဲတော်ကျင်းပနိုင်ခြင်းမရှိခဲ့

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ယခုနှစ် မနောပွဲတော်ပြုလုပ်ကျင်းပနိုင်မှုမရှိခဲ့ကြောင်း ဒေသခံအချို့၏ပြောကြားချက်အရ သတင်းရရှိပါသည်။

ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့တွင် မနောပွဲကို နှစ်စဉ် နှစ်ဦးပိုင်း ဇန်နဝါရီလပထမပတ်တွင် စတင်ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း ဒေသခံအချို့က ဆိုပါသည်။

“မနောကွင်းထဲမှာ အရင်ကဆို ဇန်နဝါရီလ ပထမပတ်လောက်ဆို ပြင်ဆင်မှုတွေရှိနေပြီ။ ဒီနှစ်တော့ဘာမှ မလုပ်နိုင်ခဲ့ဘူးပေါ့။ လုပ်ဖြစ်မယ်၊ မလုပ်ဖြစ်ဘူးဘာမှ အသေအချာမကြေညာခဲ့ဘူး။ ဒီနှစ် မနောပွဲက မလုပ်ဖြစ်လောက်ဘူးလို့ ခန့်မှန်းထားကြသလိုပဲ မလုပ်ဖြစ်ခဲ့ပါဘူး”ဟု မြစ်ကြီးနားမြို့မှဒေသခံတစ်ဦးက ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်က(၆၃)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော်ကို ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိပြုလုပ်ခဲ့ပြီး ဒေသခံကချင်တိုင်းရင်းသားများ၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များစည်ကားစွာတက်ရောက်ခဲ့ကာ တိုင်းရင်းသားရိုးရာအကများ တင်ဆက်မှုများဖြင့် ကျင်းပခဲ့ကြောင်း၊ ကချင်ပြည်နယ်နေ့မှာ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်တွင်းတွင် တပ်မတော်နှင့်KIAအဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားမှုသည် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းမှစတင်ခဲ့ပြီး အဆိုပါ တိုက်ပွဲများသည် ဗန်းမော်ခရိုင်အတွင်း၌စတင်ခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်များအထိ သက်ရောက်ခြင်းများရှိလာခဲ့သည်။

ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော်သည် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အကများစသည်တို့ကိုလေ့လာနိုင်ခြင်း၊ ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲနိုင်ခြင်း စသည်တို့ကြောင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုပွဲတော်တစ်ခုအဖြစ် ရှိနေခြင်းဖြစ်သည်ဟု သိရှိရသည်။

■

# ၂၀၁၁ ၌ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ မိဘမဲ့ကလေး ၁၉ ဦးကို မွေးစားခွင့်ပြု

၂၀၁၁ ခုနှစ်အတွင်း ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ပြုစုစောင့်ရှောက်ပေးထားသော မိဘမဲ့ကလေး ၁၉ ဦးကို မွေးစားခွင့်ပြုပေးခဲ့ကြောင်း ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ သိရှိရပါသည်။



ရွှေဂုံတိုင်ကလေးပြုစုစောင့်ရှောက်ရေးတွင် ပြုစုစောင့်ရှောက်ပေးထားသော ကလေးများမှာဆေးရုံမှ လွှဲပြောင်းပေးသောကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာသောကလေးများ၊ မိဘစွန့်ပစ်ထားသော ကလေးများကိုစောင့်ရှောက်ပေးထားပြီး ယာယီစောင့်ရှောက်မှုအဖြစ်လည်း အကျဉ်းဦးစီးဌာနမှ ခေတ္တလွှဲပြောင်းစောင့်ရှောက်စေသောကလေးများနှင့် စီမံချက်ဖြင့်ရောက်ရှိလာသော ကလေးများကိုစောင့်ရှောက်ထားသည်။ အဆိုပါယာယီစောင့်ရှောက်ထားသော ကလေးများကို တစ်နှစ်ကျော်ကာလအတွင်း မိဘမှလာရောက်ဆက်သွယ်ခြင်းမရှိပါက ဌာနပိုင်အဖြစ် မွေးစားကာ မွေးစားခွင့်ပေးကြောင်း သိရပါသည်။

“ကလေးတွေကို မွေးစားချင်တဲ့မိဘတွေအနေနဲ့ မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရပါမယ်။ မွေးစားချင်တဲ့မိဘတွေဟာ အသက် ၃၀ နှစ်နဲ့ ၅၀ နှစ်အတွင်းရှိရမှာဖြစ်ပြီး အိမ်ထောင်သက်ငါးနှစ်အထက်ရှိတဲ့သူတွေဖြစ်ရပါမယ်။ မွေးစားဖို့လျှောက်ထားတဲ့သူတွေအနေနဲ့ သားသမီးမရရှိနိုင်တဲ့ ဇနီးမောင်နှံတွေဖြစ်ဖို့လည်းလိုပါတယ်။ ဇနီးမောင်နှံတစ်တွဲကို ကလေးတစ်ဦးပဲ မွေးစားခွင့်ပြုပါတယ်။ အမြွှာဆိုရင်တော့ နှစ်ဦးစလုံးကိုမွေးစားခွင့်ပြုပါတယ်။ ကလေးကိုတော့ အသက်လေးလကနေ ငါးနှစ်အထိမွေးစားခွင့်ပြုထားပါတယ်”ဟု ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာနမှ ဒုကျောင်းအုပ်ဆရာမဒေါ်နုနုရီက ပြောပါသည်။

မွေးစားပြီး ခြောက်လအထိ တစ်လတစ်ကြိမ် ကလေးကို ဌာနသို့လစဉ်လာရောက်ပြသရမည်ဖြစ်ပြီး ခြောက်လပြည့်ပါက တရားရုံး၌ အမွေစားအမွေခံစာချုပ်ကို ချုပ်ဆိုရမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါပြုစုရေးဌာနမှ မိဘမဲ့ကလေးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အများဆုံးမွေးစားမှုရှိပြီး နယ်မြို့များတွင်နေထိုင်သူများသည်လည်း ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့လာရောက်ကာ ကလေးမွေးစားမှုများရှိကြောင်း သိရှိရသည်။

ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာနမှ မိဘမဲ့ကလေးများကို မွေးစားလိုသူဇနီးမောင်နှံများအနေဖြင့် အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူ၊ သားသမီးမရရှိနိုင်ကြောင်း သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်၏ ဆေးထောက်ခံစာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ လာရောက် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။







# သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် အထပ် ၃၀ အဆောက်အအုံတစ်ခုကို တရုတ်နိုင်ငံတွင် ၁၅ ရက်နှင့် အပြီးတည်ဆောက်

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ကြယ်ငါးပွင့်အဆင့်ရှိ အထပ် ၃၀ ဟိုတယ်တစ်ခုကို လူ ၂၀၀ ဖြင့် ၁၅ ရက်အတွင်း အပြီးတည်ဆောက်ခဲ့သော တရုတ်လုပ်ငန်းရှင်တစ်ဦးက တရုတ်နိုင်ငံအတွင်း အလားတူအဆောက်အအုံများ တည်ဆောက်လိုကြောင်းဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်နေ့တွင် ဖွင့်လှစ်မည့်ထိုဟိုတယ်တည်ဆောက်ခဲ့ပုံကို အွန်လိုင်းတွင်ဗီဒီယိုဖြင့် ပြသခဲ့ရာ အင်တာနက်တွင်လူပြောများသည့်အကြောင်းအရာတစ်ခုဖြစ်လာခဲ့သည်။ Broad Group အဲကွန်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ကျန်ရွှေက အဆောက်အအုံကိုဆောက်လုပ်ခဲ့သည့် အချိန်ကာလလျင်မြန်မှုကြောင့် စွမ်းအင်နှင့်ကုန်ကြမ်းပစ္စည်းများ လေလွင့်မှုကိုလျှော့ချနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စွမ်းအင်ချွေတာသည့်မီးလုံးများသာ အသုံးပြုထားပြီး လေးဘက်လေးတန်လုံးမှန်ဖြင့် တည်ဆောက်ထားသည့် ထိုဟိုတယ်သည် ၂၀၁၃ ခုနှစ်တွင် ကုမ္ပဏီ၏ အကြီးဆုံးလုပ်ငန်းဖြစ်လာမည်ဟု ၎င်းကပြောကြားခဲ့သည်။ ကြိုတင်တည်ဆောက်တပ်ဆင်စနစ်ဖြင့် တည်ဆောက်ထားသည့် သူ၏အဆောက်အအုံသည် ဥရောပရှိအဆောက်အအုံများထက် ၆ ဆ ပို၍သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ကြောင်း ကျန်က ပြောကြားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ထိုကဲ့သို့ အဆောက်အအုံများတစ်လလျှင် အလုံး ၂၀ ခန့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၂၀၁၄ ခုနှစ်တွင် တစ်လလျှင် အလုံး ၅၀ အထိ တည်ဆောက်သွားမည်ဖြစ်ကြောင်း၎င်းက ပြောကြားခဲ့သည်။ ကျန်သည် ၁၉၈၈ ခုနှစ်တွင် သာမိုဒိုင်းနမစ်နည်းပညာကို လေ့လာခဲ့သော အစ်ကိုဖြစ်သူနှင့် ပူးပေါင်းကာ ကုမ္ပဏီကိုတည်ထောင်ခဲ့သည်။ ညီအစ်ကိုနှစ်ဦးသည် စွမ်းအင်ချွေတာသည့်နည်းပညာအသုံးပြုထားသောအဲကွန်းများကို ကမ္ဘာတစ်ဝန်း ၇၅ နိုင်ငံ၌ ရောင်းချနေသည်။ ဟိုတယ်ကိုတည်ဆောက်မည့်အစိတ်အပိုင်းများကို ၎င်းတို့ကုမ္ပဏီပိုင်ဆိုင်သည့်စက်ရုံတွင် ဆောက်လုပ်ခဲ့ပြီး သံမဏိများ၊ မှန်များနှင့် တရုတ်နိုင်ငံတွင်ထုတ်လုပ်ထားသည့် လျှပ်ကာစနစ်များထည့်သွင်းတည်ဆောက်ခဲ့ကြောင်း ကျန်ကပြောကြားခဲ့သည်။

*Ref: AFP*











China's Board Group၏ ဆောက်လုပ်ဆဲဖြစ်သည့် အထပ် ၃၀ ရှိ ဟိုတယ်ကို ၂၀၁၁ ဒီဇင်ဘာ ၂၆ က တွေ့ရစဉ်

# အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးကြောင့် အမျိုးသားတစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာတွင် အသက် ၂၄ နှစ်အရွယ်အမျိုးသားတစ်ဦးသည် ကြက်ငှက်တုပ်ကွေးကူးစက်မှုကြောင့် ဇန်နဝါရီလ ၇ ရက်နေ့တွင်သေဆုံးသွားခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနမှဖော်ပြခဲ့သည်။ ထိုသေဆုံးမှုသည်လွန်ခဲ့သည့်သုံးလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တတိယမြောက် သေဆုံးမှုဖြစ်ကြောင်းသိရသည်။

သေဆုံးသူအမျိုးသား၏ရောဂါကို ဆေးရုံနှစ်ခုက အစာအိမ်ရောဂါနှင့် ငှက်ဖျားရောဂါဟု မှားယွင်းကောက်ချက်ချခဲ့ကြောင်း ဂျကာတာပို့စ်သတင်းစာကဖော်ပြခဲ့သည်။ သေဆုံးသူ၏အိမ်တွင်အိမ်မွေးခိုများ မွေးမြူထားကြောင်း ၎င်း၏အိမ်နီးချင်းများက ပြောပြခဲ့သည်။

"ဆေးစစ်ချက်ရလဒ်တွေအရ ဒီသေဆုံးသူဟာကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးခဲ့ရတယ်ဆိုတာ အတည်ပြုနိုင်ပါတယ်။ ကျွန်တော်တို့ သေဆုံးသူရဲ့အိမ်ပတ်ဝန်းကျင်က ငှက်တွေကို နမူနာယူစစ်ဆေးကြည့်နေပြီး ဗိုင်းရပ်စ်က သူတို့ဆီက ကူးတာလားဆိုတာကိုစောင့်ကြည့်နေပါတယ်"ဟုကူးစက်ရောဂါကာကွယ်ရေးဌာနမှူးအက်ဒီတာမာကပြောပြခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည်ကြက်ငှက်တုပ်ကွေးရောဂါကို အဆိုးရွားဆုံးခံစားခဲ့ရသော နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း လူ ၁၅၀ သေဆုံးခဲ့ကြောင်း WHO ၏ စစ်တမ်းကောက်ယူခဲ့မှုအရသိရသည်။ ပြီးခဲ့သည့်တစ်နှစ်အတွင်းမှာပင် လွန်ခဲ့သည့် အောက်တိုဘာလက ဘာလီကျွန်းမှ ကလေးနှစ်ဦးအပါအဝင် လူကိုးဦး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အများအားဖြင့် ငှက်များမှတစ်ဆင့် လူတို့ထံသို့ တိုက်ရိုက်ကူးစက်နိုင်ပြီး လူသားအချင်းချင်းကြားတွင်လည်း လွယ်ကူစွာပျံ့နှံ့ကူးစက်နိုင်ကာ လူသန်းပေါင်းများစွာကို အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါတစ်ခုဖြစ်သိရသည်။

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသရှိ မွေးမြူရေး ခြံတစ်ခြံတွင် တိရစ္ဆာန်အမြောက်အမြားသေဆုံးမှုဖြစ်ပေါ်ခဲ့သောကြောင့် ယခုအပတ်အတွင်း ကြက်ကောင်ရေ ၂၅၀၀ ကျော်ကိုသုတ်သင်ရှင်းလင်းခဲ့ရသည်။

*Ref: AFP*

# ထိုင်းဂျာနယ်လစ်တစ်ဦး ဖူးခက်တွင် ပစ်သတ်ခံရ

ဒေသဆိုင်ရာသတင်းစာတစ်စောင်၏ပိုင်ရှင်၊ ထိုင်းဂျာနယ်လစ်နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးမှာခရီးသွားများ လာရောက်ရာ ဖူးခက်ကမ်းခြေတွင်သေနတ်သမားများကပစ်သတ်သွားခဲ့ကြောင်းသိရသည်။

"သူကားမောင်းနေချိန်မှာ သေနတ်နဲ့လေးကြိမ်ပစ်ခံခဲ့ရတာပါ။ သူ့ရဲ့ကားရှေ့ကနေ ဖြတ်ဝင်လာတဲ့ မော်တော်ဆိုင်ကယ်တစ်စီးပေါ်က သေနတ်သမားတွေက ပစ်သတ်သွားတာပါ။ အခြားခရီးသည်တွေတော့ ထိခိုက်ဒဏ်ရာမရရှိခဲ့ပါဘူး။ သူ့တစ်ယောက်ကိုပဲ ပစ်မှတ်ထားပြီး ပစ်သတ်သွားတာပါ"ဟု ခရိုင်ရဲအရာရှိချုပ်ရဲမှူးကြီး Chote Chidchai က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အသက် ၄၀ အရွယ်ရှိ Inside Phuket သတင်းစာပိုင်ရှင် Wisut Tangwitthayaporn သည် ဖူးခက်ရှိ လယ်ယာမြေဌာန၏ ခြစားမှုနှင့် ဆက်စပ်သည့်သတင်းများကို သူ၏ သတင်းစာတွင် ဖော်ပြခဲ့ဖူးပြီး ရုပ်နီ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်သူတစ်ဦးအဖြစ် ဒေသတွင် လူသိများသူဖြစ်သည် ။

*Ref: AFP*

# တာတာကားကုမ္ပဏီက ဒေါ်လာ ၂၀၀၀၀ တန် လျှပ်စစ်ကားကို အမေရိကန်တွင် ဖော်ထုတ်ပြသ



အိန္ဒိယ၏ တာတာလုပ်ငန်းစုနည်းပညာလုပ်ငန်းခွဲက လူ ၄ ဦးသယ်ဆောင်နိုင်သော ဒေါ်လာ ၂၀၀၀၀ တန် လျှပ်စစ်ကားကို ဇန်နဝါရီလ ၁၁ ရက်နေ့က ဒက်ထရွိုက်တွင် ပြသခဲ့သည်။

တာတာ၏လျှပ်စစ်ကားသည် အိန္ဒိယအခြေစိုက်အင်ဂျင်နီယာလုပ်ငန်းတစ်ခု၏ ပထမဆုံးနည်းပညာဆန်းသစ်မှုကို ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း တာတာနည်းပညာကုမ္ပဏီမှဥက္ကဋ္ဌ ဝါရင်းဟားရစ်ကပြောကြားခဲ့သည်။ တာတာလျှပ်စစ်ကားသည် ၉၀၀ ကီလိုဂရမ်သာလေးပြီး ရှိဆဲဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများကို ပြည့်မီသည့်သံမဏိကိုယ်ထည်ပါရှိသည်။တာတာ၏အီမိုလျှပ်စစ်ကားသည် တာတာနည်းပညာလုပ်ငန်း၏ သုတေသနစင်တာ ၄ ခုမှ အင်ဂျင်နီယာ ၃၀၀ ကျော်၏အရည်အချင်းများကိုစုစည်းရာမှထွက်ပေါ်လာသည့် ရလဒ်ဖြစ်သည်။ Ref:AFP

# အိန္ဒိယနို့များ၏ သုံးပုံနှစ်ပုံတွင် ချေးချွတ်ဆေးနှင့်ဆားများပါဝင်နေ

အိန္ဒိယမှထုတ်သော နို့များ၏ သုံးပုံနှစ်ပုံတွင် ဆားနှင့် ဒီတားဂျင့်ခေါ် ချေးချွတ်ဆေးများပါဝင် နေ၍ သောက်သုံးရန် မသင့်ကြောင်း အိန္ဒိယအစိုးရ စောင့်ကြည့်လေ့လာရေးအဖွဲ့မှပြောကြားပါသည်။

လေ့လာချက်များအရ အိန္ဒိယအစားအသောက်များ၏ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ ပြည်နယ် ၃၃ ခုကို စစ်ဆေးကြည့်ရာ နို့နမူနာ ၁၇၉၁ ခုတွင် အဆိုပါဆားနှင့်ချေးချွတ်ဆေးများ ၆၈ ဒသမ ၄ ရာခိုင်နှုန်းကျော်ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

အထက်ပါ ဓာတ်ပစ္စည်းများအားအဆီထုတ်ထားသည့်နို့၊ ဂလူးကို့စ်နှင့်ရေများထဲတွင် ရောနှောထည့်သွင်းထားခြင်းဖြစ်ကြောင်းသိရှိရပါသည်။ မြို့ကြီးများရှိ နို့နမူနာများတွင်စားသုံးရန် မသင့်သောနို့ ၆၈ ဒသမ ၉ ရာခိုင်နှုန်းကျော်တွေ့ရှိ၍ ကျေးလက်ဒေသများတွင် ၃၁ ရာခိုင်နှုန်းကျော်တွေ့ရှိရပါသည်။

အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး နို့တင်ပို့သည့်နိုင်ငံဖြစ်သည်။

*Ref: AFP*



# တောင်ကိုရီးယားက ဒေါ်လာ သုံးဘီလျံ ရင်းနှီးမြှုပ်နှံမည့် ကာစီနိုတည်ဆောက်ရန် စီစဉ်

တောင်ကိုရီးယားအင်ချွန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဦးစီးနေသည့် ကုမ္ပဏီက ဒေါ်လာ ၃ ဘီလျံ တန်ကာစီနိုအပန်းဖြေစခန်းတစ်ခု တည်ဆောက်ရန် စီစဉ်နေကြောင်း အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကော်ပိုရေးရှင်း၏ ပြောခွင့်ရပုဂ္ဂိုလ်က ဇန်နဝါရီ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

တရုတ်နှင့် အာရှနိုင်ငံများမှ ချမ်းသာသည့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် ဆိုးလ်မြို့၏ အနောက်ဘက် ၅၀ ကီလိုမီတာအကွာတွင် အပန်းဖြေစခန်းသစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဝင်ငွေ၏ ၆၅ ရာခိုင်နှုန်းကို ဟိုတယ်၊ အကောက်ခွန်လွတ်ပစ္စည်းများရောင်းချမှုနှင့် အခြားဝန်ဆောင်မှုများမှ ရရှိနေသည်။ ယမန်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အကောက်ခွန်လွတ်ရောင်းချမှုမှ ဒေါ်လာ ၁ ဒသမ ၂၆ ဘီလျံရရှိခဲ့သည်။ တောင်ကိုရီးယား၏ အကြီးဆုံးသယ်ယူပို့ဆောင်ရေးဗဟိုချက်အင်ချွန်သည် ယမန်နှစ်က ခရီးသည် ၃၅ သန်းကိုဝန်ဆောင်မှုပေးခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးလေဆိပ်စာရင်းဝင်ဖြစ်ခဲ့သည်။ *Ref: AFP*

# တရုတ်နှင့်အိန္ဒိယပူးပေါင်း၍ ကမ္ဘာ့အကြီးဆုံးတယ်လီစကုပ်တီထွင်



တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ကမ္ဘာ့ အကြီးဆုံးတယ်လီစကုပ်အားယခု ဆယ်စုနှစ်အကုန်တွင်တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါတယ်လီစကုပ် တည်ဆောက်ရန် ကုန်ကျမည့်အမေရိကန်ဒေါ်လာသန်း ၁၀၀၀ အား တရုတ်နှင့်အိန္ဒိယတို့ မျှဝေကျခံမည်ဖြစ်သည်။၎င်းတယ်လီစကုပ် အား ဟာဝိုင်အီကျွန်းMauna Kea မီးတောင်ထိပ်ပေါ်တွင်ထားရှိမည်ဖြစ်ပြီး ကမ္ဘာ့ပထမဆုံးနှစ်နိုင်ငံ စုပေါင်း၍ ပြုလုပ်သော အဆင့်မြင့်တယ်လီစကုပ် တစ်ခုလည်း ဖြစ်သည်။

တရုတ်အမျိုးသား နက္ခတ်ဗေဒလေ့လာရေးပညာရှင်များအဖွဲ့မှ ပါမောက္ခရှုတေးမော်က ယခုတယ်လီစကုပ်သည်တရုတ်လူ့အဖွဲ့အစည်းအတွက် ကွမ်တမ်နည်းပညာဆိုင်ရာ မဟာခုန်ပျံကျော်လွှားမှု ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီတာသုံးဆယ်တယ်လီစကုပ် (TMT) ဟု အမည်ပေးထားသည့် အတိုင်း မီတာ ၃၀ (ပေ ၁၀၀ နီးပါး) ရှည်လျားပြီး ယခုလက်ရှိကမ္ဘာ့အကြီးဆုံးတယ်လီစကုပ်များထက် အလင်းစုဆောင်းအား ကိုးဆရှိကာ ကြည်လင်ပြတ်သားမှုသုံးဆပိုကြောင်း သိရသည်။

TMT တယ်လီစကုပ်သည်နေနှင့် ကြယ်များကိုလှည့်ပတ်နေသော ဂြိုဟ်များကို ကောင်းမွန်ရှင်းလင်းစွာကြည့်ရှုနိုင်ရုံသာမက ဂြိုဟ်အသစ်များနှင့်ကြယ်များ စတင်ဖြစ်ပေါ်ပုံများနှင့် တွင်းနက်ကြီးများ၊ နေအဖွဲ့အစည်းများ၊ အမှောင်ထုများနှင့် ဆက်စပ်သောဖြစ်ရပ်များအားလည်း စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်ကတည်းက တရုတ်နိုင်ငံသည် (TMT) ဘုတ်အဖွဲ့အတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက်တစ်နှစ်တွင် အိန္ဒိယမှဝင်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ၎င်းMauna Kea မီးတောင်၌ပင် ၈ ဒသမ ၃ မီတာ ရှည်လျားသော တယ်လီစကုပ်ပိုင်ဆိုင်သည့် ဂျပန်သည်လည်း(TMT) ဘုတ်အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။

(TMT) တယ်လီစကုပ်သည် ယခုအချိန်တွင် ကမ္ဘာ့အကြီးဆုံးတယ်လီစကုပ်ဖြစ်နေသော်လည်း ထိုနေရာအား ဥရောပနိုင်ငံများမှ တီထွင်မည့် ၄၂ မီတာ (၁၃၈ ပေ)ရှည်လျားသော တယ်လီစကုပ်ကြီးအား လွှဲပေးရဦးမည်ဖြစ်ပါသည်။

ပါမောက္ခရှုတေးမော်က ယခုအချိန်တွင် တရုတ် သည် သီအိုရီပိုင်းဆိုင်ရာ ထိပ်တန်း အာကာသရူပဗေဒပညာရှင်များရှိနေသော်လည်း နက္ခတ်ဗေဒလေ့လာစူးစမ်းမှုနယ်ပယ်တွင် နောက်ကျကျန်နေသေးကြောင်းပြောကြားခဲ့သည်။

သို့သော် TMT တယ်လီစကုပ် အပြီးတွင် ယင်းနောက်ကျကျန်နေသည့်ဖြစ်စဉ်ကိုကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း မော်ကပြောကြားခဲ့သည်။"တရုတ်က သိပ္ပံနည်းပညာ နဲ့ ပတ်သက်ပြီး ရည်မှန်းချက်ကြီးကြီးထားပါတယ်။ မြန်နိုင်သမျှမြန်မြန် အမီလိုက်သွားမှာပါ"ဟု မော်ကပြောကြားခဲ့သည်။

*Ref: CNN*

# အိန္ဒိယတွင် တစ်နှစ်တိတိ ပိုလီယိုရောဂါဖြစ်ပွားမှုသစ်လုံးဝမရှိခဲ့

အိန္ဒိယနိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားမှုသစ် မရှိတော့သည်မှာ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် တစ်နှစ်တိတိရှိခဲ့ပြီဖြစ်ပြီဖြစ် ကြောင်း သိရသည်။

ယင်းမှတ်တမ်းဝင်နေ့ရက်မှာ ကမ္ဘာတစ်ဝန်းပိုလီယိုရောဂါတိုက်ဖျက်ရေးအားထုတ်မှုများအတွက် အောင်ပွဲတစ်ရပ်ဖြစ်ခဲ့ပြီး လာမည့်ရက်သတ္တပတ်များအတွင်း ဖြစ်ပွားမှုသစ် မရှိပါက ပိုလီယိုကင်းစင်သည့်နိုင်ငံအဖြစ်ကြေညာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ပါက ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါဖြစ်ပွားမှုသစ်များရှိနေသေးသည့်နိုင်ငံများအဖြစ် ပါကစ္စတန်၊အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယားတို့သာ ကျန်ရှိတော့မည်ဖြစ်သည်။

ဖြစ်ပွားမှုသစ်မရှိသည့် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အမေရိကန်ကျန်းမာရေးနှင့်လူသားရေးရာဝန်ဆောင်မှုအတွင်းဝန်ကက်သလင်းဆီဘီလီယက်စ်က နယူးဒေလီရှိဆေးခန်းတစ်ခုတွင် ကလေးငယ်များကိုပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးပေးခဲ့သည်။

*Ref: AP*

# အချက်အလက်သိုမှီးမှုကို အက်တမ်အဆင့်အထိ ချုံ့နိုင်ပြီဖြစ်သောကြောင့် အချက်အလက်သိုမှီးကိရိယာ ပစ္စည်းများကို အဆ ၈၀၀၀၀ အထိချုံ့နိုင်တော့မည်

အချက်အလက် သိုမှီးမှုကို အက်တမ်အဆင့်အထိ ချုံ့နိုင်ပြီဖြစ်ကြောင်း ကွန်ပျူတာခေတ်ဦး၏ ရှေ့ဆောင်ကုမ္ပဏီကြီးဖြစ်သော အိုင်ဘီအမ်ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့သည်။

အချက်အလက် 1 bit လျှင် သံလိုက်အက်တမ် ၁၂ ခုစာ အရွယ်အစားတွင်ထည့်သွင်းနိုင်သည့် နည်းပညာကိုရှာဖွေတွေ့ရှိပြီဟုထုတ်ပြန်ကြေညာခဲ့ခြင်းကြောင့် Hard Drive ကဲ့သို့သော အချက်အလက်သိုမှီးသည့် ကိရိယာပစ္စည်းများကို ယနေ့ခေတ်သုံးနေသည့် အရွယ်အစားထက် အဆ ၈၃၀၀၀ အထိချုံ့လာနိုင်တော့မည်ဖြစ်ကြောင်း အိုင်ဘီအမ်၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

မည်သည့်အချိန်တွင် ဈေးကွက်တင်နိုင်သည့် ပစ္စည်းများထုတ်လုပ်ရောင်းချနိုင်မည်ဆိုခြင်းကို အိုင်ဘီအမ်မှ သုတေသနပညာရှင်များက ထုတ်ပြန်ထားခြင်းမရှိသော်လည်း စွမ်းအင်ချွေတာနိုင်မည့်၊ အရွယ်အစားကို ချုံ့နိုင်မည့်၊ မြန်နှုန်းကို မြင့်နိုင်မည့် အချက်အလက်သိုမှီးကိရိယာပစ္စည်းများထွက်ပေါ်လာမည့်လမ်းကြောင်းပေါ်ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း လေ့လာသူများက သုံးသပ်ခဲ့သည်။

*Ref: Washington Post*

# ကမ္ဘာ့အသေးဆုံးဖား ပါပူအာနယူးဂီနီတွင်တွေ့ရှိ

ငွေအကြွေစေ့ထက်ပင် သေးငယ်ပြီးအော်သံမှာလည်း အင်းဆက်တစ်ကောင်၏အသံထက်အနည်းငယ်သာကျယ်သော ကမ္ဘာ့အသေးဆုံးဖားမျိုးစိတ်ကို ပါပူအာနယူးဂီနီရှိ မုတ်သုံတောထဲတွင် တွေ့ရှိခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

တွေ့ရှိသော ဖားမျိုးစိတ်မှာ နှစ်မျိုးဖြစ်ပြီး Paedophyryne amauensis နှင့် Paedophryne swiftorum တို့ဖြစ်သည်ဟုသိရသည်။ Paedophryne amauensis မျိုးစိတ်ဖားငယ်မှာ ၇ ဒသမ ၇ မီလီမီတာမျှသာရှိပြီး swiftorum မှာ ၈ မီလီမီတာခန့်သာရှိသည်။

ယင်းဖားများမှာ ကမ္ဘာပေါ်ရှိကျောရိုးရှိသတ္တဝါများထဲတွင်အသေးဆုံးလည်းဖြစ်ကြောင်း ပညာရှင်များကထုတ်ပြန်ခဲ့သည်။ ယခင်ကအသေးဆုံးကျောရိုးရှိသတ္တဝါမှာ ၈ မီလီမီတာကျော်ရှိသော အင်ဒိုနီးရှားမှ ဖောက်ထွင်းမြင်နိုင်သော ငါးမျိုးတစ်မျိုးဖြစ်သည်။ အကြီးဆုံးကျောရိုးရှိသတ္တဝါမှာ ဝေလငါးပြာများဖြစ်သည်။

"Paedophryne amauensis ဖားကို ရှာတွေ့ဖို့က ခက်ပါတယ်။ အရမ်းသေးသလို သူ့ရဲ့မိတ်လိုက်ဖို့ပေးတဲ့အသံကလည်း အင်းဆက်အသံနဲ့ဆင်တာကြောင့်ပါ"ဟု လူဝီဆီးယားနားပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင် ခရစ်အော်စတင်က ပြောကြားခဲ့သည်။

ညိုမှောင်သောအရောင် အပေါ် ဖြူပြာရောင်အစက်အပျောက်များ ပါရှိသည့် ယင်းဖားငယ်မှာ မုတ်သုံတောအောက်ခြေပိုင်းတွင် သေးငယ်သောအကောင်များကိုစားသောက်ရင်းရှင်သန်ကြပြီး အကောင်ကြီးများ၏အစားလည်းခံကြရသည်ဟု ဆိုသည်။

*Ref: AFP*



# ဖန်ပြွန်သန္ဓေသားစနစ်ဖြင့် ကိုယ်ဝန်ယူရာတွင် သန္ဓေသားလောင်းတစ်ခုမှနှစ်ခုသာ ထည့်သင့်ကြောင်းပညာရှင်များသုံးသပ်

ဖန်ပြွန်သန္ဓေသားစနစ်ဖြင့် ကိုယ်ဝန်ယူရာတွင် သန္ဓေသားလောင်း တစ်ခုမှ နှစ်ခုသာထည့်သင့်ပြီး အသက်အရွယ်အပေါ် အဓိကမူတည်ကြောင်း လေ့လာမှုတစ်ခုက ဖော်ပြသည်။ သန္ဓေအောင်နိုင်ခြေ မြင့်စေရန်ရည်ရွယ်ပြီး သန္ဓေသားလောင်းသုံးခုမှလေးခုထိထည့်ခြင်းကို တတ်နိုင်သမျှရှောင်လွှဲသင့်ကြောင်း ဗြိတိသျှဆေးပညာဂျာနယ် Lancet တွင် ဖော်ပြထားသော လေ့လာမှုတွင်ပါရှိသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ယင်းနည်းဖြင့် သန္ဓေအောင်မွေးဖွားခဲ့သော ဗြိတိန်မှ သန္ဓေသား ၃၃၀၀၀ ကို လေ့လာခဲ့ခြင်းဖြစ်သည်။

အသက် ၄၀ အောက်မိခင်နှင့် အသက် ၄၀ အထက်မိခင်ဟူ၍ နှစ်မျိုးခွဲပြီး လေ့လာခဲ့ခြင်းဖြစ်သည်။ သန္ဓေအောင်နိုင်ခြေမြင့်စေရန် သန္ဓေသားလောင်း အမြောက်အမြားထည့်ခြင်းပြီးနောက် နှစ်မွှာ၊ သုံးမွှာထက်ပိုပြီး မွေးခြင်းများဖြစ်ပေါ်စေခဲ့သည်။ သို့ဖြစ်သောကြောင့် အသက် ၄၀ အထက်ဆိုလျှင် သန္ဓေသားလောင်း နှစ်ခု၊ ၄၀ အောက်ဆိုပါက တစ်ခုသာထည့်ခြင်းသည် လုံလောက်ပြီး အဆင်ပြေစေသော နည်းလမ်းဖြစ်ကြောင်း ဂလက်စကိုတက္ကသိုလ်မှပညာရှင်များက သုံးသပ်ခဲ့သည်။

*Ref: CNN*

# ရုရှား၏ မအောင်မြင်သော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် ကမ္ဘာမြေပေါ်သို့ပျက်ကျ

ရုရှား၏ မအောင်မြင်ခဲ့သော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်သည် ကမ္ဘာမြေပေါ်သို့ပျက်ကျလာခဲ့ပြီး လေထုအတွင်းသို့ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဝင်ရောက်လာဖွယ်ရှိကြောင်းသိရသည်။

မူလကယူဆထားသကဲ့သို့ ပစိဖိတ်သမုဒ္ဒရာအတွင်း ကျမလာဘဲ အတ္တလန္တိတ်သမုဒ္ဒရာဘက်ခြမ်းသို့ကျဆင်းလာနိုင်ပြီးနေရာ အကြမ်းဖျင်းခန့်မှန်းမှုများသည်ပင် မရေရာသေးကြောင်းသိရသည်။

Phobos-Grunt အမည်ရှိစူးစမ်းလေ့လာရေးယာဉ်သည် အာဂျင်တီးနားနိုင်ငံပေါ်မှ ဖြတ်ပြီး လေထုထဲဝင်လာနိုင်ကာ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ယာဉ်မှအစိတ်အပိုင်းများကျဆင်းလာနိုင်ကြောင်း နောက်ဆုံးထုတ်ပြန်ချက်များက ဖော်ပြသည်။ အမေရိကန်ဒေါ်လာနှင့် တွက်လျှင် ၁၆၅ သန်းမျှတန်သော ယင်းစူးစမ်းလေ့လာရေးယာဉ်သည် တောင်ဘက်တွင် လန်ဒန်၊ မြောက်ဘက်တွင် နယူးဇီလန်တို့အကြားကျချင်သည့်နေရာတွင် ကျနိုင်ကြောင်း ရုရှားအာကာသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလက ကာဇက်စတန်နိုင်ငံရှိ ရုရှားအာကာသစင်တာမှ လွှတ်တင်ခဲ့သောယာဉ်သည် အင်္ဂါဂြိုဟ်နှင့် ဂြိုဟ်ရံလဖိုးဘို့စ်ကို လေ့လာရန်သွားရောက်ခဲ့စဉ် ချွတ်ယွင်းသွားခဲ့ပြီး ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းတွင် တန့်နေခဲ့ကာ ကမ္ဘာပေါ်ပြန်ကျလာခြင်းဖြစ်သည်။

ယခုဖြစ်စဉ်သည် ရုရှား အာကာသစူးစမ်းလေ့လာရေးနယ်ပယ်အတွင်းအရှက်စရာဖြစ်ရပ်များအနက်မှတစ်ခုဖြစ်ခဲ့ပြီး လွန်ခဲ့သည့်သုံးလက အာကာသစခန်းသို့သွားသည့် လူမဲ့ယာဉ်တစ်စီးပျက်ကျခဲ့သလို ပြီးခဲ့သည့်နှစ်ကလည်း ဂြိုဟ်တုသုံးလုံးပျက်စီးခဲ့သည်။

*Ref;AFP*



# နျူကလီးယားအစီအစဉ် ရပ်ဆိုင်းပါက စားနပ်ရိက္ခာကူညီထောက်ပံ့ပေးမည်ဟု အမေရိကန်က ကမ်းလှမ်းခဲ့ကြောင်း မြောက်ကိုရီးယားထုတ်ပြန်



ကွယ်လွန်သူမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်အတွက် ဝမ်းနည်းအောက်မေ့ဖွယ်အခမ်းအနားပြုလုပ်ပြီး တစ်ရက်အကြာတွင် တရုတ်ကုန်စည်များတင်ထားသည့် ကုန်တင်ကားများ ရလုတံတားကို ဖြတ်ပြီး မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ မောင်းနှင်စဉ်

မြောက်ကိုရီးယားနိုင်ငံ၏ ယူရေနီယမ်အစီအစဉ်ကို ရပ်ဆိုင်းမည်ဆို ပါကအမေရိကန်က စားနပ်ရိက္ခာကူညီထောက်ပံ့ပေးမည်ဖြစ်ပြီးအရေးယူမှုများကို ဆိုင်းငံ့ပေးမည်ဟု ကမ်းလှမ်းခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနှင့်ပတ်သက်သည့်အကြောင်းအရာများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောခွင့်ရပုဂ္ဂိုလ်တစ်ဦး၏ ထင်မြင်ချက်ပေးမှုကို ပြုံယမ်း၏နိုင်ငံပိုင်သတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်မကွယ်လွန်ခင်ချိန်တွင် ယူရေနီယမ်အစီအစဉ် ရပ်ဆိုင်းမှုအတွက် အပေးအယူသဘော တူညီမှုမှာဖြစ်အံ့ဆဲဆဲ အခြေအနေ ဖြစ်ခဲ့ကြောင်း သတင်းမီဒီယာများစွာတွင် ဖော်ပြခဲ့သည်။

ဝါရှင်တန်သည်ယုံကြည်မှုတည်ဆောက်ခြင်းအား အဆင့်မြှင့်ရေးအတွက် ပိတ်ဆို့အရေးယူမှုများကို ဆိုင်းငံ့ခြင်းနှင့်စားနပ်ရိက္ခာထောက်ပံ့ပေးသွားမည်ဟု အဆိုပြုခဲ့ပြီး အပြန်အလှန်အားဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ယူရေနီယမ်အစီအစဉ်ယာယီရပ်ဆိုင်းမှုအတွက် ဆွေးနွေးမှုများကို ပြီးခဲ့သည့် ဇူလိုင်လက ဆွေးနွေးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

စေ့စပ်ဆွေးနွေးမှုများ ပြန်လည်စတင်ရန်ရည်ရွယ်ပြီး အမေရိကန်နှင့်မြောက်ကိုရီးယားနိုင်ငံ၏ဒုတိယအကျော့ဆွေးနွေးမှုကို ပြီးခဲ့သည့်နှစ်ကကျင်းပခဲ့သည်။ တတိယအကျော့ဆွေးနွေးမှုများကို ဒီဇင်ဘာ ၁၅–၁၆ တွင် ပေကျင်း၌ ကျင်းပရန်စီစဉ်ခဲ့ပြီးဖြစ်သည်။

*Ref: AFP*

# ကင်ဂျုံအီလ်၏ ဈာပနတွင် လက်အိတ်များ ဝတ်ဆင်ခြင်းမပြုရန် ညွှန်ကြားခဲ့

ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံလ်အီလ်၏ဈာပနတွင် ၎င်း၏သားဖြစ်သူနှင့် ခေါင်းဆောင်ရာထူးဆက်ခံသူ ကင်ဂျုံအွန်က အသုဘယာဉ်ကို ခေါင်းဆောင်းဦးထုပ်မပါဘဲ လိုက်ပို့ရန် ရွေးချယ်ခဲ့သောကြောင့် မြောက်ကိုရီးယားနိုင်ငံသားများကို ဦးထုပ်(သို့မဟုတ်) လက်အိတ်များဝတ်ဆင်ခြင်းမပြုရန်ညွှန်ကြားခဲ့ကြောင်း ဆိုးလ်အခြေစိုက်Daily NKအွန်လိုင်းသတင်းစာတွင်ဖော်ပြခဲ့သည်။ ကင်ဂျုံအီလ်၏ အသုဘယာဉ်ကို သားဖြစ်သူကင်ဂျုံအွန်က လက်အိတ်နှင့်ဦးထုပ်မပါဘဲ လိုက်ပို့သွားမည်ဖြစ်သည့်အတွက် ယင်းအခမ်းအနား မတိုင်ခင်တစ်ရက်တွင်ဒေသခံတာဝန်ရှိသူများက ညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း Daily NK တွင် ဖော်ပြခဲ့သည်။

ဈာပနအခမ်းအနားကျင်းပချိန်တွင် ပြုံယမ်း၏အပူချိန်သည် အနုတ် ၉ ဒီဂရီဆဲလ်စီယပ်ထိကျဆင်းနေကြောင်း တောင်ကိုရီးယားမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီ၏ရုပ်အလောင်းကို ဖခင်ဖြစ်သူ မြောက်ကိုရီးယားနိုင်ငံစတင်တည်ထောင်သူ ကင်အီဆွန်း၏ရုပ်အလောင်းအား မြုပ်နှံထားသောကင်ဆူဆန်အမှတ်တရနန်းတော်၌မြုပ်နှံသွားမည်ဖြစ်သည်။ ကင်ဂျုံအီ၏ပုံတူရုပ်ထု အားစိုက်ထူရန် လျှို့ဝှက်စွာစီစဉ်လျက်ရှိပြီး ကင်ဂျုံအီ၏ထာဝရတည်မြဲမှုကို ဖော်ပြနိုင်ရန်အတွက် အမှတ်တရမျှော်စင်များကိုလည်း နိုင်ငံအနှံ့အပြားတွင် တည်ဆောက်သွားမည်ဖြစ်သည်။ ကင်ဂျုံအီ၏အောက်မေ့ပွဲအခမ်းအနားကိုလာမည့်အပတ်တွင်မြို့တော် ပြုံးယမ်း၌ ကျင်းပသွားမည်ဖြစ်၍ အသေးစိတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်ဟု မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနကဖော်ပြသည်။ *Ref: AFP*

# ရိုးလ်ရွိုက်စ်က ထိုင်းနှင့် ဗီယက်နမ်တွင် လုပ်ငန်းတိုးချဲ့ဖွယ်ရှိ

တန်ဖိုးကြီးဇိမ်ခံကားများထုတ်လုပ်သည့် Rolls Royce က ထိုင်းနှင့် ဗီယက်နမ်တွင် လုပ်ငန်းများတိုးချဲ့ရန် လေ့လာနေကြောင်း ကုမ္ပဏီ၏ ထိပ်တန်းအမှုဆောင်အရာရှိတစ်ဦးက ဇန်နဝါရီ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဗြိတိန်ကားကုမ္ပဏီ Rolls Royce သည် ယမန်နှစ်က ကား ၃၅၃၈ စီးရောင်းခဲ့ရပြီး ၂၀၀၈ ခုနှစ်ကထက် ၃၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဇန်နဝါရီလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ တရုတ်နှင့် အမေရိကန်တို့မှ ဝယ်လိုအားတိုးတက်လာခြင်းကြောင့် ကားရောင်းအားမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အာရှပစိဖိတ်တွင် Rolls Royce ကားရောင်းအား ၄၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကုမ္ပဏီက ဆိုသည်။ ၁၉၉၈ ခုနှစ်တွင် ဂျာမန်ကားကုမ္ပဏီ BMW က ဝယ်ယူထားခဲ့သော Rolls Royce သည် တရုတ်တွင် အရောင်းကိုယ်စားလှယ်ကွန်ရက် ၁၄ ခုရှိနေပြီး ဆိုးလ်၊ တိုကျို၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဂျကာတာ၊ ဆစ်ဒနီ၊ မဲလ်ဘုန်းနှင့် နယူးဒေလီတို့ အပါအဝင်အာရှပစိဖိတ်တွင် အရောင်းကိုယ်စားလှယ်များတစ်ဒါဇင်ကျော်ရှိသည်။ *Ref:AFP*



२०११ခုနှစ် ဧပြီလအတွင်းက ကျင်းပခဲ့သည့် ရှန်ဟိုင်းကားပြပွဲတွင် ပြသထားသည့် ရိုးလ်ရွိုက်စ်ကားတစ်စင်း

# ဘုရင်စနစ်အပေါ်ဝေဖန်ပုတ်ခတ်မှုကို ဟန့်တားသည့်ဥပဒေ ပြင်ဆင်ရန်ထိုင်းအကြံပေးအဖွဲ့တောင်းဆို

ထိုင်းဘုရင်မိသားစုကို ဝေဖန်ပုတ်ခတ်မှုအတွက် ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်သည့်ဥပဒေကို အလုံးစုံပြုပြင်ရန်အတွက် ထိုင်းအကြံပေးအဖွဲ့တစ်ဖွဲ့က ဝန်ကြီးချုပ်ယင်လက်ခ်ရှင်နာဝပ်ထရာထံ လိပ်မူပြီး အကြံပြုစာတစ်စောင်ပေးပို့ခဲ့သည်။

ဘုရင်စနစ်ကို စော်ကားမှုအတွက် ပြင်းထန်သည့် အပြစ်ပေးမှုများကို လျှော့ပေါ့သင့်ကြောင်းနှင့် လူအများစုလက်ခံထားသော ခံယူချက်သဘောထားများအပေါ်အခြေခံသင့်ကြောင်းကို Truth for Reconciliation Commission of Thailand အဖွဲ့ကဝန်ကြီးချုပ်ထံလိပ်မူပြီး စာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ ကော်မရှင်အဖွဲ့တွင် ဥပဒေကို ပြောင်းလဲနိုင်သည့် အာဏာမရှိသော်လည်း ၎င်းတို့၏သဘောထားများကို ထိုင်းနိုင်ငံတွင် အသိအမှတ်ပြုခဲ့သည်။

ဘုရင့် မိသားစုကို အသရေဖျက်ခြင်း၊ စော်ကားခြင်း(သို့မဟုတ်) ခြိမ်းခြောက်ခြင်းများကို ဟန့်တားမှုအဖြစ်တင်းကျပ်သည့်ဥပဒေပြဋ္ဌာန်းထားမှုကိုလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာအဖွဲ့များက မကြာခဏ ဝေဖန်ခဲ့ကြသည်။

ပြီးခဲ့သည့်လအတွင်းတွင် ဘုရင်စနစ်ကို စော်ကားမှုဖြင့် ထိုင်းနိုင်ငံဖွား အမေရိကန်နိုင်ငံသားတစ်ဦးကို ထိုင်းရာဇဝတ်မှုဆိုင်ရာတရားရုံးတစ်ခုကထောင်ဒဏ် နှစ်နှစ်ခွဲချမှတ်ခဲ့သည်။ အဆိုပါအမှုအတွက် ပြစ်ဒဏ်ချမှတ်မှုသည်အလွန်ပြင်းထန်လွန်းသည်ဟု အမေရိကန်အစိုးရအဖွဲ့ကဝေဖန်ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ်ယင်လက်ခ်ရှင်နာဝါထရာထံလိပ်မူ ပို့ခဲ့သည့်စာ၏ရက်စွဲတွင် ဒီဇင်ဘာ ၃၀ ရက်နေ့ဟုရေးထားသော်လည်း အဆိုပါစာကို စီအင်န်အင်န်အပါအဝင်နိုင်ငံတကာဆိုင်ရာသတင်းဌာနများထံသို့ ဇန်နဝါရီ ၁၂ ရက်နေ့မှသာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ထိုင်းဘုရင်ကို မလေးစားမှုဥပဒေသည်နိုင်ငံရေးဆိုင်ရာအကြောင်းတရားများအတွက် အလွဲသုံးစားပြုခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များ၏အမြင်ကိုကော်မရှင်အဖွဲ့ကထောက်ခံကြောင်းဖော်ပြထားသည်။*Ref:CNN*

# ရွေးကောက်ပွဲများ မကြာမီကျင်းပနိုင်မည်ဟု မလေးရှားဝန်ကြီးချုပ် မျှော်လင့်

မလေးရှားအတိုက်အခံခေါင်းဆောင်အန်ဝါအီဘရာဟင်တရားသေလွတ်လာပြီးနောက် ရွေးကောက်ပွဲကျင်းပမည့်ရက်အား ခန့်မှန်းမှုများထွက်ပေါ်နေစဉ် ရွေးကောက်ပွဲများမကြာမီကျင်းပနိုင်မည်ဟုမျှော်လင့်ကြောင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဆိုသည့်သတင်းတစ်ခု ဇန်နဝါရီ ၁၂ ရက်က ထွက်ပေါ်လာခဲ့သည်။

သို့သော်လည်း Down Jones Newswires နှင့်ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင်မူ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးများ စတင်ပြုလုပ်မည်ဟု မကြာသေးမီကပေးအပ်ခဲ့သော ကတိကဝတ်များအကောင်အထည်မပေါ်မီအထွေထွေရွေးကောက်ပွဲများကျင်းပနိုင်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်နာဂျစ်ရာဇတ်က ပြောကြားခဲ့သည်။

နာဂျစ်အနေဖြင့် ၂၀၁၃ နှစ်ဦးလောက်တွင်ရွေးကောက်ပွဲများကျင်းပရမည်ဖြစ်သော်လည်း အတိုက်အခံခေါင်းဆောင်လွတ်မြောက်ပြီးစည်းရုံးမဲဆွယ်မှု မပြုလုပ်နိုင်မီလပိုင်းအတွင်းရွေးကောက်ပွဲများပြုလုပ်နိုင်သည်ဆိုသည့်ခန့်မှန်းချက်များထွက်ပေါ်လာခဲ့သည်။

၁၉၉၈ ခုနှစ်ကအာဏာလွန်ဆွဲပွဲတစ်ခုတွင်ရာထူးမှထုတ်ပယ်ခံခဲ့ရသော ဩဇာကြီးမားသည့်ဒုတိယဝန်ကြီးချုပ်ဟောင်းအန်ဝါသည် တစ်ချိန်က ဦးဆောင်ခွင့်ရရန်စောင့်ဆိုင်းခဲ့သည့် အာဏာရညွန့်ပေါင်းအစိုးရပြုတ်ကျရန် နှစ်ပေါင်းများစွာတိုက်ခိုက်ခဲ့သည်။ ယင်းညွန့်ပေါင်းသည် ၁၉၅၇ ခုနှစ် ဗြိတိန်ထံမှလွတ်လပ်ရေးရကတည်းကနိုင်ငံကိုအုပ်ချုပ်ခဲ့သည်။

၂၀၀၈ ခုနှစ်က ၎င်းသည်ငယ်ရွယ်သည့်လက်ထောက်တစ်ဦးနှင့် လိင်တူဆက်ဆံခဲ့သည်ဆိုသည့်စွဲချက်များမှ ယခုအခါ အန်ဝါသည် တရားသေလွတ်ခဲ့ပြီဖြစ်သည်။ အမှုသည် ၎င်းအားနိုင်ငံရေးလောကမှဖယ်ထုတ်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း အန်ဝါပြောကြားခဲ့သည်။ ယောကျ်ားချင်းလိင်တူဆက်ဆံမှုသည် မွတ်စလင်အများစုရှိသော မလေးရှားနိုင်ငံ၌ ထောင်ဒဏ် နှစ် ၂၀ ကျခံရသည်။

"မကြာခင် အချိန်ကောင်းရောက်လာတော့မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ကတိတွေ ဖြည့်ဆည်းဖို့ လိုပါသေးတယ်။ နောက်ပြီး ကျွန်တော်တို့ကတိပြုထားတဲ့ပြုပြင်ပြောင်းလဲရေးတွေဟာ အမှန်တကယ်အကျိုးရှိတယ်ဆိုတာ ခံယူထားဖို့ပြည်သူတွေအတွက်အရေးကြီးပါတယ်"ဟု နာဂျစ်ကပြောကြားခဲ့သည်။ ပြောင်းလဲမှုအစီအစဉ်များတွင် တရားခွင်မတင်ဘဲ ချုပ်နှောင်ထားနိုင်သည့် ကိုလိုနီခေတ်ဥပဒေတစ်ခုနှင့် အစိုးရအတိုက်အခံများကို နှိပ်ကွပ်သည်ဟုရှုမြင်ခံရသော ဥပဒေအချို့ဖျက်သိမ်းရန်ပါဝင်သည်။

*Ref: AFP*



တရားရုံးက အပြစ်မရှိကြောင်း အမိန့်ချမှတ်ပြီးနောက် မလေးရှားအတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်ကို တရားရုံးပြင်ပတွင် ဇန်နဝါရီ ၉ ရက်နေ့က တွေ့ရစဉ်

# ယူရေနီယမ်သန့်စင်စက်ရုံနှင့် သူလျှိုပြဿနာများကြောင့် အီရန်နှင့် အနောက်နိုင်ငံများအကြား ထိပ်တိုက်တွေ့နိုင်ခြေပိုများလာ

အီရန်တွင် ယူရေနီယမ်သန့်စင်နိုင်သောစက်ရုံသစ်ရှိကြောင်း အိုင်အေအီးအေက ဇန်နဝါရီလ ၉ ရက်တွင် အတည်ပြုမှု၊ အမေရိကန်နိုင်ငံသားတစ်ဦးကို စီအိုင်အေသူလျှိုဟုဆိုကာ အီရန်အစိုးရက သေဒဏ်ချမှတ်မှုတို့ကြောင့် အီရန်နှင့် အနောက်နိုင်ငံတို့အကြား အန္တရာယ်ကြီးသောထိပ်တိုက်တွေ့ဆုံမှု ဖြစ်ပွားရန်နီးကပ်လာနေကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းဖြင့် အီရန်နိုင်ငံက ၎င်း၏စစ်ရေးအင်အားကို ပြသခဲ့သလို အမေရိကန်နှင့်ဥရောပသမဂ္ဂတို့က ပိတ်ဆို့အရေးယူမှုကိုအသုံးချ၍ အီရန်စီးပွားရေးချည့်နဲ့အောင်အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

တီဟီရန်အနောက်တောင်ပိုင်း၊ မြေအောက်ဘန်ကာရှိ စက်ရုံထဲတွင် ယူရေနီယမ်သန့်စင်မှုစတင်မှုပြုလုပ်နေပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအဏုမြူအေဂျင်စီ (IAEA) က ဇန်နဝါရီလ ၉ ရက်တွင် အတည်ပြုခဲ့ရာ ယင်းလုပ်ရပ်မှာ ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုချိုးဖောက်ရာရောက်ကြောင်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့က ထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ထုတ်ပြန်မှုမှာ နိုင်ငံရေးအရလှုံ့ဆော်မှုဖြစ်ကြောင်း (IAEA) ဆိုင်ရာအီရန်သံအမတ်ကြီး Ali Asghar Soltanieh က တုံ့ပြန်ပြောကြားခဲ့သည်။ Fordo မြေအောက်စက်ရုံရှိကြောင်း ပြီးခဲ့သောနှစ်နှစ်ခန့်က ကြေညာထားပြီးဖြစ်ပြီး ၂၀ ရာခိုင်နှုန်းသန့်စင်မှုရှိသော ယူရေနီယမ်များကို ငြိမ်းချမ်းရေး၊ကင်ဆာကုထုံးအတွက် လိုအပ်သော isotopes များအတွက် ရည်ရွယ်၍ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း Soltanieh ကပြောကြားခဲ့သည်။

အီရန်၏ရည်ရွယ်ချက်အပေါ် စိုးရိမ်သော အစ္စရေးနိုင်ငံက ယင်းစက်ရုံသစ်နှင့်ပတ်သက်ပြီး ပိုမိုစိုးရိမ်စေမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသောအခြေအနေသို့ရောက်ရှိလာနေကြောင်း Carnegie Endowment for International Peace မှ မာ့ခ်ဟစ်ကပြောကြားခဲ့သည်။

တီဟီရန်ရှိ တော်လှန်ရေးတရားရုံးကအမေရိကန်မရိန်းတပ်သားဟောင်းအမီယာမာဇိုင်းဟက်မတ်တီကို စီအိုင်အေသူလျှိုဟုဆိုကာ ဇန်နဝါရီလ ၉ ရက်တွင် သေဒဏ်ချမှတ်ခဲ့သည်။ အမေရိကန်တွင်အခြေချခဲ့သော မိသားစုမှမွေးဖွားလာပြီး အီရန်နိုင်ငံသားခံယူထားသော အသက် ၂၈ နှစ်ရှိ ဟက်မတ်တီကို ပြန်လွှတ်ပေးရန် အမေရိကန်က တောင်းဆိုခဲ့သည်။

Ref;CNN

# အမေရိကန်က လေယာဉ်တင်သင်္ဘောအုပ်စုတစ်စုကို အာရေဗျပင်လယ်သို့ ထပ်မံစေလွှတ်

အမေရိကန်စစ်ဘက်က လေယာဉ်တင်သင်္ဘောအုပ်စုတစ်စုကို အာရေဗျပင်လယ်သို့ ဇန်နဝါရီလ ၁၁ ရက်တွင် ထပ်မံစေလွှတ်ခဲ့ပြီး ထပ်မံစေလွှတ်ရန်လည်းရှိကြောင်း ထုတ်ပြန်ခဲ့သည်။ အီရန်နှင့်ဆက်ဆံရေးတင်းမာနေမှုနှင့်ပတ်သက်၍ ယခုစေလွှတ်မှုမှာ ဆက်နွှယ်မှုမရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည့် မည်သည့်လုပ်ဆောင်မှုကိုမဆိုရပ်တန့်ပစ်မည်ဖြစ်ကြောင်း အမေရိကန်ရေတပ်အကြီးတန်း တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ထပ်မံစေလွှတ်ခဲ့သော USS Carl Vinson ကို ယခင်ရောက်ရှိနေသော USS John C.Stennis နှင့် အစားထိုးတပ်စွဲမည်ဖြစ်ကြောင်း သိရသည်။ Stennis လေယာဉ်တင်သင်္ဘောသည်ဆန်ဒီယေဂိုရှိဆိပ်ကမ်းသို့ပြန်လည်သွားရောက်မည်ဖြစ်သော်လည်းမည်သည့်အချိန်သွားရောက်မည်ကိုမူ ပင်တဂွန်က မထုတ်ပြန်ခဲ့ပေ။ အမေရိကန်လေယာဉ်တင်သင်္ဘော USS Abraham Lincoln သည် ထိုင်းနိုင်ငံသို့ ဇန်နဝါရီလ ၁၀ ရက်တွင် သွားရောက်ခဲ့ပြီး ယခုအခါ အိန္ဒိယသမုဒ္ဒရာတွင် ရောက်ရှိနေကြောင်း သိရသည်။ ယင်းသင်္ဘောသည် အာရေဗျပင်လယ်သို့ ရောက်ရှိနေသော Vinson လေယာဉ်တင်သင်္ဘောနှင့် ပူးပေါင်းမည်ဖြစ်ကြောင်းသိရသည်။

ယင်းကဲ့သို့ လေယာဉ်တင်သင်္ဘောနှစ်စီးသည် ပင်လယ်ကွေ့ဒေသတွင် တစ်ချိန်တည်းရှိနေမှုမှာ ထူးဆန်းသောကိစ္စမဟုတ်ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ ယင်းကဲ့သို့ လေယာဉ်တင်သင်္ဘောနှစ်စီး တစ်ချိန်တည်းရှိနေမှုမှာ ပြီးခဲ့သောတစ်နှစ်ခွဲအတွင်းအနည်းဆုံးနှစ်ကြိမ်ရှိခဲ့ကြောင်းအခြားတာဝန်ရှိသူတစ်ဦးကလည်းပြောကြားခဲ့သည်။

*Ref: AFP*



USS Abraham Lincoln လေယာဉ်တင်သင်္ဘော

# ဗြိတိန်အစိုးရ၏ကန့်ကွက်မှုရှိနေသော်လည်း ၂၀၁၄ တွင် ခွဲထွက်ရေးပြည်သူ့ဆန္ဒခံယူမည်ဟု စကော့တလန်ပထမဝန်ကြီးကြေညာ

ဗြိတိန်အစိုးရ၏ကန့်ကွက်မှုများရှိနေသော်လည်း ၂၀၁၄ ခုနှစ်တွင် ဗြိတိန်မှ ခွဲထွက်ရေးပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်မည်ဟု စကော့တလန်ပထမဝန်ကြီးနှင့် စကော့တလန်အမျိုးသားရေးဝါဒီပါတီခေါင်းဆောင် အလက်စ်ဆော်လ်မွန်ကကြေညာခဲ့သည်။

ဝက်မင်နစ္စတာ(ဗြိတိန်ပါလီမန်နှင့်အစိုးရအဖွဲ့ကိုရည်ညွှန်းသည်)၏ထောက်ခံမှုမရဘဲ စကော့တလန်တွင်ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်လျှင် တရားဝင်မည်မဟုတ်ဟု လန်ဒန်ကကြေညာခဲ့ပြီးနောက် မိနစ်ပိုင်းအတွင်း စကော့တလန်အစိုးရအဖွဲ့အကြီးအကဲနှင့် နိုင်ငံရေးခေါင်းဆောင်၏ရာထူးဖြစ်သော ပထမဝန်ကြီးရာထူးနေရာယူထားသူ ဆော်လ်မွန်က တုံ့ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ဘန်းနော့ခ်ဘန်းတိုက်ပွဲ အနှစ် ၇၀၀ ပြည့်ချိန် ၂၀၁၄ ခုနှစ်နွေဦးတွင် ခွဲထွက်ရေးပြည်သူ့ဆန္ဒခံယူမည့်အစီအစဉ်ကို ဆော်လ်မွန်က ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

"စကော့တလန်မှဖြစ်တည်ပြီး စကော့တလန်ကလုပ်တဲ့ စကော့တလန်ပါလီမန်ကတစ်ဆင့်ဖြစ်ပေါ်မဲ့ ပြည်သူ့ဆန္ဒခံယူပွဲလုပ်ရပါမယ်" ဟု ဆော်လ်မွန်ကပြောကြားခဲ့သည်။

ဗြိတိန်လိုလားသည့် စကော့တလန်တိုရီနှင့်လစ်ဘရယ်ဒီမိုကရက်များ အခြေအနေမကောင်းချိန်တွင် အားကောင်းနေသော စကော့တလန်အမျိုးသားရေးဝါဒီပါတီက ခွဲထွက်ရေးကို ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

၁၉၂၂ ခုနှစ်က အင်ဂလို–အိုင်းရစ်ရှ်သဘောတူညီချက်ဖြင့် အိုင်ယာလန်တောင်ပိုင်း ကောင်တီ ၂၆ ခု ကို အိုင်ယာလန်နိုင်ငံအဖြစ်ထူထောင်ခွင့်ပေးလိုက်ရပြီးသည့်နောက်ပိုင်း ဗြိတိန်အစိုးရအတွက် အကြီးမားဆုံး ဖွဲ့စည်းပုံဆိုင်ရာအကျပ်အတည်း ဖြစ်လာခဲ့သည်။

ဗြိတိန်အစိုးရအနေဖြင့် ခွဲထွက်ရေးပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပခွင့်ပြုရလျှင်ပင် စကော့တလန်ပါလီမန်ကဦးစီးကျင်းပခြင်းကိုခွင့်ပြုဖွယ်မရှိဘဲ ဗြိတိန်က ဦးစီးကျင်းပသည့်ပုံစံကိုလိုလားနေပြီး မဲပေးမည့်ပုံစံ၊ မဲပေးမည့်အသက်များတွင်လည်း ဆော်လ်မွန်စီစဉ်လိုသည့် ဆန္ဒခံယူပွဲနှင့် ကွဲလွဲချက်များရှိနေကြောင်း သိရသည်။

*Ref: Guardian*

# ကမ္ဘာ့နိုင်ငံများရှိ နျူကလီးယားသိုမှီးထားမှုများသည် လုံခြုံမှုမရှိဟု စစ်တမ်းတစ်စောင်က ဖော်ပြ

ကမ္ဘာ့နိုင်ငံများရှိ နျူကလီးယားသိုမှီးထားမှုများမှာ လုံခြုံမှုမရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏လက်တွင်းသို့ကျရောက်နိုင်ကြောင်း အမေရိကန် NGO အဖွဲ့အစည်းဖြစ်သည့် Nuclear Threat Initiative အဖွဲ့၏လေ့လာမှုသစ်တစ်ခုတွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၊ ပါကစ္စတန်နှင့်အီရန်နိုင်ငံတို့တွင် နျူကလီးယားမှုအတွက် လုံခြုံမှုမရှိဆုံးနိုင်ငံများဖြစ်ကြောင်း အဆိုပါအဖွဲ့၏ စစ်တမ်းတွင် ဖော်ပြခဲ့သည်။

နိုင်ငံ ၃၂ နိုင်ငံရှိ အဏုမြူ ကုန်ကြမ်းများရှိရာ နေရာ ရာပေါင်းများစွာ၏ ဘေးကင်းလုံခြုံမှုအမျိုးအစားသတ်မှတ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို စာရင်းပေးခဲ့ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တချို့နေရာတွေက အရမ်းကိုလုံခြုံပါတယ်။ ဒါပေမဲ့ နေရာအများစုမှာတော့ လုံခြုံမှုမရှိဘူး။ နျူကလီးယားကုန်ကြမ်းတွေဟာ ခိုးယူခံရခြင်း (သို့မဟုတ်) မှောင်ခိုဈေးကွက်မှ တစ်ဆင့်အကြမ်းဖက်သမားတွေဆီကို ရောက်သွားနိုင်ပါတယ်"ဟု စစ်တမ်းရေးသားသူများက ပြောကြားခဲ့သည်။

HEU ပမာဏ၊ နိုင်ငံအတွင်းပလူတိုနီယံရရှိမှု၊ ထိန်းသိမ်းနိုင်သည့်နေရာများအရေအတွက်၊ တည်နေရာကာကွယ်ရေးနှင့် ပို့ဆောင်ရေးရရှိနိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် အပြည်ပြည်ဆိုင်ရာ စံညွှန်းများကို အသုံးပြုနိုင်မှုစသည့် စံညွှန်းများကို အခြေခံပြီး ပညာရှင်များက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျ၊ ဟန်ဂေရီနှင့်ချက်နိုင်ငံတို့မှာ နျူကလီးယားသိုမှီးထားမှုလုံခြုံသည့် ထိပ်ဆုံးစာရင်းတွင် ဖော်ပြခံခဲ့ရသည်။ တရုတ်၊ အိန္ဒိယနှင့် အစ္စရေးနိုင်ငံတို့သည် နျူကလီးယား သိုမှီးမှုလုံခြုံရေးအတွက် အဆိုးဆုံးနိုင်ငံများအဖြစ် ဖော်ပြခံခဲ့ရသည်။

*Ref:AFP*



SECURING THE NUKES

Ranking from best to worst of nations with nuclear weapons.

| Rank | Country | Score |
|---|---|---|
| 1 | Australia | 94 |
| 2 | Hungary | 89 |
| 3 | Czech Republic | 87 |
| 4 | Switzerland | 86 |
| 5 | Austria | 85 |
| 13 | United States | 78 |
| 27 | China | 52 |
| 28 | INDIA | 49 |
| 30 | Iran | 46 |
| 31 | Pakistan | 41 |
| 32 | North Korea | 37 |

SOURCE: NTI NUCLEAR MATERIAL SECURITY INDEX

# ပူတင်၏မဲဆွယ်ဝက်ဘ်ဆိုက်တွင် ၎င်းကိုရာထူးနုတ်ထွက်ရေးတောင်းဆိုမှု အဆမတန်များပြား

ရုရှားသမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးချုပ်ဗလာဒီမာပူတင်၏ မဲဆွယ်စည်းရုံးရေးဝက်ဘ်ဆိုက်သည် ဇန်နဝါရီလ ၁၂ ရက်တွင် လွှင့်တင်ပြီး မိနစ်ပိုင်းအတွင်း ၎င်းကိုရာထူးမှနုတ်ထွက်ရန်နှင့် ရွေးကောက်ပွဲမဝင်ရန် တောင်းဆိုမှုများ အဆမတန်များပြားခဲ့ကြောင်း သိရသည်။

ယင်းဝက်ဘ်ဆိုက်မှာ ဟက်ကာတိုက်ခိုက်ခံရခြင်းဖြစ်ပြီး ပူတင်ဆန့်ကျင်ရေးစာသားများမှာ spam များဖြစ်ကြောင်း ပူတင်ပြောခွင့်ရပုဂ္ဂိုလ်နှင့်မဲဆွယ်ရေးတာဝန်ရှိသူဒီမစ်ထရီပက်စကိုဗ်က ပြောကြားခဲ့သည်။

ပူတင်က မတ်လရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ပြောင်းလဲမှုလိုလားနေသော ပြည်သူများအတွက် အစီအစဉ်ကြမ်းတစ်ခု ထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလ ၄ ရက်လွှတ်တော်ရွေးကောက်ပွဲအပြီး မဲလိမ်မှုနှင့် ပူတင်၏အာဏာရပါတီအပေါ် အသာပေးမှုများရှိခဲ့သည်ဟူသောစွပ်စွဲချက်များကြောင့် ပညာတတ်မြို့နေလူလတ်တန်းစားများအပါအဝင် ၁၂ နှစ်အတွင်း အကြီးမားဆုံးဆန္ဒပြမှုဖြစ်ပွားခဲ့သည်။

ပူတင်မှာ ရုရှားတွင် လူသိများခြင်းနှင့် ဩဇာလွှမ်းမိုးဆဲနိုင်ငံရေးသမားတစ်ဦးအဖြစ်ရှိနေသော်လည်း စက်တင်ဘာလတွင် သမ္မတအဖြစ်ရွေးကောက်ပွဲဝင်မည်ဟု ကြေညာခဲ့ပြီးနောက် ထောက်ခံမှုများကျဆင်းခဲ့သည်။

*Ref: Reuters*

# ကိုယ်ဝန်သည်အယောင်ဆောင်သော နယူးဇီလန်အမျိုးသမီး ကလေးခိုးမှုဖြင့် ဖမ်းဆီးခံရ

နယူးဇီလန်ရှိ အမျိုးသမီးတစ်ဦးသည် မိမိတွင် ကိုယ်ဝန်ရှိသည်ဟု မိသားစုကို ကိုးလလုံးလိမ်ညာခဲ့ပြီး ဆေးရုံမှကလေးတစ်ဦးကို ခိုးယူခဲ့ကြောင်း ရဲများက ပြောကြားခဲ့သည်။

နယူးဇီလန်ရှိ ဖီဂျီ–အိန္ဒိယမျိုးနွယ်မှဆင်းသက်သည့် အသက် ၂၄ နှစ်အရွယ် Neha Narayan က ကလေးမွေးဖွားခါနီးပြီဟု မိဘများကို ပြောကြားခဲ့သည့်အတွက် Auckland ရှိ Middlemore ဆေးရုံသို့ ပို့ပေးခဲ့သည်။

ယင်းနောက် အဆိုပါအမျိုးသမီးလက်ထဲတွင် ကလေးတစ်ဦးတွေ့ရှိခဲ့ကြောင်း၊ ဆေးရုံဝန်ထမ်းများက ၎င်းကို ကလေးအမေဟု ထင်မှတ်ခဲ့ကြောင်းရဲအဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် Ana Mari Gates Bowey က ပြောကြားခဲ့သည်။

"ဆေးရုံကနေပြန်တဲ့လမ်းမှာ သူ့လက်ထဲမှာ နှစ်ရက်သားအရွယ်အိန္ဒိယ ကလေးတစ်ဦးကို တွေ့ရတယ်။ မွေးဖွားဆောင်ထဲကနေ ကလေးကို ယူခဲ့တာဖြစ်တယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

*Ref: AFP*

# လူ့အဖွဲ့အစည်းနှင့် ပါဝါ

မြတ်သစ်



( ၁ )

၁၉၆၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သောကျောင်းသားများ၏ ဆန္ဒပြပွဲများသည်အောင်မြင်မှုမရှိခဲ့ဟုဆိုနိုင်ကောင်းသည်။

ကျောင်းသားအချို့သည်ခဲများဖြင့်အဆောက်အအုံတွေကိုပစ်ပေါက်ကြသည်။ တချို့က မော်တော်ကားများကို ပြောင်းပြန်လှန်ပြီး ကတုတ်ကျင်းသဖွယ် အကာအကွယ်ယူခဲ့ကြသည်။ ဤလုပ်ရပ်ကို ကြည့်ပြီး ကျောင်းသားများသည်အလုပ်သမားလူတန်းစား၏အုပ်ချုပ်မှုပုံစံပြုလုပ်ခဲ့ကြသည်ဟု မှတ်ယူထားကြသည်။ လက်ဝဲအစွန်းရောက် အစိုးရတစ်ရပ်ဖန်တီးမှုမျိုးဟု ယူဆသူတွေလည်းရှိသည်။

ဒီဂေါလ်အစိုးရအနေဖြင့် အလုပ်သမားများနှင့်ကျောင်းသားများပေါင်းစည်းပြီး အစိုးရဆန့်ကျင်ရေးတွေပြုကာနိုင်ငံ၏ ပါဝါကိုယူကြလိမ့်မည်ဟု တွက်ဆထားခဲ့ကြသည်။ ဤဖြစ်စဉ်သည်သမိုင်းဝင်ဖြစ်ရပ်ဖြစ်သည်။ ၁၉၆၈ ခုနှစ် ပြင်သစ်ကျောင်းသားလှုပ်ရှားမှုနှင့်စပ်လျဉ်းပြီး ပြင်သစ်ပညာရှင်များနှင့် ပြင်သစ်ကွန်မြူနစ်ပါတီတို့၏သဘာထားများ သိသိသာသာကွဲပြားလာသည်။

အထူးသဖြင့် ဤအရေးတော်ပုံကျရှုံးရခြင်းနှင့်ပတ်သက်၍ လက်ဝဲနိုင်ငံရေးသမားများ၏ရပ်တည်ချက်များကို ပညာတတ်လူငယ်များနှင့်ပညာရှင်များက မနှစ်သက်ခဲ့ကြပေ။ အိတ်စင်စတင်ရှယ်လစ်အယူအဆကိုလည်းကောင်း၊ အမေရိကန်နယ်ချဲ့အယူဆကိုလည်းကောင်း၊ မာ့က္ခဝါဒအယူဆကိုလည်းကောင်း၊ပညာတတ်တို့က ယုံကြည်မှုမရှိတော့။

ဒဿနပညာရှင်လိုင်ယိုတာ က La Condition Postmodern (The Postmordern Condition) ကျမ်းကိုရေးသားခဲ့ပြီး ကြီးကျယ်ခမ်းနားသော အရေးသားများသည် ကျဆုံးခဲ့ပြီဟုထောက်ပြခဲ့သည်။ ခမ်းနားကြီးကျယ်သောအရေးသားများဆိုသည်မှာ ကန့်၊ ဟေဂယ်နှင့် မာ့က္ခဝါဒတို့ကညွှန်းဆိုထားခဲ့သော သမိုင်းသည်တိုးတက်မှုရှေ့ရှုသည်။ အသိဉာဏ်က လူသားများကို လွတ်မြောက်စေသည်။ အသိဉာဏ်ပညာရပ်အားလုံးသည် လျှို့ဝှက်စွာပေါင်းစည်းမှုရှိသည်ဟူသောအချက်သည် မှန်ကန်မှုမရှိဟု လိုင်ယိုတာကဝေဖန်ခဲ့သည်။ ထိုထိုသော အယူဆများ၊ ဝါဒများသည် ယုံကြည်စိတ်ချရမှုဆုံးရှုံးနေပြီဟု သုံးသပ်ထားခဲ့သည်။

**အသိဉာဏ်ပညာမရှိဘဲ မကျေနပ်မှု ခံစားချက်တစ်ခုတည်းဖြင့် ပြောင်းလဲမှုတစ်ခုကိုအောင်မြင်စွာ မဖော်ဆောင်နိုင်...**

မအောင်မြင်သော တိုက်ပွဲနှင့်ပတ်သက်၍ပြင်သစ်ဒဿနပညာရှင်ဖူးကိုကယခုကဲ့သို့ထုတ်ဖော်ခဲ့သည်။ ၁၉၆၈ ခုနှစ် ကျောင်းသားဆန္ဒပြမှု၏ အောင်မြင်မှုအစစ်မှာ အုပ်ချုပ်ရေးပါဝါရရှိရေးအတွက် တော်လှန်ရေးလှေ့ကျင့်မှုမဟုတ်။ သာမန်ပြင်သစ်နိုင်ငံသူ၊ နိုင်ငံသားများ၏ရင်ထဲမှာတော်လှန်ရေး အသိအမြင်များကိန်းအောင်းလာခြင်းပင်ဖြစ်သည်။ တစ်ခုသေချာသည်က ၁၉၆၈ ခုနှစ်နောက်ပိုင်း၌ ပြင်သစ်နိုင်ငံမှာသာမကဘဲကမ္ဘာတစ်ဝန်းရှိအရပ်ဒေသတချို့တွင် မိမိတို့ လုံးဝစိတ်ကူးမထားသော၊ မမျှော်မှန်းထားသော အတွေးအခေါ်များရရှိစေရန်လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်ဆိုသောအချက်ဖြစ်၏။

အထူးသဖြင့် အနောက်ကမ္ဘာတွင် ၁၉၆၈ ခု အရေးအခင်းများကများစွာရိုက်ခတ်သွားခဲ့သည်။ ပါဝါဆက်ဆံရေး အနေအထားလည်းပြောင်းလဲမှုများဖြစ်ပေါ်စေခဲ့သည်။

ဤပါဝါဆက်ဆံရေးပြောင်းလဲမှုသည် အစိုးရတစ်ရပ်၊ အုပ်ချုပ်ရေးတစ်ရပ်၌သာမကဘဲအောက်ခြေအဆင့်တွင်ပါပြောင်းလဲလာခြင်းဖြစ်သည်။ နိုင်ငံရေးပါတီတစ်ရပ် သို့မဟုတ်ဒီမိုကရက်တစ်ဖြစ်စဉ်၏နိုင်ငံရေးတွင်သာမဟုတ်ဘဲ ဖိနှိပ်ခံပြည်သူ၊ အဖွဲ့အစည်းစသည်တို့တွင်လည်းကောင်း မိုက်ခရိုလူ့အဖွဲ့အစည်းပြောင်းလဲရေးဆိုင်ရာနိုင်ငံရေးတွင်လည်းကောင်း ပါဝါ၏ အရေးကြီးပုံကို ဖူးကိုးကထောက်ပြခဲ့သည်။ လိုင်ယိုတာနှင့်ဖူးကိုးတို့သည် လူ့အဖွဲ့အစည်းပြောင်းလဲမှုဖြစ်စဉ်ကို ပို့စ်မော်ဒန်အမြင်၊ ပို့စ်မော်ဒန်နိုင်ငံရေးတို့ဖြင့် ချဉ်းကပ်သုံးသပ်မှုတွေပြုလုပ်ခဲ့ကြသည်။

လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပါဝါနှင့်အသိပညာသည်ခွဲခြား၍မရ။ ပါဝါသည်ထိရောက်မှုရှိစေဖို့အတွက် အသိဉာဏ်ပညာမရှိ၍မရ။ ထို့အတူ အသိဉာဏ်သည် ပါဝါကို မောင်းနှင်ပေးသည်။ အသိဉာဏ်ပညာမရှိဘဲ မကျေနပ်မှုခံစားမှုတစ်ခုတည်းဖြင့် ပြောင်းလဲမှုတစ်ခုကိုအောင်မြင်စွာ မဖော်ဆောင်နိုင်။ ဤသို့လုပ်ဆောင်ခြင်းဖြင့်လည်းပါဝါရနိုင်မည်မဟုတ်။

( ၂ )

ပါဝါအရွေ့ သို့မဟုတ် ပြောင်းလဲမှုများကို အာရပ်ကမ္ဘာတွင်ဖြစ်ပေါ်ခဲ့သည်။ အီဂျစ်နိုင်ငံတွင် လူထုအုံကြွမှုပေါ်ပေါက်ခဲ့သည်မှာ တစ်နှစ်ပင်ပြည့်တော့မည်။ အီဂျစ်အခြေအနေနှင့်ပတ်သက်၍ ဖရိုက်ဒ်မင်းက ယခုလို ဖော်ပြထားသည်။ ဆင်တွေ ဝေဟင် ပျံဝဲနေသည်ကို မြင်တွေ့ပါကနှုတ်ပိတ်ထားပြီး ရေးမှတ်ရုံပဲ ရေးမှတ်ပါဟု ဆိုသည်။

အီဂျစ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သောလူထုအုံကြွမှုသည် ဆင်တွေဝေဟင်၌ပျံသန်းသည်နှင့်တူသည်ဟု သူကမှတ်ချက်ချသည်။ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းရေးကိုလိုလားကြသဖြင့် အီဂျစ်ပြည်သူတွေသည် လမ်းမပေါ်ထွက်ခဲ့ကြသည်။

“ကျွန်တော်တို့ အီဂျစ်အစိုးရသစ်ကိုမြင်ချင်တယ်။ အဲဒီအစိုးရသဘော၊အတွေးခေါ်သစ်တွေနဲ့ အုပ်ချုပ်တာလိုလားတယ်။ အဲဒီလိုမှဖြစ်မလာဘူးဆိုရင် တဟီရာရင်ပြင်ကို ပြန်သွားဖို့ဝန်မလေးဘူး”ဟု အီဂျစ်လူငယ်တစ်ယောက်ကပြောသည်။

ပြောင်းလဲမှုကို လိုလားတောင်းဆိုခဲ့သည့်ပြည်သူတွေနှင့် အီဂျစ်စစ်တပ်၏အနေအထား၊ အစ္စလာမ်မစ်အယူဆစွဲကိုင်ထားသည့် နိုင်ငံရေးသမားနှင့်ပါတီများ၊ လစ်ဘရယ်အယူအဆရှိသူများ၊ ပြီးတော့ အသက်၊ အိုးအိမ်မငဲ့ကွက်ဘဲ ဆန္ဒပြပွဲပြုလုပ်ခဲ့သူ လူငယ်များ၏အနေအထားတို့မှာ ဝေဝါးနေဆဲ။ နှုတ်ဆိတ်နေသောပြည်သူအများစု၏ ရင်ထဲမှမျှော်လင့်ချက်များနှင့်ဆန္ဒများသည် လစ်ဘရယ်အခြေအနေမှာတော့ ရေထဲမှာ အရုပ်ရေးတာကို ကြည့်နေသည့်ဘဝမှာပဲရှိနေဆဲ။

ပြည်သူတွေသည် မဲရုံသွားပြီး မဲဆန္ဒပေးခဲ့ကြသည်။ သူတို့၏မျှော်လင့်ချက်ကို မဲပြားပေါ်မှာတင်ထားခဲ့ကြသည်။ ခေတ်သစ်တစ်ခုစတော့မည်ဟူသောစိတ်ကူးဖြင့် မနက်ဖြန်အတွက်အသက်ဆက်နေကြသည်။ တကယ်တော့ မဲရုံများ၊ မဲဆန္ဒပေးခဲ့ကြသည့်ပြည်သူတွေအတွက် မနက်ဖြန်သည် သာယာလှပလာလိမ့်မည်ဟု မပြောနိုင်သေး။

အီဂျစ်နိုင်ငံကို ဦးဆောင်မည့်သူခေါင်းဆောင်တစ်ယောက် လိုအပ်နေသည်။ ထိုခေါင်းဆောင်သစ်သည် ပြည်သူတွေအတွက် လွတ်လပ်မှု၊ တရားမျှတမှုတွေကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့်အရည်အချင်းသတ္တိရှိရမည်။ သူသည် ပါဝါလည်းရှိရမည်။ အသိဉာဏ်လည်းရှိရမည်။ ထိုခေါင်းဆောင်သာ ပါဝါနှင့်အသိပညာရှိရမည်မဟုတ်သေး။

ပြည်သူတစ်ရပ်လုံးသည်လည်း ပါဝါကို ပိုင်ဆိုင်ခွင့်ရှိရမည့်အနေအထားတွင်ရှိရမည်။ ပါဝါဆိုသည်မှာ ဖူးကိုးအလိုအရတော့ လွတ်လပ်မှု၊ လုပ်ပိုင်ခွင့်မှု၊ စိုးမိုးခံရမှုနှင့် ခုခံဆန့်ကျင်မှုတို့နှင့်ဆက်စပ်ပတ်သက်နေသည်။ လူသားတစ်ဦးနှင့်တစ်ဦးပြန်လှန်ဆက်ဆံရေးဆိုင်ရာလက္ခဏာရပ်သည် ပါဝါပင်ဖြစ်လေသည်။

*Ref: Thomas L Friedman; Watching elephants fly.*

*- Michel Foucalt; Power.*




## ဥရောပမှတပ်ဖွဲ့ဝင် ၇၀၀၀ ခန့်အမေရိကန်ရုပ်သိမ်းမည်

ဥရောပအခြေစိုက်အမေရိကန်တပ်ဖွဲ့ဝင် ၈၁၀၀၀ ခန့်ရှိသည့်အနက် တပ်ဖွဲ့ဝင် ၇၀၀၀ ခန့် ရုပ်သိမ်းရန်စီစဉ်ထားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာ ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ပြောကြားခဲ့သည်။

ဥရောပမှ တပ်မဟာနှစ်ခုသို့မဟုတ်တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်ရုပ်သိမ်းမည်ဖြစ်ကြောင်း သို့သော်လည်း အဆိုပါဒေသတွင်း၌အမေရိကန်၏စစ်ဘက်တည်ရှိမှုမှာ တပ်ဖွဲ့များအလှည့်ကျထမ်းဆောင်ခြင်းဖြင့် ဆက်လက်အားကောင်းနေမည်ဖြစ်ကြောင်း Armed Forces Press Service နှင့်ပြုလုပ်သောအင်တာဗျူးတွင် ပန်နက်တာက ပြောကြားခဲ့သည်။

“ကျွန်တော်တို့ရဲ့မဟာဗျူဟာလမ်းညွှန်မှုသစ်နဲ့ပတ်သက်လို့ ကာကွယ်ရေးဝန်ကြီးနဲ့ဌာနဆိုင်ရာအကြီးတန်းအရာရှိတွေဟာ အနီးကပ်တိုင်ပင်ခဲ့ကြပါတယ်”ဟုပင်တဂွန်ပြောခွင့်ရပုဂ္ဂိုလ်ဂျော့လစ်တဲလ်က ပြောကြားသည်။ *Ref: AFP*

SUPER
(၂၀၁၀) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိနိုင်မည့် မင်းသား (အမျိုးသားဇာတ်ဆောင်ဆု)၊ မင်းသမီး (အမျိုးသမီးဇာတ်ဆောင်ဆု) နှင့်
ဒါရိုက်တာဆုအမည်တို့ကို ခန့်မှန်းဖြေဆိုပြီး စုစုပေါင်း
ကျပ်သိန်း ( ၂၀ )တန်ဖိုးရှိ ဆုများ ရယူပါ။
ဖြေဆိုရမည့် မူရင်းပုံစံစာရွက်များအား (၂.၁.၂၀၁၂)မှစ၍ စူပါကော်ဖီမစ် (၄၈)ထုပ်ဝင်၊(၃၀)ထုပ်ဝင်၊(၂၅)ထုပ်ဝင်၊စူပါအစိမ်းရောင်ကော်ဖီမစ်၊ စူပါလီမွန်တီး နှင့် စူပါကြွေကာ အထုပ်များတွင် ထည့်သွင်းပါရှိသည်။ စည်းကမ်းချက်များအတိုင်း မူရင်းစာရွက်တွင်ဖြည့်စွက်ပြီး စာတိုက်သေတ္တာအမှတ် (၈၂၁) (သို့) 18833 သို့ sms ဖြင့် ခန့်မှန်းပေးပို့ဖြေဆိုနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက Super Coffeemix Help Desk Ph: 01-2399000 သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# ထိုင်ဝမ်သမ္မတရွေးကောက်ပွဲတွင် တရုတ်နှင့်ဆက်ဆံရေးကောင်းမွန်သော လက်ရှိသမ္မတမာရင်ကျိုးအနိုင်ရ



အောင်ပွဲခံနေသည့် ထိုင်ဝမ်သမ္မတမာရင်ကျိုး



အရေးနိမ့်သွားသည့် ဒီပီပီဥက္ကဋ္ဌ ချိုင်အင်းဝမ်

ဇန်နဝါရီလ ၁၄ ရက်နေ့က ပြုလုပ်ခဲ့သည့် ထိုင်ဝမ်သမ္မတရွေးကောက်ပွဲတွင် တရုတ်နှင့်ဆက်ဆံရေးကောင်းမွန်သော လက်ရှိသမ္မတမာရင်ကျိုးက အနိုင်ရခဲ့ပြီး ဒုတိယသက်တမ်းဆက်လက်ထမ်းဆောင်ခွင့်ရခဲ့ကြောင်းသိရသည်။

မဲ ၉၀ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်တွင် ၅၁ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ကြောင်း အတည်ပြုနိုင်ခဲ့အပြီးတွင် အသက် ၆၁ နှစ်အရွယ်ရှိ မာက "ကျွန်တော်တို့အနိုင်ရပါပြီ" ဟု ထောက်ခံသူများကိုပြောကြားခဲ့သည်။

"လာမယ့် လေးနှစ်အတွင်းမှာ တရုတ်နဲ့ဆက်ဆံရေးဟာ ပိုပြီးသဟဇာတဖြစ်လာမှာဖြစ်သလို အပြန်အလှန်ယုံကြည်မှုနဲ့အတူအကျပ်အတည်းဖြစ်လာနိုင်စရာ နည်းပါးလာပါလိမ့်မယ်။ ထိုင်ဝမ်အတွက် ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်ဖြစ်အောင် ကျွန်တော် အာမခံပေးနိုင်မှာပါ"ဟု မာက ပြောကြားခဲ့သည်။

ကူမင်တန်ပါတီကိုယ်စားပြုယှဉ်ပြိုင်သူမာသည် ၂၀၀၈ ခုနှစ်က စတင်အာဏာရလာခဲ့ပြီးနောက် အနှစ် ၆၀ ကျော်အတွင်း တရုတ်နှင့် အကောင်းဆုံးဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သည်။ ယခုရွေးကောက်ပွဲတွင် မာကို အဓိက ယှဉ်ပြိုင်ခဲ့သူ ဒီမိုကရက်တစ်တိုးတက်ရေးပါတီ ဒီပီပီ ဥက္ကဋ္ဌ အမျိုးသမီးချိုင်အင်းဝမ်က ရှုံးနိမ့်ကြောင်း ဝန်ခံခဲ့ပြီး ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ကြောင်းပါ တစ်ပါတည်းကြေညာခဲ့သည်။ ထိုင်ဝမ်၏ပထမဆုံး အမျိုးသမီးခေါင်းဆောင်ဖြစ်လာရန် ရည်ရွယ်ခဲ့သူ ချိုင်သည် မဲအားလုံး၏ ၄၅ ဒသမ ၇ ရာခိုင်နှုန်းခန့် ရရှိခဲ့ကြောင်း စစ်တမ်းများက ဖော်ပြသည်။

ထိုင်ဝမ်ကျွန်းရှိ မဲပေးခွင့်ရှိသူ ၁၈ ဒသမ ၁ သန်းအနက် ၈၀ ရာခိုင်နှုန်းခန့်သာ မဲလာပေးခဲ့ကြဖွယ်ရှိကြောင်း ဗဟိုရွေးကောက်ကော်မရှင်ဥက္ကဋ္ဌ ချန်ပိုးယာက ပြောကြားခဲ့သည်။

မာသည် တရုတ်တွင် အခြေစိုက်ပြီး မဲပေးရန်ထိုင်ဝမ်သို့ ပြန်လာကြသော ထိုင်ဝမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် မိသားစုဝင်များ စုစုပေါင်း နှစ်သိန်းခန့်၏ ထောက်ခံမှုကြောင့် အသာရခဲ့ခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။ *Ref: AFP*

# ဆီးရီးယားအစိုးရကို စစ်ရေးအရအရေးယူရန် ကာတာစော်ဘွားတိုက်တွန်း

ဆီးရီးယားအစိုးရက အရပ်သားများကို သတ်ဖြတ်နေခြင်းအား ရပ်တန့်နိုင်ရေးအတွက် အာရပ်နိုင်ငံများက စစ်သည်များ စေလွှတ်သင့်ကြောင်း ကာတာစော်ဘွားက တိုက်တွန်းလိုက်သည်။

ကာတာစော်ဘွားရှိတ်ဟာမက်ဘင်ခါလီဖာအယ်လ်သာနီက "ဒီလိုအခြေအနေကို ရပ်တန့်ဖို့၊ သတ်ဖြတ်မှုတွေ ရပ်တန့်ဖို့ စစ်သည်အချို့ကို စေလွှတ်သင့်ပါတယ်"ဟု အမေရိကန်သတင်းဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။ အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားအခြေအနေကို စောင့်ကြည့်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရန် စောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့ပြီးနောက်တွင် ယခုကဲ့သို့ ကာတာဘက်မှ မှတ်ချက်စကားပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်အပတ်ကလည်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ်နဘီးလ်အယ်လ်အရာဘီက ဆီးရီးယား၏အခြေအနေသည် ပြည်တွင်းစစ်ဆီသို့ တွန်းပို့သွားနိုင်ပြီး ဆီးရီးယားမှာဖြစ်ပေါ်သမျှ ပြဿနာများသည် အိမ်နီးချင်းနိုင်ငံများကိုလည်း အကျိုးဆက်များ သက်ရောက်နိုင်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

စော်ဘွားဟာမက်သည် ပြီးခဲ့သည့် ဩဂုတ်လကတည်းက ဆီးရီးယားခေါင်းဆောင်ပိုင်း၏အင်အားသုံးနှိမ်နင်းမှုများကို ဝေဖန်ခဲ့သူဖြစ်သည်။

ဆီးရီးယားမြို့တော် ဒမတ်စကတ်မှ ကာတာသံအမတ်ကိုလည်း ပြန်ခေါ်ထားပြီးဖြစ်သည်။ လစ်ဗျားတွင် နေတိုးဦးဆောင်သည့် စစ်ဆင်ရေးဖြင့် ကဒါဖီအစိုးရကို တိုက်ခိုက်ရာတွင်လည်း ကာတာသည်ပထမဆုံးပူးပေါင်းပါဝင်ခဲ့သည့် အာရပ်နိုင်ငံဖြစ်သည်။

ယင်းအချိန်တွင် အမေရိကန်အရာရှိတစ်ဦးကလည်း အီရန်သည် ဆီးရီးယားအစိုးရ၏အင်အားသုံးနှိမ်နင်းမှုများအတွက် လိုအပ်သော လုံခြုံရေးနှင့်ဆိုင်သည့်ပစ္စည်းကိရိယာနှင့်ခဲယမ်းမီးကျောက်များကို ထောက်ပံ့ပေးနေသည်ဟု ယူဆရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်နက်ခဲယမ်းမီးကျောက်များ သယ်ဆောင်လာသည်ဟုယူဆရသော ရုရှားသင်္ဘောတစ်စင်းသည်လည်း ၎င်း၏အာရပ်ကမ္ဘာမှမိတ်ဖက်နိုင်ငံဖြစ်သည့် ဆီးရီးယားတွင် ဆိုက်ကပ်ခဲ့သည်။ *Ref: AFP*

# ကိုလံဘီယာ FARC သူပုန်ခေါင်းဆောင်သစ် အစိုးရနှင့်ညှိနှိုင်းရန်ဆန္ဒရှိ

မာ့က်စ်ဝါဒီ FARC ပြောက်ကျားများသည် သမ္မတဂျူဟွမ်မန်နျူယယ်ဆန်းတို့စ်နှင့်ညှိနှိုင်းဆွေးနွေးရန်ဆန္ဒရှိကြောင်း လွန်ခဲ့သည့်နှစ်လကမှ ခန့်အပ်ခံရသည့်ခေါင်းဆောင်သစ်က ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

ညှိနှိုင်းရေးစားပွဲတွင် ဖြေရှင်းရမည့် စိတ်ဝင်စားဖွယ်ကိစ္စများရှိကြောင်း သူပုန်တို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော သူပုန်ခေါင်းဆောင်တိုင်မိုလီယွန်တိုင်မိုချင်ကိုဂျမီနက်ဇ်၏ ကြေညာချက်တွင် ပါရှိသည်။ ပုဂ္ဂလိကပိုင်လွှဲပြောင်းမှု၊ ကန့်သတ်ထိန်းချုပ်မှုကင်းလွတ်ခွင့်၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းမှု၊ ဈေးကွက်စီးပွားရေးစနစ်အတွင်း ဒီမိုကရေစီ၊စစ်ရေးပေါ်လစီတို့နှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် မျှော်လင့်ကြောင်း ဂျမီနက်ဇ်က ပြောကြားခဲ့သည်။ FARC သူပုန်အဖွဲ့သည် ကိုလံဘီယာတွင် သက်တမ်းအရှည်ကြာဆုံးနှင့်အကြီးဆုံးအဖွဲ့ဖြစ်ပြီး သူပုန်အဖွဲ့ဝင် ၈၀၀၀ ခန့်ရှိမည်ဟု ယုံကြည်ရသည်။ အစိုးရနှင့် ၁၉၆၄ ခုနှစ်ကတည်းက တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

သူပုန်အဖွဲ့၏ ယခင်ခေါင်းဆောင် အယ်လ်ဖွန်ဆိုကာနိုမှာနိုဝင်ဘာလအစောပိုင်းကအစိုးရစစ်တပ်၏ထိုးစစ်တစ်ခုတွင်သေဆုံးခဲ့သည်။ FARC သူပုန်အဖွဲ့သည် ၂၀၀၈ ခုနှစ်ကတည်းက ကြီးမားသည့်ဆုံးရှုံးမှုများကြုံတွေ့နေရသည်။ *Ref: AFP*

# အီတလီတွင် လူ ၄၂၀၀ ပါဝင်သော အပျော်စီးသင်္ဘောရေအောက် ကျောက်ဆောင်နှင့်တိုက်မိကာ ဝမ်းပိုက်ကွဲတိမ်းမှောက်

အီတလီနိုင်ငံ အနောက်ဖက်ကမ်းရိုးတန်းတွင် လူ ၄၂၀၀ ပါဝင်သော အပျော်စီးသင်္ဘောတစ်စင်းမှာ ဇန်နဝါရီလ ၁၃ ရက်နေ့က ရေအောက်ကျောက်ဆောင်များနှင့်တိုက်မိသောကြောင့် ဝမ်းဗိုက်ကွဲတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တန်ချိန် တစ်သိန်းကျော်လေးသော ကော်စတာကွန်ကောဒီးယားသင်္ဘောနစ်မြှုပ်မှုနှင့်ပတ်သက်ပြီး သင်္ဘောကပ္ပတိန်ဖြစ်သူအား သင်္ဘောကို စွန့်ခွာမှု၊ လူသေစေမှုတို့ဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်းသိရသည်။



၁၄ ရက်နေ့အထိ သေဆုံးသူသုံးဦးရှိကြောင်း အတည်ပြုထားပြီး ၄၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟုသိရသည်။ အသက် ၅၂ နှစ်အရွယ်ရှိ သင်္ဘောကပ္ပတိန်ဖရန်စစ္စကိုရှက်တီနိုက မြေပုံတွင်မပါရှိသော ကျောက်ဆောင်များနှင့်တိုက်မိခဲ့ခြင်းဖြစ်ပြီး မိမိနှင့်သင်္ဘောအမှုထမ်းများသည် ယာဉ်ကို နောက်ဆုံးစွန့်ခွာခဲ့ကြသူများဖြစ်သည်ဟု ခုခံချေပထားသည်။

သို့ရာတွင် သင်္ဘောသည် ကျွန်းတစ်ကျွန်းနှင့်အလွန်နီးကပ်စွာမှားယွင်းမောင်းနှင်ခဲ့ခြင်းကြောင့် ကျောက်ဆောင်များနှင့်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးမှုများက ဖော်ပြသည်။

ယင်းအပြင် သင်္ဘောအမှုထမ်းများ၏စနစ်မကျသော ကယ်ဆယ်ရေးအစီအစဉ်ကြောင့် ခရီးသည်များ သေဆုံးခဲ့ရခြင်း၊ လွတ်မြောက်ရန်လက်ပစ်ကူးခဲ့ရခြင်းများရှိခဲ့သည်ဟု ဆိုသည်။ သင်္ဘောသည် ကမ်းမှစတင်ထွက်ခွာလာခဲ့ပြီးနောက် ပထမဆုံးညစာစားနေကြသည့်အချိန် မီးပျက်သွားခဲ့ပြီး ပေါက်ကွဲသံကြီးတစ်ခုကိုကြားခဲ့ရကာ သင်္ဘောတစ်ခြမ်းစောင်းသွားခဲ့သည်ဟု အသက်ရှင်ကျန်ရစ်သူများက ပြောကြားခဲ့သည်။

သင်္ဘောဝမ်းတွင် မီတာ ၅၀ မျှရှည်သော အပေါက်ကြီးဖြစ်သွားခဲ့သည်။ ရှက်တီနိုသည် ကယ်ဆယ်ရေးလွယ်ကူစေရန် ကမ်းနှင့်နီးအောင်သင်္ဘောကို ပဲ့ကိုင်ခဲ့သော်လည်း ဝမ်းဗိုက်အတွင်းရေဝင်မှုမှာ လျင်မြန်စွာဖြစ်ပေါ်ခဲ့သလို အသက်ကယ်လှေများထုတ်ပေးရာတွင်လည်း အလွန်နောက်ကျခဲ့သည်ဟုသိရသည်။

ခရီးသည်များမှာ အသက်ကယ်လှေများပေါ် တက်ရန်အမိန့်ကိုပင်ရရောစွာမရခဲ့သလို လှေများချပေးရာတွင်လည်း စည်းစနစ်မကျသောကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများရှိခဲ့ရခြင်းဖြစ်သည်ဟု ခရီးသည်များက ပြစ်တင်ဝေဖန်ခဲ့ကြသည်။

*Ref: CNN, AFP*



# အီဂျစ်တွင် တော်လှန်ရေးတစ်နှစ်ပြည့်သည့် ဇန်နဝါရီလ ၂၅ ရက်နေ့ကို အများပြည်သူအားလပ်ရက်အဖြစ်ကြေညာ

အီဂျစ်တွင် တော်လှန်ရေးတစ်နှစ်ပြည့်သည့် ဇန်နဝါရီလ ၂၅ ရက်နေ့ကို အများပြည်သူအားလပ်ရက်အဖြစ် ကြေညာခဲ့ပြီး ပျော်ပွဲရွှင်ပွဲများဖြင့် အထိမ်းအမှတ်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်းကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံကို ယာယီအုပ်ချုပ်နေသည့် စစ်ကောင်စီက ကြေညာခဲ့သည်။

ပွဲတော်အခမ်းအနားများဖြင့် စိတ်ဝင်စားဖွယ်ရာ ခမ်းခမ်းနားနားကျင်းပမည်ဖြစ်သော်လည်း အီဂျစ်ကို အုပ်ချုပ်နေသောစစ်ဘက်ခေါင်းဆောင်ပိုင်းသည် ကန့်ကွက်ဆန္ဒပြမှုများနှင့်ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေသည်။ မူဘာရက်ပြုတ်ကျသွားခဲ့သော်လည်း ထင်သာမြင်သာသည့်အပြောင်းအလဲများမရှိမှုအပေါ် ကန့်ကွက်မှုများဆက်လက်ဖြစ်ပေါ်ခဲ့ရာ အီဂျစ်စစ်တပ်က အင်အားသုံးနှိမ်နင်းမှုများရှိခဲ့သည်။ သို့ဖြစ်သောကြောင့် တစ်နှစ်ပြည့်အခမ်းအနားကို ဒုတိယမြောက်တော်လှန်ရေး စတင်သည့်အထိမ်းအမှတ်အဖြစ် မှတ်ယူကာ စစ်ကောင်စီကို ဆက်လက်ကန့်ကွက်ဆန္ဒပြကြရန် လူမှုရေးဝက်ဘ်ဆိုက်များမှနေပြီး လှုံ့ဆော်မှုများရှိနေသည်ဟု သိရသည်။

*Ref: Guardian*

# မီဒီယာဟာ ရန်သူမဟုတ်လို့ ကြောက်ဖို့မလို

ဝင်းအောင်ကြီး



မြန်မာပြည်မှ အပြောင်းအလဲများကို ကမ္ဘာ့မီဒီယာက နေရာပေးဖော်ပြလာချိန်၊ မြန်မာပြည်တွင်းမှာလည်း သတင်းလွတ်လပ်ခွင့်ပြုရေးမီဒီယာသမားများနှင့်တိုင်ပင်ကာလွှတ်တော်သို့တင်ပြ၊ ဥပဒေပြဋ္ဌာန်းလုပ်ဆောင်သွားမည်ဟု တာဝန်ရှိသူတစ်ဦး၏ပြောကြားချက် အကောင်အထည်ပေါ်လာလျှင် မြန်မာ့မီဒီယာသည်လည်း ကမ္ဘာ့မီဒီယာမိသားစုတွင်းဝင်လာနိုင်တော့မည်ဟူ၍ သုံးသပ်မိသည်။ မြန်မာ့မီဒီယာဆိုသည်မှာ ပုဂ္ဂလိကမီဒီယာကိုသာမကအစိုးရမီဒီယာကိုပါဆိုလိုပါသည်။ မြန်မာပြည်နှင့်ပတ်သက်သည့် သတင်းများဆိုလျှင်ယခင်ကမကောင်းမြင်သတင်းဆိုးများအဖြစ်နှင့်သာ မထင်မရှားထည့်သွင်းခဲ့သော ကမ္ဘာ့မီဒီယာတွင် ယနေ့မြန်မာပြည်က ဖြစ်ထွန်းမှုအပြောင်းအလဲသတင်းများကို စောင့်ကြည့်အနေအထားသာမက ဝေဖန်ချက်များ၊ ပါရဂူတို့၏ထင်မြင်ချက်များ၊ နောက်ခံသမိုင်းကိုးကားချက်များနှင့်နေရာပေး ဖော်ပြလာကြလေပြီ။

## ယနေ့ကမ္ဘာတွင် မြန်မာကျန်နေလို့မဖြစ်

မြန်မာပြည် ကမ္ဘာ့မိသားစုဝင်ဖြစ်ရေး၊ မြန်မာ့မီဒီယာသည်လည်း ကမ္ဘာ့မီဒီယာမိသားစုဝင်ဖြစ်ဖို့လိုသည်။ တိုင်းပြည်တစ်ပြည်၏ ကြန်အင်လက္ခဏာများအနက် မီဒီယာတစ်နည်းဆိုရသော် သတင်းလွတ်လပ်ခွင့်သည်လည်း အရေးကြီးအခန်းကနေပါဝင်ကြောင်း ကမ္ဘာကအသိအမှတ်ပြုထားသည်ကို မမေ့အပ်ပါ။ ခေတ်မီနည်းပညာများ၏ကျေးဇူးကြောင့် မြောက်ကိုရီးယားက Kim Jong-il ၏ စျာပနကို ကမ္ဘာအရပ်ရပ်က ဧည့်ခန်းထဲထိုင်ရင်း အပြည့်အဝကြည့်လို့ရနေသည့် အချိန်ကာလကိုရောက်နေလေပြီ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ရန်ကုန်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကိုယ်ကြားတွေ့ဆုံဆွေးနွေးအပြီး မိနစ်ပိုင်းအတွင်း ဘီဘီစီမှမီဒီယာသမားမီရှဲလ်ဟူစိန်က ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်တည်းနှင့်ဘာကြောင့်ခုလိုတွေ့ဆုံဆွေးနွေးရတာလဲ မေးခွန်းနှင့်အစချီသော ရုပ်သံလွှင့်အစီစဉ်ကို ကမ္ဘာအရပ်ရပ်ရှိ စိတ်ဝင်စားသူတိုင်းကြည့်ရသော်လည်း မြန်မာလူထုသန်း ၆၀ အနက် ဘယ်နှယောက်ကြည့်ရသလဲ။ မြောက်ကိုရီးယားကစျာပနကိုမကြည့်ရလျှင်လည်း ကိစ္စမရှိ၊ ဘီဘီစီ၏အမေးကို Hillary Clinton ဘယ်လိုဖြေသလဲဆိုတာကိုတော့မြန်မာတွေသိချင်ကြပေလိမ့်မည်။ တကယ်တော့ သိလည်းသိခွင့်ရှိပါသည်။ ဘာ့ကြောင့်မသိကြရသနည်း။

## မြန်မာတို့ခမျာ နီးလျက်ဝေး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား လန်ဒန်ကနေ ဗြိတိသျှမီဒီယာက လှမ်းမေးလို့ရလျှင် ရန်ကုန်ရှိမြန်မာမီဒီယာသမားတို့ ဘာဖြစ်လို့မမေးနိုင်ရတာလဲ။ မမေးချင်ဘဲဘယ်နေပါ့မလဲ။ ကိုယ့်မြေပေါ်ကသတင်းကိုယ့်တိုင်းပြည်ကိစ္စကိုယ့်ပရိသတ်ရဲ့စိတ်ဝင်စားမှုမို့ မြန်မာမီဒီယာသမားတို့ပိုလို့တောင် မေးချင်ကြမှာ မြေကြီးလက်ခတ်မလွဲတည်း။ မြန်မာမီဒီယာကမေးလာလျှင် ဧည့်သည်အမေရိကန်နိုင်ငံခြားရေးဝန်ကြီး

ဒီမိုကရေစီလမ်းကြောင်းပေါ် လှမ်းတက်နေရဆဲလား၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်နေပြီပဲထား သူတို့မှာ ခွန်အားရာခိုင်နှုန်းအပြည့်မရှိသေးလို့ သတင်းလွတ်လပ်ခွင့်ပေးလိုက်ဖို့ မဝံ့မရဲဖြစ်နေသလားစသဖြင့် တွေးတောစဉ်းစားလျှင်မှု အစိုးရကို နားလည်နိုင်ပါမည်။ အစိုးရချည်းသက်သက် ဒီမိုကရေစီလမ်းကြောင်းပေါ် လှမ်းတက်ဖို့ ခက်လိမ့်မည်...

ပိုလို့ပင်ဂရုတစိုက်ဖြေကြားရပါမည်။ ဖြေလည်းဖြေချင်ပေလိမ့်မည်။ ဒီကနေ့ကမ္ဘာမှာ ဘယ်နိုင်ငံက ဘယ်အဆင့်ခေါင်းဆောင်မဆို မီဒီယာသမားဆိုတာ မိမိတို့နှင့်တစ်လှေတည်းစီးတစ်ခရီးတည်းသွားဆိုတာသိထားလက်ခံထားကြရသည်။ မြန်မာပရိသတ်မသိရ၊မြန်မာမီဒီယာတို့အပြည့်အဝမမေးရသော ပြဿနာအဖြေရှာကြရတော့မည်။

မြန်မာပြည်တွင်းမှာလည်း သတင်းလွတ်လပ်ခွင့်ပြုရေး မီဒီယာသမားများနှင့်တိုင်ပင်ကာ လွှတ်တော်သို့တင်ပြ၊ ဥပဒေပြဋ္ဌာန်း လုပ်ဆောင်သွားမည်ဟု တာဝန်ရှိသူတစ်ဦးပြောကြားချက်အကောင်အထည်ပေါ်လာလျှင် အထက်ပါပြဿနာအဖြေတန်းမရသေးသည့်တိုင် သတင်းရှိပါလျက်နှင့် သတင်းငတ်နေရသည့်ပရိသတ်အတွက် အစိုးရနှင့်မီဒီယာတို့အတူတွဲကာ လုပ်ဆောင်ရေးလမ်းစဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု မြန်မာ့မီဒီယာနှင့်ကမ္ဘာ့မီဒီယာတို့တွင် အနှစ်ငါးဆယ်ကျော်ပါဝင်ခဲ့ဖူးသူတစ်ဦးအနေနှင့်စာရေးသူအပြည့်အဝ ယုံကြည်မျှော်လင့်ပါသည်။

## မြင်ပြီပြောပြီဆို လုပ်ဖို့လိုပြီ

သတင်းလွတ်လပ်ခွင့်မရှိလျှင် ဒီမိုကရေစီမရှိနိုင်ဟု သူထင်မြင်ကြောင်း အဆိုပါတာဝန်ရှိသူပြောကြားချက်ကလည်း နှစ်ထောင်းအားရစရာကောင်းလှပါ၏။ အလွန်မှန်သောစကား၊ အားတက်စရာကောင်းသောစကားဟုကိုယ်တွေ့ပေါ်အခြေခံကာဆိုပါရစေ။ ဒီကနေ့ မြန်မာပြည်ကိုအုပ်ချုပ်နေသော အစိုးရသည် အရပ်သားအစိုးရအစစ်လား၊ ဒီမိုကရေစီအပြည့်အဝကျင့်သုံးသလားဟု မေးလာပါလျှင် မေးခွန်းထုတ်သူလိုချင်သော အဖြေကိုကိုယ်တိုင်ပေးမှသာရပါလိမ့်မည်။ အရပ်သားအစိုးရဖြစ်ချင်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးမည့်အကြောင်း အနည်းဆုံးကမ္ဘာသိတာဝန်ယူပြောထားပြီး သတင်းလွတ်လပ်ခွင့်ပေးဖို့ဆန္ဒ အစိုးရမှာရှိနိုင်သည်ကို သံသယဖြစ်စရာမလိုပါ။ ဒီမိုကရေစီလမ်းကြောင်းပေါ်လှမ်းတက်နေရဆဲလား၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်နေပြီပဲထား သူတို့မှာခွန်အား ရာခိုင်နှုန်းအပြည့်မရှိသေးလို့သတင်းလွတ်လပ်ခွင့်ပေးလိုက်ဖို့မဝံ့မရဲဖြစ်နေသလားစသဖြင့် တွေးတောစဉ်းစားလျှင်မှု အစိုးရကိုနားလည်နိုင်ပါမည်။ အစိုးရချည်းသက်သက် ဒီမိုကရေစီလမ်းကြောင်းပေါ်လှမ်းတက်ဖို့ ခက်လိမ့်မည်၊ အစိုးရချည်းသက်သက် ဒီမိုကရေစီလမ်းကြောင်းပေါ်အဖော်မပါဘဲ လျှောက်နေပါလျှင် စမ်းတဝါးဝါးနှင့်အချိန်လည်းကြာခရီးလည်းမပေါက်ဖြစ်လိမ့်မည်ဟု ထောက်ပြပါရစေ။

## မီဒီယာဟူသည် အစိုးရအဖို့ အဖော်ကောင်း

မြန်မာပြည်တွင် ဒီကနေ့အစိုးရအဖို့ လက်တွဲရမည့်အဖော်ကားအခြားမဟုတ်၊ မီဒီယာဖြစ်သည်။ တာဝန်သိမီဒီယာကောင်းဖြစ်ရေးအတွက် သတင်းလွတ်လပ်ခွင့်ရှိကိုရှိရပါမည်။ ပြည်သူလူထုအနေနှင့်သူတို့ကံကြမ္မာကိုဖန်တီးနေသည့်အစိုးရလုပ်ဆောင်နေသည်များမှာ ပါဝင်ခွင့်မရသေးသည့်တိုင် ဘာတွေလုပ်နေသလဲဆိုတာလောက်တော့ သိခွင့်ရှိသည်။ သိသင့်သိထိုက်သည်များကို သိခွင့်မရလျှင် ထင်ကြေးနှင့်ခန့်မှန်းပြောဆိုရာကနေကောလာဟလတွေ ပေါ်လာရသည်။ သတင်းလွတ်လပ်ခွင့်သာရှိပါကကောလာဟလပေါ်လာစရာအကြောင်းမရှိပါ။ကောလာဟလသည်အစိုးရအတွက်ရော၊ မီဒီယာအတွက်ရော၊ နိုင်ငံအတွက်ရောအကျိုးမပြုပါ။ထို့ကြောင့် သတင်းလွတ်လပ်ခွင့် မီဒီယာမှာရှိဖို့အတွက် အစိုးရကတာဝန်ယူလုပ်ဆောင်ပေးရမည်။

ယနေ့မြန်မာမီဒီယာကို ယနေ့မြန်မာအစိုးရက သတင်းလွတ်လပ်ခွင့်ပေးရေး အဘယ့်ကြောင့်လက်တွန့်နေရသနည်း။ စာရေးသူအနေနှင့် အစိုးရတာဝန်ရှိသူများထံ တွေ့ဆုံမေးမြန်းခွင့်မရ၍အတိအကျမသိပါ။ သတင်းလွတ်လပ်ခွင့် ချက်ချင်းပေးလိုက်လျှင် ထိန်းမနိုင်သိမ်းမရ ကမောက်ကမ ဖြစ်ကုန်မလားဟု စိုးရိမ်နေသလားဆိုလျှင်တော့ အစိုးရကိုအပြစ်မတင်ဘဲနားလည်ရပါမည်။ ပြောကြစတမ်းဆို ယနေ့မြန်မာမီဒီယာကိုယ်၌ကလည်း ဖောင်းပွနေသည်။မြေစမ်းခရမ်းပျိုးနေကြရသည်။ အုတ်အရောရော ကျောက်အရောရောဖြစ်နေသည်။ မီဒီယာလမ်းကြောင်းပီပီပြင်ပြင်မရှိ၍လည်း ဦးတည်ရာမဲ့နေကာသွားရာခရီးမပေါက်ဘဲ တလွဲရောက်ချင်ရောက်နေမည်။ နှစ်ဖက်ညှိကာ ရဲရဲပြင်လို့ရပါသည်။

## ဒီမိုကရေစီရော သတင်းလွတ်လပ်ခွင့်ရောရှိခဲ့ဖူး

ယနေ့မြန်မာပြည်တွင် ဒီမိုကရေစီဆိုသည် အသစ်အဆန်းလို၊ သတင်းလွတ်လပ်ခွင့်ဆိုသည် ခဲရာခဲဆစ်ဖြစ်နေသည်ကို တွေးကြည့်သောအခါ၊ ဒီမိုကရေစီကျင့်သုံးသော သတင်းလွတ်လပ်ခွင့်ရှိသောမြန်မာပြည်တွင် မွေးဖွားကြီးပြင်းခဲ့ရသည့်၊ ဒီမိုကရေစီကွယ်ပျောက်သွားသော သတင်းလွတ်လပ်ခွင့် ကင်းမဲ့သွားသောကာလမြန်မာပြည်ကိုဖြတ်သန်းခဲ့ဖူးသည့်မီဒီယာသမားတစ်ဦးအနေနှင့်မကျေမနပ်လည်းမဖြစ်၊ ဝမ်းလည်းမနည်း၊ စိတ်မကောင်းတော့ဖြစ်မိသည်။

အကြောင်းကသည်လိုပါ။ မြန်မာပြည် ဗြိတိသျှတို့လက်အောက်သို့ လုံးလုံးလျားလျားရောက်မသွားမီကတည်းက မြန်မာတွေ ဒီမိုကရေစီ၏အရသာကို မြည်းစမ်းခွင့်၊ သတင်းလွတ်လပ်ခွင့်ကို စားသုံးနေခဲ့ကြရသောကြောင့်ဖြစ်သည်။ အောက်မြန်မာပြည် ဗြိတိသျှတို့ လက်အောက်သို့ရောက်စမှာပင် တနင်္သာရီတိုင်းနှင့်ရခိုင်တိုင်းတွင် အင်္ဂလိပ်လို၊ ဗမာလို၊ ကရင်လို၊ ရခိုင်လိုသတင်းစာတွေမြန်မာတို့ဖတ်နေကြရပြီ။

## သတင်းစာကိုမကြောက်သောဘုရင်

ထိုအခါ မန္တလေးနန်းတွင်းတွင်လည်း ၁၈၇၅ ခု၊ မတ်လ ၃၀ ရက်နေ့ကရတနာပုံနေပြည်တော်သတင်းစာစထွက်သည်ဟု ဆိုသည်။ ၁၈၇၄ ခုနှစ်လောက်အထိ စောနိုင်ကြောင်းလည်းခန့်မှန်းကြသည်။ မင်းတုန်းမင်းတရားကထုတ်ခိုင်းသလား၊ ဘိုးဝဇီရကသတင်းစာထုတ်ခွင့်လျှောက်သလားအတိအကျမသိနိုင်။ သေချာသည်ကတော့ မင်းတုန်းမင်းကြီး မီးစိမ်းမပြဘဲ ရတနာပုံနေပြည်တော်သတင်းစာနန်းတွင်းသားတို့ ဖတ်ခွင့်ရကြမည်မဟုတ်ဆိုသောအချက်တည်း။ သက်ဦးဆံပိုင်ဘဝရှင်မင်းတုန်းမင်းတရားကငါမကောင်းလျှင်ငါ့အကြောင်းရေး၊ မိဖုရားတွေမကောင်းလျှင် မိဖုရားတွေမကောင်းကြောင်းရေး၊ သားတော်သမီးတော်တွေမကောင်းလျှင် သားတော်သမီးတော်တွေမကောင်းကြောင်းရေး၊သတင်းသမားများ နန်းတွင်းသို့အတားအဆီးမရှိဝင်ခွင့်ထွက်ခွင့်ရှိစေရမည်ဟူ၍ သတင်းလွတ်လပ်ခွင့်ပေးခဲ့ကြောင်းမြန်မာသတင်းစာဆရာတို့ဂုဏ်ယူစွာပြောဆိုလေ့ရှိကြသည်။ မြန်မာပြည်သားများသတင်းစာဖတ်ချင်ကြ၊ သတင်းလွတ်လပ်ခွင့်ရချင်ကြမည်ကိုအလွယ်တကူခန့်မှန်းလို့ ရနိုင်ပါသည်။

ယခုဤဆောင်းပါးရေးချိန်တွင် စာရေးသူ၏ကလောင်သက် ၅၅ နှစ်ကျော်လာပါပြီ။ မြန်မာပြည်တွင်းအစိုးရမီဒီယာမှာရော ပုဂ္ဂလိကမီဒီယာမှာပါရေးခဲ့သည်။ အစိုးရစေလွှတ်၍ဆိုဗီယက်ယူနီယန်တွင်လည်း ကွန်မြူနစ်မီဒီယာအတွက် ရေးခဲ့ဖူးသည်။ ထိုင်းနိုင်ငံရောက်သွားတော့လည်း ပြည်ပအခြေစိုက် မြန်မာမီဒီယာအတွက်ရေးပေးရသည်။ အမေရိကန်ရောက်လာတော့လည်း အစိုးရသတင်းအေဂျင်စီအတွက် ရေးရပြန်သည်။ မည်သည့်အခါမှ ပြဿနာမတက်၊ အခက်မကြုံခဲ့ပါ။ တော်လွန်းတတ်လွန်း၍မဟုတ်ပါ။ ကလောင်ကိုင်တတ်သည့် လက်ဖြင့်ရေးသောကြောင့်ဖြစ်သည်။ ကလောင်မည်သို့ကိုင်ရမည်ကို ဆရာ့ဆရာများကသင်းပေးသောကြောင့်ကလောင်ကိုင်တတ်ခြင်းဖြစ်သည်။

## ကလောင် ဘယ်လိုကိုင်မလဲ

ရတနာပုံနေပြည်တော်သတင်းစာအတွက် ရေးသားသောအခါဆရာကြီးဘိုးဝဇီရသည် မျက်စိတစ်ဖက်က ကလောင်ကိုကြည့်ရင်း ကျန်မျက်စိတစ်ဖက်က မင်းတုန်းမင်းကြီးလက်ထဲကိုင်ထားသည့် သန်လျက်ကိုလှမ်းကြည့်ရသည်။ ထို့ကြောင့်လည်းဘိုးဝဇီရ၏ သားစဉ်မြေးဆက်မြန်မာသတင်းစာတို့ မည်သည့်အခြေအနေမျိုးတွင်မဆိုကလောင်ကိုကိုင်တတ်၊ သတင်းလွတ်လပ်ခွင့်သုံးတတ်ကြခြင်းဖြစ်သည်။ကလောင်ကိုစည်းနှင့်ကမ်းနှင့်ကိုင်ရပြီး မိမိရေးသားသည်များကိုလည်း တာဝန်ယူရဲရမည်။ ကလောင်ကိုင်ခွင့်ရသည်ကိုအလွဲသုံးစားလုပ်လို့မရ။ သို့မှာသာသတင်းစာဆရာသည် ကြောက်စိတ်ကင်းစွာ ကလောင်ကိုင်နိုင်မည်။ ကလောင်သွားသည်ဓားသွားထက်ပိုထက်သည်ဆိုသောစကားမှာ စာ–နယ်–ဇင်းသမားများကသူတို့ကိုယ်သူတို့အမွှန်းတင်ပြောဆိုခြင်းမဟုတ်၊ သုတေသီများ သမိုင်းဆရာများကမှတ်တမ်းတင်ကြခြင်းသာဖြစ်သည်။

## စာ-နယ်-ဇင်းမှသည် မီဒီယာသို့

သိပ္ပံပညာတိုးတက်လာသောအခါသတင်းစာများသာမက အသံလွှင့်လုပ်ငန်းပေါ်လာသည်။ နောက်တစ်ခါ ရုပ်မြင်သံကြားထွင်လာနိုင်သည်။ ခေတ်မီနည်းပညာ နေ့ချင်းညချင်းတိုးတက်လာနေသည့် ယနေ့ကမ္ဘာတွင် သတင်းစာ၊ ရေဒီယို၊ TV များသာမက ကွန်ပျူတာများသုံးကာ Internet , Online စသဖြင့်ရှိလာသည်။ ခဲစာလုံးများဖြင့် လူသုံးလေးယောက်စာစီစရာမလိုတော့သလိုစာစီခုံများယူထားသည့်နေရာတွင်ကွန်ပျူတာတစ်လုံးနှင့်လူတစ်ယောက်ရှိရုံနှင့်အလုပ်ဖြစ်လာပြီ။ သတင်းယူသည့်နေရာသတင်းပို့သည့်နေရာတွင်လည်းလွယ်ကူမြန်ဆန်လာသည်။ကလောင်ကိုသာမက မိုက်ကရိုဖုန်းများ၊ ကင်မရာ များကိုပါ ကိုင်လာကြရသည်။ စာ–နယ်–ဇင်းမှသည် ခေတ်အခေါ်မီဒီယာရယ်လို့ဖြစ်လာရသည်။ လျင်မြန်စွာ ပြောင်းလဲလာသည်။ မပြောင်းလဲသည်ကား ကျင့်ဝတ်နှင့်တာဝန်ယူရမှုဖြစ်သည်။ ကလောင်ကိုင်သောလက်အတွက် ကျင့်ဝတ်ကို မိုက်ကရိုဖုန်းကိုင်သောလက် ကင်မရာကိုင်သောလက် ကွန်ပျူတာကိုင်သောလက်တို့လည်းလိုက်နာကြရသည်။စာ–နယ်–ဇင်းတို့နည်းတူမီဒီယာကလည်း တာဝန်ယူရသည်။ တစ်သဘောတည်းဖြစ်သည်။

စာမျက်နှာ ၃၀ သို့ ➢ ➢

# နပိုလီယံ၊ မိုနာလီဇာ၊ အီဖယ်လ် ပြီးတော့ ...(၅)

ဝေဖြိုး၊ မြတ်ထွင့်

ရှေ့တစ်ပတ်မှအဆက်

နောက်တစ်ရက်မှာတော့ ရောမမြို့ရဲ့အထင်ကရနေရာတွေကိုလိုက်ပို့တဲ့ Travel Tour ကားနဲ့ မြို့တစ်ပတ်ပတ်ခဲ့ပါတယ်။ ဒီကားတွေက လမ်းကြောင်းတစ်ခုကို ၁၅ မိနစ်တစ်စီးနှုန်းနဲ့ ပုံမှန်လှည့်လည်သွားလာနေတာဖြစ်ပါတယ်။ ယာဉ်စီးခက တစ်နေကုန်ခရီး (Whole Day Trip) ဆိုရင် ၁၇ ယူရိုဖြစ်ပြီး၊ လက်မှတ်တစ်ခါဖြတ်ရုံနဲ့ကိုယ်စီးတဲ့ယာဉ်လိုင်းက ဘယ်ကားကိုမဆို တက်စီးနိုင်တဲ့အခွင့်အရေးပေးထားတာတွေ့ရပါတယ်။ ဒါကြောင့် ဘယ်နေရာသွားသွား ကိုယ်ကြိုက်နှစ်သက်သလောက်အချိန်အတိုင်းအတာအထိနေနိုင်ပြီး နောက်တစ်နေရာကို သွားချင်တဲ့အချိန်ကျမှ ဘတ်စ်ကားမှတ်တိုင်မှာ မိနစ်အနည်းငယ်သွားစောင့်နေလိုက်ရုံပါပဲ။ ရောမမြို့အတွင်းလှည့်ပတ်ကြည့်ရှုလိုတဲ့ ကမ္ဘာလှည့်ခရီးသည်တွေအတွက်အလွန်နားလည်လွယ်ကူပြီး ရိုးရှင်းတဲ့ Transport စနစ်လို့ဆိုရမှာပါ။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက်လည်း ရောမမြို့အတွင်းကိုတခြားကမ္ဘာလှည့်ခရီးသည်တွေနဲ့အတူ လွယ်ကူချောမွေ့စွာပဲသွားလာနိုင်ခဲ့ပြီး မြို့တွင်းကထင်ရှားနေရာအားလုံးကို တွေ့မြင်ခဲ့ရပါတယ်။ Public Transport ဟာ မိမိတို့ရဲ့နိုင်ငံသားတွေအတွက်သာမကဘဲ ကိုယ့်နိုင်ငံကိုလာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည်တွေအတွက်လည်းအတော်ကို အရေးပါတဲ့အရာဖြစ်သလို၊ သူတို့ရဲ့လုံခြုံမှုအတွက်လည်းအဓိကအထောက်အကူပြုတယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း လူအများစုအားထားနေရတဲ့ Public Transport စနစ်ကို အခုထက် အများကြီးတိုးချဲ့ပြင်ဆင်ဖို့လိုတယ်ဆိုတာကိုပြောဖြစ်ကြရင်း ရောမမြို့ရဲ့ ခေတ်ဟောင်းယဉ်ကျေးမှုနဲ့ ခေတ်သစ်တိုးတက်မှု အချိုးညီစွာပေါင်းစပ်ထားတာကို လေ့လာဖြစ်ခဲ့ကြပါတယ်။ လူအနည်းစုအသုံးပြုနေတဲ့ ယာဉ်တွေကို အဆင့်မြှင့်တာဟာ ပြုလုပ်သင့်တဲ့အရာတစ်ခုဖြစ်တယ်ဆိုရင် လူအများစုအသုံးပြုနေတဲ့ ဘတ်စ်ကားတွေ၊ ရထားတွေ အစရှိတာတွေကို စနစ်တကျနဲ့အဆင့်မြှင့်တင်ဖို့က ပိုပြီးလိုအပ်တဲ့၊ ပြုလုပ်သင့်တဲ့အရာတစ်ခုဖြစ်တယ်ဆိုတာကတော့ ပြောဖို့လိုမယ်မထင်ပါဘူး။ ရောမမြို့မှာ Public Transport အတွက် ဘတ်စ်ကားတွေ၊ မြေပေါ်၊ မြေအောက်မက်ထရိုရထားတွေကို အသုံးပြုနေသလို ရှေးအရင်က ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိခဲ့ဖူးတဲ့ ဓာတ်ရထား(Tram)ကိုလည်း ရောမမြို့လယ်ကောင်မှာ လှည့်ပတ်ပြေးဆွဲနေတာတွေ့ခဲ့ရပါတယ်။ ပဲရစ်မှာရော ရောမမြို့မှာပါ ကျွန်တော်တို့ သတိထားမိခဲ့တာကတော့ မြို့တွင်းသွားလာဖို့အတွက် ရထားတွေကို အဓိကအသုံးပြုတယ်ဆိုတာပါပဲ။ စရိတ်သက်သာပြီး လျင်လျင်မြန်မြန် ချောချောမွေ့မွေ့ ကိုယ်သွားလိုရာကို ရထားကသာရောက်ရှိနိုင်တာကြောင့် ကိုယ်ပိုင်ကားဝယ်စီးနိုင်သူတွေလည်း ရထားကိုသာ အားကိုးကြပါတယ်။ တစ်စီးနဲ့တစ်စီးအချိန်မခြားဘဲထွက်ခွာပြီး အချိန်မှန်တဲ့အပြင် ယာဉ်အသွားအလာကျပ်တဲ့ (Traffic Jam) ပြဿနာလည်းကြုံတွေ့စရာမရှိတာကြောင့် ရထားဟာ မြို့ကြီးအတော်များများမှာ သွားလာမှုအတွက် အဓိကကျတဲ့အရာတစ်ခုဖြစ်နေတာပါ။

ရောမမြို့ရဲ့အထင်ရှားဆုံးနေရာတစ်ခုဖြစ်တဲ့ ကိုလော့စီယန် (Colos-seum) ကိုရောက်ရှိခဲ့ပြီး၊ ရှေးယခင်က Galadiator သူရဲကောင်းတွေ သတ်ပုတ်ခဲ့တဲ့ လူ ၅၀၀၀၀ ဆံ့ကွင်းကြီးရဲ့ အံ့မခန်းတဲ့တည်ဆောက်ပုံကို လေ့လာဖြစ်ခဲ့ပါတယ်။ ရောမခေတ်က ဗိသုကာပညာရှင်တွေရဲ့အတွေးအခေါ်နဲ့ တည်ဆောက်ခဲ့သူတွေရဲ့ လုပ်အားအတွက် ရင်သပ်ရှုမောဖြစ်ခဲ့ရသလို၊ အီတလီအစိုးရရဲ့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကငွေရှာတဲ့ပုံစံကိုလည်း ချီးကျူးမိခဲ့ပါတယ်။ ဒီရှေးဟောင်းအမွေအနှစ်အဆောက်အအုံကြီးကို အခုထက်ပိုပြီးမပျက်စီးသွားအောင်ထိန်းသိမ်းထားပြီး လူတွေရဲ့စိတ်ဝင်စားမှုလျော့ကျမသွားအောင်လည်း အစားထိုးပြင်ဆင်မွမ်းမံခြင်းမရှိဘဲ ရှေးခေတ်အနုပညာလက်ရာတွေကိုလေ့လာနိုင်အောင်ဖန်တီးပေးထားပါတယ်။ ဒီအထဲဝင်ကြေးက ၁၂ ယူရိုဖြစ်ပြီး တစ်နှစ်ကို လူငါးသန်းနီးပါးလာရောက်လည်ပတ်တယ်ဆိုတာကြောင့် ကိုလော့စီယန်တစ်ခုတည်းတင် တစ်နှစ်ယူရိုငွေသန်း (၆၀)လောက်ရှာပေးတယ်လို့တွေးမိပါတယ်။ ရောမမြို့ဟာ ကမ္ဘာလှည့်ခရီးသည်တွေကိုဆွဲဆောင်တဲ့မြို့တစ်မြို့ဖြစ်တာကြောင့် ကမ္ဘာလှည့်တွေ အတော်များများလာရောက်ကြပြီး ခရီးသွားလုပ်ငန်းကနေနိုင်ငံအတွက် ငွေကြေးမြောက်မြားစွာရရှိနေပါတယ်။ ဒါ့အပြင် ကမ္ဘာလှည့်ခရီးသည်တွေ အိတ်ထဲကငွေတွေကို တစ်လုံးတစ်ခဲတည်းယူတာမျိုးမဟုတ်ဘဲ နည်းနည်းချင်းသဲ့ယူတဲ့ပုံစံကိုလည်းတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဟိုတယ်ကိုရောက်ရောက်ချင်း Check in လုပ်တော့လည်း Reservation လုပ်တုန်းကအွန်လိုင်းကနေ ငွေအားလုံးချေထားတာတောင်မြူနီစပယ်ကြေးဆိုပြီး တစ်ယောက်ကို တစ်ရက်(၃)ယူရိုနှုန်းထပ်ကောက်ပါတယ်။ မေးမြန်းကြည့်တော့ ရောမမြို့ကဟိုတယ်အားလုံးကိုမြို့တော်ဝန်အမိန့်နဲ့ကောက်ခိုင်းထားတာဖြစ်ကြောင်းသိရပါတယ်။

ကိုလော့စီယန်မှာ လှည့်ပတ်ကြည့်ရှုပြီးတဲ့နောက် ပုပ်ရဟန်းကြီးသီတင်းသုံးရာနေရာဖြစ်တဲ့ ဗာတီကန်စီးတီးကိုသွားရောက်ခဲ့ပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေအလေးအမြတ်ထားတဲ့ ဗာတီကန်စီးတီးမှာ ခရစ္စမတ်ကာလအတွက် အလွန်ကြီးမားတဲ့သစ်ပင်ကြီးနှစ်ပင်ကိုအလှဆင်နေတာရင်သပ်ရှုမောတွေ့ခဲ့ရပါတယ်။

အဲဒီနောက် ငွေအကြွေစေ့ကိုနောက်ပြန်ပစ်ပြီး ဆုတောင်းရင် ဆုတောင်းပြည့်တယ်ဆိုတဲ့ Trevi Fountain ရေပန်းရှိရာ အဆောက်အအုံကိုသွားရောက်ချိန်မှာတော့ ညနေစောင်းပါပြီ။ နေရာတိုင်းမှာ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ပြည့်ကျပ်နေတဲ့ရောမမြို့ရဲ့အလှအပတွေကိုခံစားပြီး Via Del Tritone လမ်းပေါ်က Messenger သတင်းစာတိုက်ကို ရောက်ရှိသွားခဲ့ပါတယ်။ Messen-ger သတင်းစာတိုက်က ဂျာနယ်လစ်တစ်ဦးနဲ့ ခေတ္တစကားပြောဖြစ်ခဲ့ပြီး ဒီသတင်းစာတိုက်ရဲ့ ပထမဆုံးစာပုံနှိပ်စက်နဲ့အတူ အမှတ်တရဓာတ်ပုံရိုက်ဖြစ်ခဲ့ပါတယ်။ ဒီသတင်းစာဟာ ၁၈၇၈ ခုနှစ်ကတည်းကစတင်ထုတ်ဝေခဲ့တာဖြစ်ပြီး၊ နေ့စဉ်စောင်ရေနှစ်သိန်းခွဲနီးပါးထုတ်ဝေကာ အီတလီနိုင်ငံရေးအသိုင်းအဝိုင်းက တလေးတစားရှိတဲ့သတင်းစာဖြစ်တယ်လို့လည်း သိရပါတယ်။

Messenger ကနေ အပြန်ခရီးမှာတော့ နေဝင်မှောင်စပျိုးနေပြီဖြစ်လို့ ညဘက်မှာ အလွန်လှပတယ်ဆိုတဲ့ ရောမမြို့ရဲ့ Via Del Corso လမ်းကို ကျွန်တော်တို့တည်းတဲ့ဟိုတယ်မှာ အလုပ်လုပ်တဲ့ မြန်မာလူမျိုးကိုအောင်ကျော်ဇောနဲ့အတူ သွားရောက်ခဲ့ပါတယ်။ ရောမမြို့ကိုရောက်တုန်းရောက်ခိုက် ရောမအခြေစိုက်အသင်းတွေဖြစ်တဲ့ရိုးမားဖြစ်စေ၊ လာဇီယိုဖြစ်စေ တစ်သင်းသင်းရဲ့ စီးရီးအေပွဲကိုကြည့်မယ်လို့အားခဲထားပေမယ့် ကျွန်တော်တို့ရောက်တဲ့နေ့တွေမှာ လာဇီယိုက အိမ်ကွင်းပွဲစဉ်မရှိဘဲရိုးမား–ဂျူဗင်တပ်စ်ပွဲကလည်း တနင်္လာနေ့မှကစားမှာဖြစ်တာကြောင့် စီးရီးအေပွဲကြည့်ဖို့အခွင့်အရေးနဲ့လွဲခဲ့ရပါတယ်။ ဒါပေမယ့် ရသေ့စိတ်ဖြေဆိုသလိုပဲ ကိုအောင်ကျော်ဇောကို ရိုးမားနဲ့ လာဇီယိုအသင်းတွေရဲ့အိမ်ကွင်းဖြစ်တဲ့ အိုလံပီကိုကွင်းကိုလိုက်ပို့စေခဲ့ပါတယ်။ လူသူကင်းရှင်းပြီး ခြောက်ကပ်တိတ်ဆိတ်နေတဲ့ အိုလံပီကိုကွင်းထဲမှာရောမမြို့ရဲ့ယဉ်ကျေးမှုဖြစ်တဲ့ရုပ်တုတွေကိုလည်း မြောက်မြားစွာတွေ့ခဲ့ရပါတယ်။ကျွန်တော်တို့ရဲ့ ဥရောပခရီးစဉ်ရဲ့နောက်ဆုံးညကို ကိုလော့စီယန်ရဲ့ ညအလှနဲ့ဖြတ်သန်းခဲ့ပြီး၊ နောက်တစ်နေ့မှာတော့ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ကနေတစ်ဆင့်ပြန်ခဲ့ကြပါတယ်။ ဒီခရီးစဉ်မှာ အမှတ်တရဖြစ်ရပ်တွေ၊ အတွေ့အကြုံတွေများစွာရှိခဲ့သလို၊ နောက်ဆုံးအမှတ်တရဖြစ်စေခဲ့တာကတော့ ပဲရစ်မြို့က Charles de Gaulle လေဆိပ်မှာ ဆွစ်ဇာလန်တင်းနစ်မယ်မာတီနာဟင်းဂစ်နဲ့ ဆုံဆည်းခဲ့ရတာပါပဲ။ ကျွန်တော်တို့နှစ်ဦးမိတ်ဆက်စကားပြောခဲ့ရာမှာ ဖော်ရွေတဲ့အပြုံးနဲ့တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ကချီးမြှင့်တဲ့ ၂၀၁၁ခုနှစ်အတွက် မီဒီယာဆုကို Eleven Media Group ကိုယ်စားတက်ရောက်ရယူခဲ့တဲ့ ကျွန်တော်တို့ရဲ့ခရီးစဉ် ချောချောမွေ့မွေ့နဲ့ပြီးဆုံးခဲ့ပြီး၊ ရန်ကုန်မြို့ကိုပြန်လည်ရောက်ရှိချိန်မှာတော့ ညမှောင်နေပါပြီ။

ဘာပဲဖြစ်ဖြစ်ထူးခြားတဲ့ခရီးစဉ်နဲ့အတူ ကျွန်တော်တို့ရဲ့အနာဂတ်အတွက် မျှော်လင့်ချက်တွေအပြည့်ယုံကြည်ချက်တွေအပြည့်နဲ့ အပြန်လမ်းမှာ ထူးအိမ်သင်ရဲ့ကြယ်တွေစုံတဲ့ညသီချင်းကို ညည်းတွားမိရင်း...



ရောမမြို့ရဲ့အထင်ရှားဆုံးနေရာ တစ်ခုဖြစ်တဲ့ကိုလော့စီယန် (Colos-seum)





မာတီနာဟင်းဂစ်နှင့်အတူ

စာမျက်နှာ ၂၆ မှအဆက်

### လူထု၏အခန်းကဏ္ဍ

ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံတွင် လူထုသည် အရေးကြီးသောအခန်းကဏ္ဍကပါဝင်သည်။ လူထုဆိုသည်မှာ လူမျိုးမရွေး၊ဘာသာမရွေးနိုင်ငံသား အားလုံးကိုဆိုလိုသည်။ တိုင်းတစ်ပါးကလာရောက်နေထိုင် လုပ်ကိုင်နေကြသည့်နိုင်ငံခြားသားများကိုပါ ထည့်သွင်းစဉ်းစားရသည်။ လူထုကိုပေါ့သေးသေးတွက်လို့မရကြောင်း အစိုးရကလည်းသိသည်။ မီဒီယာကလည်းသိသည်။ လူထုကရွေးကောက်တင်မြှောက်မှသာလျှင် အစိုးရဆိုတာဖြစ်လာနိုင်သည်။ လူထုကလက်မခံနိုင်တော့ဘူးဆိုလျှင် နောက်ရွေးကောက်ပွဲအထိ စောင့်နေစရာမလိုဘဲ အစိုးရကိုဖယ်ရှားလို့ရသည်။ ထိုနည်းတူစွာလူထုကလက်ခံမှသာလျှင် မီဒီယာရှင်သန်လို့ရသည်။ စာ–နယ်–ဇင်းတွေ ဘယ်လောက်ထွက်ထွက်လူထုကမဖတ်လျှင်ရပ်သွားလိမ့်မည်။ အသံလွှင့်ဌာနတွေ ဘယ်လောက်များများလူထုကနားမထောင်လျှင် အသံလှိုင်းတွေနားထဲမဝင်နိုင်ဘဲ လေထဲတဝဲလည်လည်ဖြစ်နေမည်။ ရုပ်သံလွှင့်တွေ ဘယ်လောက်ကြိုးစားကြိုးစား လူထုက TV ပိတ်ထားလျှင် အလကားဖြစ်သွားမည်ကို သတိပြုသင့်သည်။ ထို့ကြောင့်လည်း လွတ်လပ်ပွင့်လင်းသည့်လူ့အဖွဲ့အစည်းတွင် လူတစ်ဦးတစ်ယောက်ချင်းကို အစိုးရကရော မီဒီယာကပါလေးစားတန်ဖိုးထားကြရခြင်းဖြစ်သည်။

### ယနေ့ မြန်မာလူထု အစိုးရနှင့်မီဒီယာ

ယနေ့မြန်မာပြည်က အခြေအနေကိုသုံးသပ်လျှင်အစိုးရကနေရာယူထားသည်၊မီဒီယာကလည်းနေရာရသလောက်တော့ရနေသည်။ နေရာမရဘဲပျောက်နေသည်က ပြည်သူလူထုဆိုနိုင်ပါသည်။ အစိုးရမှာ အာဏာရှိ၍ မီဒီယာသမားများအား အရေးယူနိုင်သည်၊ ဖမ်းဆီးနိုင်သည်၊ ထောင်ချနိုင်သည်။ မီဒီယာသမားများအနေနှင့်မူ ဒီမိုကရေစီနိုင်ငံများမှာလို အစိုးရကိုတရားစွဲနိုင်သောအဆင့်သို့မရောက်သေး။ ထိုအဆင့်သို့ရောက်ရေးလုပ်ဆောင်ပေးဖို့အစိုးရမှာတာဝန်ရှိသည်။ မီဒီယာဆိုင်ရာဥပဒေတစ်ရပ် လိုအပ်လာသည်။ သတင်း လွတ်လပ်ခွင့်ပေးရဲလာအောင် တာဝန်သိပိပြင်သည့်မီဒီယာဖြစ်ရပါမည်။ အုတ်အရောရောကျောက်အရောရောနှင့် ဖောင်းပွနေရာကနေ မီဒီယာ အတုအယောင်များလျော့နည်းကင်းစင်သွားသည့် တာဝန်သိမီဒီယာဖြစ်ရေးခက်ခဲသည့်ကြားနှစ်ဖက်လက်တွဲကြိုးပမ်းကြပါလျှင်မရစရာအကြောင်းမရှိပါ။ ပြင်ပကမ္ဘာကိုလှမ်းကြည့်သလို ကိုယ့်မြန်မာပြည်တွင် တကယ်ရှိခဲ့ဖူးသည်များကို သမင်လည်ပြန်ကြည့်လိုက်ပါက ပိုမိုမြန်ဆန်အဆင်ပြေနိုင်ပါသည်။ ဘုံပျောက်နေသည့်လူထုလည်း သူ့နေရာသူပြန်ရောက်ကာ သူ့တာဝန်သူယူလာလိမ့်မည်။ ထို့ကြောင့်အစိုးရနှင့်မီဒီယာသမားတို့ကြားကျယ် ကျယ်ပြန့်ပြန့်ဆွေးနွေးကြပါ၊ အလေးထားညှိနှိုင်းကြပါ၊ မြန်မြန် ဆန်ဆန်အကောင်အထည်ဖော်လုပ်ဆောင်ကြပါဟု တိုက်တွန်းလိုပါသည်။

ဒီမိုကရေစီလိုချင်ကြသည်ဆိုပါက လက်နှေးမနေပါနှင့်။ တစ်ရက်စောပြီး ဒီမိုကရေစီမျိုးစေ့ချလျှင် တစ်ရက်စောအပင်ပေါက်မည်။ တစ်ရက်စောအပင်ပေါက်လျှင် တစ်ရက်စောသီးပွင့်မည်။ ထိုအခါတစ်ရက်စောပြီး ဒီမိုကရေစီ အသီးအပွင့်ကိုစားသုံးကြရမည်မဟုတ်ပါလား။

# တရုတ်နှစ်သစ်ကူးကာလ ကုန်စည်စီးဆင်းမှု နည်းပါးမှုနှင့်အတူ တန်ဆာခဈေးနှုန်းများကျဆင်း

တရုတ်နှစ်သစ်ကူးကာလ ကုန်စည်စီးဆင်းမှု နည်းပါးမှုနှင့်အတူ တန်ဆာခဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ရန်ကုန်–မန္တလေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

"ကုန်စည်တင်တာများတာကတော့ စားသောက်ကုန်ကို ဦးစားပေးပြီး လူသုံးကုန်နဲ့အိမ်သုံးပစ္စည်းတွေကိုတင်တယ်။ တန်ဆာခဈေးနှုန်းတွေက ၂၀၁၁ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလအတွင်း ရန်ကုန်ကနေ မန္တလေးတန်ဆာခ တစ်ပိဿာကျပ် ၁၂၀၊ မန္တလေးကနေရန်ကုန် တစ်ပိဿာကျပ်၇၀ ယူခဲ့တယ်။ အခု ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကုန်အဝင်နည်းတော့ ရန်ကုန်ကနေ မန္တလေး တစ်ပိဿာကျပ် ၁၀၀၊ မန္တလေးကနေ ရန်ကုန် တစ်ပိဿာကျပ် ၄၀ နဲ့ ဈေးလျှော့ပြီးတင်ပါတယ်"ဟု ဂိတ်ပိုင်တစ်ဦးကပြောကြားသည်။

"ကုန်စည်တွေက တရုတ်ကုန်ပစ္စည်းများတယ်။ တရုတ်နှစ်သစ်ကူးချိန်နီးပြီဆိုတော့ကုန်စည်စီးဆင်းမှု တော်တော်ကျသွားတယ်။ အရင်နှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလပိုင်းတွေမှာ ရန်ကုန်ကနေ မန္တလေးကို ကုန်တွေပို့တာတစ်နေ့ဂိတ်တစ်ဂိတ်ကို ကားသုံးလေးစီးရှိခဲ့တယ်။ ဒီရက်ပိုင်းအတွင်း ဂိတ်တစ်ဂိတ်ကို တစ်နေ့တစ်စီးနှစ်စီးထွက်တယ်။ မန္တလေးကနေရန်ကုန်ကို ကုန်စည်ပို့တာကလည်း အခုရက်ပိုင်းအတွင်း ဂိတ်တစ်ဂိတ်ကိုတစ်စီးကနေရက်ခြားတစ်စီးလောက်ပဲထွက်နေတာ။ ဒါတောင်ကုန်ရဖို့မလွယ်ဘူး"ဟု ဆက်လက်ရှင်းပြသည်။

"ရန်ကုန်–မန္တလေး ယခင်လမ်းပိုင်းတုန်းက ကားနှင့်ကုန်အပါအဝင်ခြောက်ဘီးကားတစ်စီး၂၅ တန်၊ ၁၀ ဘီးကား တန် ၃၀၊ ၁၂ ဘီး ကား တန် ၄၀တင်ဆောင်စေခဲ့တယ်။ အခုခြောက်ဘီးကားတစ်စီးကို ၁၆ တန်၊ ၁၀ ဘီးကား ၂၁ တန်၊ ၁၂ ဘီးကား ၂၅ တန်ထက်မကျော်ရဘူး။ အရင်ကကုန်ချိန်များတော့ ရန်ကုန်–မန္တလေး လမ်းမှာနှစ်ညအိပ်သုံးရက်ကြာတယ်။ အခုကုန်ချိန်လျော့သွားတော့ တစ်ညအိပ်နှစ်ရက်ပဲကြာတယ်"ဟု ၁၂ ဘီးကားမောင်းသူတစ်ဦးကပြောကြားသည်။

သက်ထွန်းအောင်



မန္တလေးမြို့ ချမ်းမြရွှေပြည် (ကျွဲဆည်ကန်)ကားကြီးကွင်း

# ၂၀၁၁ ခုနှစ်အတွင်း မိတ္ထီလာခရိုင်၌ မီးလောင်မှု ၂၆ ကြိမ်ဖြစ်ပွားခဲ့

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၁၁ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှု ၁၃ ကြိမ်၊ မလှိုင်မြို့တွင် မီးလောင်ကျွမ်းမှု ခြောက်ကြိမ်၊ သာစည်မြို့တွင် မီးလောင်ကျွမ်းမှု သုံးကြိမ်၊ ဝမ်းတွင်းမြို့တွင် မီးလောက်ကျွမ်းမှု လေးကြိမ်ရှိခဲ့ပြီး ခရိုင်အတွင်းမီးလောင်ကျွမ်းမှု စုစုပေါင်း ၂၆ ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း မိတ္ထီလာမီးသတ်ဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့မှာ ၂၀၁၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက မီးလောင်ကျွမ်းမှုဖြစ်စဉ်လျော့နည်းခဲ့ပြီး မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့များမှာ ၂၀၁၀ ခုနှစ်ထက် မီးလောင်ကျွမ်းမှုဖြစ်စဉ်ပိုမိုခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှသိရသည်။

၂၀၁၁ ခုနှစ်အတွင်း မိတ္ထီလာခရိုင်အတွင်းဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုများတွင် ပေါ့ဆမီးကြောင့်ဖြစ်ပွားမှုမှာ အများဆုံးဖြစ်ပြီး လူအသေအပျောက် မရှိခဲ့ကြောင်း သိရသည်။

ဝဏ္ဏ(မိတ္ထီလာ)

# ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာန၌ရှိသော မိဘမဲ့ကလေးများတွင် မိဘကိုယ်တိုင် ဆေးရုံ၌ စွန့်ပစ်ထားခံရသည့် ကလေးငယ်အများဆုံးဖြစ်

ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာန၌ရှိသော မိဘမဲ့ကလေးများတွင် မိဘကိုယ်တိုင် ဆေးရုံ၌စွန့်ပစ်ထားခံရသည့်ကလေးငယ်များမှာ အများဆုံးဖြစ်ကြောင်းရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာနမှတာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

စီးပွားရေး၊ လူမှုရေး စသည့် အကြောင်း အမျိုးမျိုးကြောင့် မိဘကိုယ်တိုင် ပစ်ရန်ဆန္ဒရှိသည့် မိဘများက ဆေးရုံ၌ စွန့်ပစ်ထားခဲ့၍ မိဘများကို ပြန်လည်စုံစမ်းမရရှိတော့သည့်အတွက်ကြောင့် ဆေးရုံမှ လာရောက်ပို့ဆောင်သည့် ကလေးငယ်များဖြစ်ကြောင်း သိရသည်။

"ကျောင်းကို လာရောက်အပ်နှံတဲ့ ကလေးငယ်တွေထဲမှာ ဆေးရုံက လာပို့တဲ့ကလေးငယ်တွေက များပါတယ်။ မိဘတွေက အကြောင်းအမျိုးမျိုးကြောင့် ကလေးမလိုချင်တော့လို့ ဆေးရုံမှာ ပစ်ထားခဲ့ကြတာ။ ဆေးရုံက လိပ်စာအတိုင်းပြန်ရှာကြပေမယ့် လိပ်စာအမှားဖြစ်နေလို့မတွေ့ရဘူး။ ဒီတော့ ဆေးရုံကနေ ကျွန်မတို့ကျောင်းကိုလာပို့ကြတာ။ လက်ရှိမှာ ဆေးရုံကလာပို့တဲ့ကလေး ၁၀၈ ဦးရှိပြီး စည်ပင်သာယာရေးကော်မတီကစီမံချက်နဲ့လာပို့တဲ့ အခြေအနေမဲ့ကလေးကခြောက်ဦးပဲရှိပါတယ်"ဟု ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာနမှ ဒုကျောင်းအုပ်ဆရာမဒေါ်နုနုရီက ပြောကြားသည်။

ရွှေဂုံတိုင်ကလေးပြုစုရေးဌာန မှ မိဘမဲ့ကလေးများကိုလည်း မွေးစားခွင့်ပြုထားပြီး ကလေးမွေးစားလိုသူများသည် အနည်းဆုံးအိမ်ထောင်သက် ငါးနှစ်ရှိရမည်ဖြစ်ကာကလေးလုံးဝမရနိုင်သူများဖြစ်ရမည်ဖြစ်ပြီး ကလေးမရနိုင်ကြောင်းကို မီးယပ်အထူးကုထောက်ခံချက်လည်းပါရမည်ဖြစ်ကြောင်း၊ အသက်အားဖြင့်လည်း အသက် ၃၀ မှ အသက် ၅၀ အတွင်း ရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်နယ်ဒေသများ၌ နေထိုင်သူအချို့သည်လည်းကလေးမွေးစားရာတွင် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့လာရောက်ကြကြောင်းနှင့် ကလေးမွေးစားခွင့်တင်ထားသူများသည် ကလေးမွေးစားခွင့်ရရှိပါက ကလေးရွေးချယ်မှုကို ရွှေဂုံတိုင်ကလေးပြုစုရေးအပြင် ထောက်ကြန့်ကလေးပြုစုရေးတွင်ပါ ရွေးချယ်ခွင့်ရရှိကြောင်း သိရသည်။

လက်ရှိတွင် ရွှေဂုံတိုင်မိဘမဲ့ကလေးပြုစုရေးဌာန၌ မိဘမဲ့ကလေး အသက်ငါးလခွဲမှ ခုနစ်နှစ်ခွဲအထိ ကျား ၆၃ ဦး၊ မ ၅၁ ဦး စုစုပေါင်း ၁၁၄ ဦးကို ဝန်ထမ်း ၄၆ ဦးနှင့် သူနာပြုခုနစ်ဦးတို့ဖြင့် ပြုစုစောင့်ရှောက်ထားကြောင်း သိရသည်။


## BID ANNOUNCEMENT

The Korea International Cooperation Agency (KOICA) Myanmar Office invites eligible bidders of any firms from any country to express their interest in an International Competitive Bid to provide for construction necessary for the Project for the Post-harvest Technology Assistance for the Myanmar Agricultural Products. The Project is to be constructed with the grant aid of Republic of Korea Government..

**1. Description of Bidding**

○ Bid Title: Construction of the Post-harvest Technology Training Center for the Myanmar Agricultural Products

○ Site area: Approx. 23,940 sqm

○ Floor area: Approx. 3,546 sqm

○ Construction Site: Myanmar, Mandalay Region, Patheingyi Township, Htone-Bo farm

○ Expected Budget: Approx. 1.55million (VAT not included)

○ Expected Construction Period: 10 month from commencement of construction

**2. Bid Type :** International Open Competitive Bidding with Pre-Qualification

**3. Bid Procedures and Selection of Successful Bidder**

○ Bid Procedures

- Step 1: Submission of pre-qualification documents
- Step 2: Pre-qualification screening/evaluation
- Step 3: Submission of bidding documents
- Step 4: Evaluation of bidding documents (Technical proposal + bid price)

○ Selection of Successful Bidder

- Only those who pass the evaluation of the PQ (Pre-Qualification) documents can qualify for the selection of the successful bidder. The one who gets the highest score combining the technical proposal (70%) and the bid price(30%) will be a priority negotiator.

* If you need Information on Pre-Qualification, please refer to "Pre-Qualification Requirement in KOICA Procurement" and "Pre-Qualification Application Form" of the KOICA Myanmar Office.

**4. Qualifications of Bidders**

○ To qualify for participating this bidding, Bidders shall meet all of the following minimum qualifying criteria:

- A Company that has a certificate for the construction works by the law of any countries
- A Company that attended a Bid conference

**5. Language to be used for bidding:** Korean or English or both of Korean and English if necessary

**6. Schedule of Bid**

○ Representatives or authorized office (with authorization letter) of the parties must be present during the bid conference with their identification card.

| NO. | Activities | Schedule | Venue/Remarks |
|---|---|---|---|
| 1 | Submission of pre-qualification documents | 27 Jan. 2012 / 12:00am | KOICA office in Myanmar |
| 2 | Notice of pre-qualification screening results to candidates | 30, 31 Jan. 2012 / 16:00pm | Notice by email and phone to all candidates |
| 3 | Bid conference | 1 Feb. 2012 / 16:00pm | KOICA office in Myanmar |
| 4 | Submission of bidding documents and bid price | 17 Feb. 2012 / 16:00pm | KOICA office in Myanmar |
| 5 | Opening of bids | 22 Feb. 2012 / 16:00pm | Individual notice of the final winner to all bidders |

**7. Documents for Pre-qualification**

○ All documents are required to submit 1 original and 3 copy

- Power of Attorney in case of no attendance of Representatives
- Profile of bidder's company
- Construction Certificate
- Construction Performance records from the last 3 years that show at least USD 1.5 million in completed work
- Audit Report for 3 years (from 2008 to 2010)
- Tax Clearance Certificate, Tax Code of Ministry of Finance
- Confirmation of more than USD 8 million sales for the past 3 years
- Status of personnel
- Equipment utilization plans

**8. Bidding Documents (Visit submission)**

○ Letter of application for bidding (including Seal Impression of company)

○ A bid security or mortgage of five percent (5%) of your bid amount (Period: 22 Feb. 2012)

○ 4(Four) copy (1 original and 3 copy) and 1(one) CD of Bid Proposal for construction respectively and summary of Price Proposal

**9. Bid Security**

○ The bidders must provide a bid Guarantee Bond for bidding participation in an amount and form (five percent of your bid amount) by a bank or insurance company acceptable to the Employer.

○ If it is not suitable for insurance company for bid Guarantee, the bidder shall make Cash deposit in local Bank (Government or Private Bank) or can grant the original documents of their own property (Land/home factory or others) which is equivalent of bid Guarantee amount.

**10. Contact Information**

○ All inquiries and clarifications shall be addressed to KOICA Myanmar and Construction Manager(CM) Office
KOICA Myanmar Office
97, University Avenue Road, Bahan Township Yangon, Myanmar
KOICA - Tel.: 95-1-539572, Email: koica.mm.rr@gmail.com

**11. Others**

○ KOICA will not be responsible for any costs or expense incurred by Bidders in connection with the preparation or delivery of bids.

○ The Bidders is expected to examine all instructions, forms, terms and specifications in the bidding documents. Failure to furnish all information required by the bidding documents or submission of a bid not substantially responsive to the bidding documents in every respect shall be at the Bidder's risk and may result in the rejection of the bid.

**16 January, 2012**
**Korea International Cooperation Agency (KOICA) Myanmar Office**

## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရှေးဟောင်းဘုရားစေတီပျက်အား ရှင်းလင်းရာမှ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များစွာနှင့် မြေသပိတ်တော်တစ်လုံးအပါအဝင် ကြေးရေစစ်တော်တစ်ခု တွေ့ရှိ

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ ရေထွက်အရပ် နှမ်းကြဲကျေးရွာဟောင်း ဆုတောင်းပြည့်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းဘုရားစေတီပျက်အား ချုံနွယ်မြက်ရှင်းလင်းရာမှ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များစွာနှင့် မြေသပိတ်တော်တစ်လုံးအပါအဝင်ကြေးရေစစ်တော်တစ်ခုတွေ့ရှိခဲ့ကြောင်း သိရှိရသည်။



“ဇန်နဝါရီလ ၇ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်မှာ ကျောင်းကကိုရင်လေးတစ်ပါးက စေတီပေါ်မှာပေါက်နေတဲ့မြက်တွေ၊ ချုံတွေကိုရှင်းရင်းနဲ့ စတွေ့တာပါ။ စေတီရဲ့တတိယပစ္စယံအဆင့်တနင်္ဂနွေထောင့်မှာမြက်နုတ်ရင်းနဲ့ဆင်းတုတော်သုံးဆူကို အရင်စတွေ့တာ။ နောက်တော့မှ ဆင်းတုတော်တွေတွေ့တဲ့ မြေနေရာရဲ့ကပ်လျက် အနောက်ဘက်မှာ မြေသပိတ်တော်တစ်လုံးနဲ့ ကြေးရေစစ်တော်တစ်ခု ထပ်တွေ့ရတာ။ ရှေးဟောင်းသုတေသနဌာနကတော့ကုန်းဘောင်ခေတ်နှောင်းလက်ရာတွေဖြစ်မယ်လို့ပြောသွားတယ်”ဟု ဆုတောင်းပြည့်ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တရေဝတက မိန့်ကြားပါသည်။

ဗုဒ္ဓရုပ်ပွားတော်ငယ်များမှာ ဘော်သတ္တုအမျိုးအစားဖြစ်ပြီး ဉာဏ်တော် သုံးလက်မ ၂၂ ဆူနှင့် ဦးခေါင်းတော်မပါ ကိုးဆူ၊ ဉာဏ်တော်နှစ်လက်မ ၈၈ ဆူ၊ ဦးခေါင်းတော်မပါ ၂၄ ဆူတို့ဖြစ်ပြီး အမြင့်ခြောက်လက်မ၊ အချင်းခုနစ်လက်မရှိ မြေသပိတ်တော်တစ်လုံး၊ အမြင့်ကိုးလက်မ၊ အချင်းငါးလက်မရှိ ကြေးရေစစ်တော်တစ်ခုနှင့် ဦးခေါင်းတော် ၂၂ ဆူပါဝင်ကြောင်း သိရသည်။

■

## မန္တလေးမြို့ရှိ သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို နေရာပြောင်းရွှေ့ဖွင့်လှစ်မည်

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ သစ္စဝေဒဂူ မိုးကုတ်ရိပ်သာတွင် HIV ကလေးငယ်များအားပြုစုစောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို ဖွင့်လှစ်ရန်စီစဉ်ထားသော်လည်း ယခုအခါနေရာပြောင်းရွှေ့ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

သစ္စဝေဒဂူဆရာတော်၏လှူဒါန်းမြေပေါ်တွင်အဆိုပါဂေဟာဆောက်လုပ်ရန်အခြေအနေမပေးတော့သဖြင့် သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာဆောက်လုပ်အကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့်ဂေဟာဆောက်လုပ်ရန်မြေတစ်နေရာရှာဖွေတွေ့ရှိပါက မြေဝယ်ယူရန်သစ္စဝေဒဂူဆရာတော်မှအလှူငွေထည့်ဝင်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

မိဘနှစ်ဦးစလုံး AIDS ရောဂါဖြင့်ဆုံးပါးသွားသူများ၊ မိဘတစ်ဦးဆုံးပါးသွားပြီး ကျန်တစ်ဦးမှာလည်း ရောဂါဝေဒနာခံစားနေရသဖြင့် ကလေးငယ်အားမစောင့်ရှောက်နိုင်သောအခြေနေသို့ရောက်ရှိနေသူများ၊ အခြေအနေအရပ်ရပ်ကြောင့် လက်ခံစောင့်ရှောက်ထားရသော်လည်းကလေးငယ်အပေါ်မနှစ်မြို့သဖြင့် ငြူစူမှုမျိုးစုံအောက်တွင် သိမ်ငယ်စွာ ခံစားနေထိုင်ကြရသူများ၊ အကြောင်းကြောင်းကြောင့်စောင့်ရှောက်မည့်သူ မရှိသူများစသည့် ကလေးငယ်များအားမိသားစုသဖွယ်ကြင်နာစွာစောင့်ရှောက်မှုပေးနိုင်ရန် အဆိုပါပရဟိတဂေဟာကိုအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်းလည်း သိရသည်။သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် HIVပိုးဝင်ရောက်ပြီးမိဘမဲ့ဖြစ်နေသောကလေးငယ် (၁၂၀)ခန့်ကို လက်ခံစောင့်ရှောက်ရန် ရည်ရွယ်ထားကြောင်း၊ သိရသည်။

## မန္တလေး-ဖားကန့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများရပ်နား

မန္တလေး–ဖားကန့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများရပ်နားလျက်ရှိကြောင်းဖားကန့်ဒေသမှ နေရပ်ပြန်လာသူများ၏ပြောကြားချက်အရ သိရသည်။

“ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေဟာ ဒီလ ၂ ရက်နေ့ကစပြီး မသွားတော့ဘူး။ ကုန်လက်ခံတဲ့ဂိတ်တွေကလည်း ၄ ရက်နေ့ကပိတ်သွားပြီ။ ဒီကနေထွက်သွားတဲ့ကားတွေကလည်း ရောက်တဲ့နေရာမှ ရပ်ထားတယ်။ ကသာအထက် မိုင် ၁၀၀ အကွာလောက်မှာ ကုန်ကားအစီး ၅၀ လောက် ရပ်ထားတာရှိတယ်”ဟု မန္တလေးမြို့ရှိကုန်စည်ပို့ဆောင်ရေးဂိတ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖားကန့်ဒေသသို့ ကုန်စည်ဝင်ရောက်မှုနည်းပါးသွားသောကြောင့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများမှာလည်း မြင့်တက်သွားကြောင်း သိရသည်။

“အခု ကုန်ပစ္စည်းဈေးနှုန်းတွေ တော်တော်တက်သွားတယ်။ ဆန်ဆိုရင်တစ်အိတ်ကိုခြောက်သောင်းကျပ်အထိရောက်သွားတယ်။ ဒါတောင်ဆိုင်တွေက တစ်ယောက်ကို တစ်အိတ်နှုန်းနဲ့ပဲ ရောင်းပေးတယ်။ ပိုမရောင်းဘူး”ဟု ဖားကန့်မြို့နယ် ဝေခါမှော်တွင် သွားရောက်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဖားကန့်မြို့နယ်တစ်ဝိုက်ရှိ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများမှာလည်း ယာယီရပ်နားထားပြီး ယင်းဒေသတွင် အခြေချစီးပွားရှာသူတချို့မှာလည်း နေရပ်သို့ပြန်လည်ထွက်ခွာနေပြီဖြစ်ကြောင်းသိရသည်။

“ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတွေလည်း ရပ်သွားပြီ။ အလုပ်သမားတွေကိုလည်း အလုပ်မလုပ်ခိုင်းတော့ဘူး။ ထမင်းတော့ကျွေးထားတယ်။ ဒါပေမယ့် လုပ်အားခမပေးတော့ဘူး။ တချို့လည်းနေရပ်ကိုပြန်သွားကြပြီ။ ဒီမှာအခြေချတဲ့သူတွေလည်း နေရပ်ပြန်ချင်ပေမယ်လို့ကလေးတွေပညာရေးကရှိနေတဲ့အတွက် မပြန်နိုင်သေးတဲ့သူတွေလည်းရှိတယ်”ဟု ဖားကန့်ဒေသတွင် အလုပ်သွားရောက်လုပ်ကိုင်ခဲ့သောစစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နဘက်ကြီးကျေးရွာသားတစ်ဦးက ပြောသည်။

ပြီးခဲ့သောနှစ် နိုဝင်ဘာလမှ စတင်ကာ ကချင်ပြည်နယ်အတွင်း၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအစောပိုင်းတွင်မူ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုံးဝရပ်နားသွားခြင်းဖြစ်ကြောင်းလည်း သိရသည်။

## လာမည့်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နားမကြားသင်တန်းကျောင်းမှ ၂၂ ဦး ဖြေဆိုမည်

နားမကြားသောကလေးငယ်များသင်တန်းကျောင်းမှ ၂၀၁၁–၂၀၁၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ ၂၂ ယောက် ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများမှာ နားမကြားသောကလေးငယ်များသင်တန်းကျောင်း ရန်ကုန်နှင့် မန္တလေးမြို့တို့မှဖြစ်သည်။

နားမကြားသောကလေးငယ်များ သင်တန်းကျောင်းမှတက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများမှာ မန္တလေးမှတစ်ဦး၊ ရန်ကုန်မှ ၂၁ ဦးတို့ဖြစ်ပြီး အပြင်ဖြေကျောင်းသား ခြောက်ဦး၊ ကျောင်းသူနှစ်ဦး၊ အတွင်းဖြေကျောင်းသား ကိုးဦးနှင့် ကျောင်းသူငါးဦး စုစုပေါင်း ၂၂ ဦးတို့ဖြစ်ကြောင်း သိရသည်။



# ရခိုင်ပြည်နယ်တွင် တောင်လိပ်များ ရှားပါးလာသဖြင့် မျိုးတုံးရန်အန္တရာယ်ရှိနေ

ရခိုင်ပြည်နယ်တွင် တောင်လိပ်များရှားပါးလာသဖြင့် မျိုးတုံးရန်အန္တရာယ်ရှိနေကြောင်း တောင်ပေါ်နေတိုင်းရင်းသားများ၏ အဆိုအရ သိရှိရသည်။

ရခိုင်ပြည်နယ်တောတောင်များတွင် လိပ်များကျက်စားလျက်ရှိပြီး အဆိုပါလိပ်များကျက်စားရာ ဒေသတောတောင်များ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းနှင့်လူတို့ ရှာဖွေဖမ်းဆီးသတ်ဖြတ်စားသောက်သဖြင့်တောင်လိပ်များမှာ မျိုးတုံးလုအန္တရာယ်ထိ ရှားပါးလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်တောင်လိပ်များကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တွေ့ရကြောင်း၊ တောင်လိပ်များကို အခွံရရှိရေးအတွက်ယခင်ဆယ်စုနှစ်များကတည်းက လိုက်လံဖမ်းဆီးကာ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်သို့ တရားမဝင်မှောင်ခိုတင်ပို့ခဲ့သည်များရှိကြောင်း သိရသည်။

"အခုလိပ်တွေ တော်တော်လည်းရှားသွားပါပြီ။ တောင်လိပ်တွေကျက်စားနေထိုင်တဲ့ဒေသတွေမှာ တောပြုန်းတာတွေ၊ လူတွေတွေ့ရင်လည်း ဖမ်းဆီးလိုက်တာတွေကြောင့် ရှားသွားတာထင်ပါတယ်"ဟု မောင်တောမြို့နယ် တမန်းသားကျေးရွာသားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိရသောကုန်းလိပ်များမှာ Manouria emys (လိပ်ဘီလူး၊ လိပ်မောင်း၊ ခြေခြောက်ချောင်းလိပ်၊ ပိန်းပေါင်းလိပ်၊ တောင်ကြီးလိပ်)၊ Manouria impressa (လိပ်တက်)Geochelone platynota (ကြယ်လိပ်၊ ဂြိုလ်လိပ်၊ မြလိပ်၊ တောင်ပုံလိပ်၊မန်ကျည်းလိပ်) Indotestudo elongata(တောင်လိပ်၊ လိပ်ဝါ၊ဆီချိုလိပ်၊ ဂင်လိပ်၊ လိပ်နှာခေါင်းနီ၊ အင်ကြင်းလိပ်)တို့ဖြစ်ကြောင်း၊ ယင်းတို့အနက်(ကြယ်လိပ်)မှလွဲပြီး ကျန်သုံးမျိုးမှာ ရခိုင်ပြည်နယ်တွင်နေထိုင်ကျက်စားလျက်ရှိသော်လည်း စစ်တွေမြို့နယ်တစ်ဝိုက်တွင် တောင်လိပ်တစ်မျိုးတည်းသာတွေ့ရကြောင်း သိရသည်။

သားရွှေဦး(ကစ္ဆပ)

# ရေဝတီမြစ်ကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းနေကြရသော ရွှေ့ပြောင်းတံငါသည် ပိုများလာ



မြန်မာပြည်အနှံ့အပြား၌ တံငါသည်များစွာရှိသည့်အနက် ဧရာဝတီမြစ်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေကြရသော ရွှေ့ပြောင်းတံငါသည်များပြားလာကြောင်း သိရသည်။

ရွှေ့ပြောင်းတံငါသည်ဆိုသည်မှာ နေရာအတည်တကျမရှိ၊ မြို့ပြကျေးလက်အတည်တကျမရှိဘဲ မြစ်ကြောင်းအတိုင်း အစုန်အဆန်သွားလာပြီး ရေလုပ်ငန်းဖြင့် အသက်မွေးကာ တံငါလှေပေါ်တွင် အိပ်၊ တံငါလှေပေါ်တွင်စားကာ တံငါလှေကို အိမ်လုပ်ပြီး ရွှေ့ပြောင်းလုပ်ကိုင်စားသောက်နေကြသော တံငါသည်များဖြစ်ကြသည်။ ၎င်းရွှေ့ပြောင်းတံငါသည်များမှာ အသင်းအဖွဲ့အစုလိုက်သော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်စီသော်လည်းကောင်း လုပ်ကိုင်လျက်ရှိကြသည်။ တံငါလှေငယ်များပေါ်တွင် ပေါင်းမိုးလေးများပြုလုပ်ထားကြပြီး စားအိုးစားခွက်များ၊ ငါးဖမ်းကိရိယာများ၊ အိပ်ယာအိပ်ခင်းများကို တစ်ပါးတည်းယူဆောင်၍ ငါးဖမ်းထွက်ကြရသည်။ ရွှေ့ပြောင်းတံငါများကို သပိတ်ကျင်းအထက်ပိုင်း ထီးချိုင့်၊ ကသာ၊ ရွှေကူမြို့နယ်များတွင် အများဆုံးတွေ့ရသည်။

"ကျွန်တော်တို့ ဒီအလုပ်ကိုလုပ်ရတာ ထင်သလောက်မလွယ်ကူပါဘူး။ ငါးဖမ်းပိုက်ချ၊ ပိုက်သိမ်းလုပ်ရတာနဲ့ တစ်နေကုန်တာပါပဲ။ မော်တော်စက်လှေကြီးတွေ၊ သင်္ဘောကြီးတွေရဲ့ပန်ကာတွေနဲ့ မထိခိုက်အောင်လည်း ဂရုစိုက်ကြရတယ်။ ကျွန်တော်တို့ရဲ့ ဇာတိမြေကို တစ်နှစ်မှတစ်ခါပဲ ပြန်ကြရတယ်။ တစ်နှစ်ပတ်လုံးနီးပါးလောက် ဒီအလုပ်ကိုလုပ်ကြပြီး ငွေစုကြရတယ်။ ကိုယ်ကလည်း ဒီအလုပ်ပဲလုပ်တတ်တာဆိုတော့ ဘယ်တတ်နိုင်မလဲ။ တချို့ဆို မိသားစုလုံးကျွတ်ပဲ၊ ကလေးတွေရောပါလာကြတယ်။ ကျွန်တော်တို့အဖွဲ့တွေက မြို့ဆိပ်ကမ်းတွေမှာကပ်ပြီး ညအိပ်ခွင့်မရှိဘူး။ ဒီတော့ အလုပ်သိမ်းပြီးနီးစပ်ရာ ကျွန်းလေးတွေမှာဝင်ကပ်ပြီးတော့ အုပ်စုဖွဲ့ ညအိပ်လေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် အခုလိုတစ်နိုင်တစ်ပိုင်လုပ်စားလို့ရနေသေးတာပဲကျေးဇူးတင်လှပါပြီ"ဟု ရွှေ့ပြောင်းတံငါသည်တစ်ဦးက ပြောကြားသည်။

ဖိုးနိုင်(ကသာ)

# မွန်ပြည်နယ်ရှိ ရော်ဘာခြံအတွင်း ရော်ဘာအစေးလှီးချိန်တွင် ခြံပိုင်ရှင်နှင့် ခြံလုပ်သား ခြောက်ရက်၊ လေးရက် ပုံစံဖြင့် ခွဲဝေမှုစနစ်ကျင့်သုံးလျက်ရှိ



မွန်ပြည်နယ်ရော်ဘာခြံများ၌ ရော်ဘာအစေးလှီးချိန်တွင် ခြံပိုင်ရှင်နှင့်ခြံလုပ်သား(အစေးခြစ်သူ)အကျိုးအမြတ်ခွဲဝေယူရာတွင်ခြောက်ရက်၊ လေးရက်ပုံစံကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

"ရော်ဘာအစေးခြစ်တဲ့နေရာမှာ ခြံလုပ်သားတွေအနေနဲ့ ခြံပိုင်ရှင်ကို ခြောက်ရက်ခြစ်ပေးရပြီး လေးရက်ကို ခြံလုပ်သားတွေက အစေးခြစ်ယူပါတယ်။ ဒီစနစ်ကျင့်သုံးတဲ့နေရာမှာ တချို့ခြံလုပ်သားတွေက ခွက်ကပ်၊ ဆွဲဖတ်တွေကိုချန်ထားတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေရှိနေတယ်။ တချို့ခြံတွေမှာ ရော်ဘာစေးအတုံးလိုက်သိုဝှက်ထားမှုတွေရှိလာတော့ ခြံလုပ်သားတွေကို စိစစ်ရွေးချယ်မှုတွေရှိလာပါတယ်"ဟု ကျိုက်မရောမြို့နယ် ရော်ဘာခြံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

မွန်ပြည်နယ်ရော်ဘာခြံအများစုမှာ ရော်ဘာအစေးလှီးချိန်ကာလတွင် ရော်ဘာခွက်ကပ်၊ ဆွဲဖတ်၊ အစေးများ ပျောက်ဆုံးမှုရှိနေပြီး ရော်ဘာအစေးခြစ်ချိန်သည် ညပိုင်းတွင်သာလုပ်ကိုင်ရခြင်းကြောင့် ထိရောက်စွာ စစ်ဆေးအရေးယူနိုင်ခြင်းမရှိသဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ခြံပိုင်ရှင်တွေအနေနဲ့ အစေးခြစ်လုပ်သားတွေအပေါ် နစ်နာမှုမရှိအောင် ခြောက်ရက်၊ လေးရက် စနစ်ကျင့်သုံးစေခဲ့တာပါ။ ပိုင်ရှင်နည်းတူခြံလုပ်သားတွေလည်းအကျိုးအမြတ်ရှိအောင်လုပ်ပေးခဲ့ပေမယ့် တစ်ဖက်က မရိုးသားမှုအပေါ်မှာထိရောက်အောင်အရေးမယူနိုင်ဘူးဖြစ်နေတယ်။ ဒါကြောင့်မွန်ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအစည်းအဝေးမှာဒီကိစ္စကိုတင်ပြထားပါတယ်"ဟု ဒေသခံခြံပိုင်ရှင်တစ်ဦးကပြောသည်။

စိုးစိုး(ဘားအံ)

# ချင်းတွင်းမြစ်အတွင်း ယခုနှစ်ရွှေမျောလုပ်ငန်း အများစု ရပ်နားခဲ့သော်လည်း ယခင်နှစ်များ၏ အကျိုးဆက်ကို ခံစားနေရဆဲဖြစ်ကြောင်းသိရ

ချင်းတွင်းမြစ်အတွင်း ယခုနှစ်ရွှေမျောလုပ်ငန်းအများစု ရပ်နားခဲ့သော်လည်း ယခင်နှစ်များက အလုံးအရင်းလုပ်ကိုင်ခဲ့မှု အကျိုးဆက်ကို ခံစားနေရဆဲဖြစ်ကြောင်း သိရှိရသည်။

"ချင်းတွင်းမြစ်ကြောင်းက တစ်နှစ်ထက်တစ်နှစ် ပိုကျပ်လာတာသိသာတယ်။ အရင်နှစ်တွေက သောင်ထွန်းတာကမုံရွာနဲ့ ချင်းတွင်းမြစ်တစ်ဖက်ကမ်းက ညောင်ပင်ကြီးဆိပ်၊ ထန်းတောဆိပ်စတဲ့စက်လှေဆိပ်တွေကိုသွားချင်ရင် သောင်ခုံကိုပတ်သွားလို့ရသေးတယ်။ ဒီနှစ်တော့ ပတ်သွားလို့မရတော့ သောင်ခုံချဉ်းကပ်လမ်းတွေ လုပ်လာရတယ်။ ကုန်သယ်ယူမှုတွေမှာ စက်လှေပေါ်ကနေကမ်းပေါ်ကို တိုက်ရိုက်မတင်နိုင်တော့ဘဲ သောင်ခုံပေါ်ကနေ အလုပ်သမား ၄ဦးတင်ရတယ်။ စရိတ် ပိုကုန်ကျလာတယ်"ဟု မုံရွာတစ်ဖက်ကမ်း ထန်းတောဆိပ်မှ စက်လှေသမားတစ်ဦးက ပြောကြားသည်။

"အရင်နှစ်တွေက မုံရွာဆိပ်ကနေအထက်ကို ဆန်တက်လိုက်တာနဲ့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်မှာ ရွှေမျောစက်လှေတွေတန်းစီနေတာ ဟုမ္မလင်းအထိပဲ။ ဒီနှစ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကထောက်ပြလာတော့ ချင်းတွင်းမြစ်မှာရွှေမျောလုပ်ငန်းတွေအားလုံး ရပ်သလောက်နီးပါးပဲ။ ဒါပေမယ့် ချင်းတွင်းမြစ်ကတော့ အကျိုးဆက်ကိုခံစားရတုန်းပဲ"ဟု ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်းမြို့မှဒေသခံတစ်ဦးကပြောကြားသည်။

ဟိန်းမင်းထက်(မုံရွာ)


စင်ကာပူနိုင်ငံမှ အသည်းရောဂါ အထူးကုဆရာဝန်ကြီး Prof. Lim Seng Gee နှင့်
အသည်းခွဲစိတ် အထူးကုဆရာဝန်ကြီး Prof. KK Madhavan တို့သည်
ဇန်နဝါရီလ (၂၇) ရက်မှ (၂၉) ရက်နေ့အထိ ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ပါ၍
လူနာသစ်၊လူနာဟောင်းများဆက်သွယ်စုံစမ်းနိုင်ပါသည်။
NUH
MASCOTS
HELPLINE: 09 430 99993

မတင်မိုးလွင်(Talents & Model Agency)မှ ကိုယ်တိုင်သင်ကြားပေးပါမည်
အခမ်းအနားမှူးသင်တန်း (Presenter သင်တန်း)
၅-၂-၂၀၁၂ တွင် စတင်ဖွင့်လှစ်ပါမည်။
စုံစမ်းရန် - Asia Plaza ပထမထပ်၊ အခန်းအမှတ်(၀၂-၀၀)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၉၁၃၇၇၊ ၀၉ ၈၆၁၀၆၉၀၊ ၀၉၄၇၃၀ ၅၅၅၇၄၆

အချိန်မရွေး မွေးရနံ့နဲ့အတူ မမေ့နိုင်စရာတစ်ခု
Anytime
ဟို… အရင်တုန်းကတော့
မသိချင်ယောင်ဆောင်နေတယ်
ခုအချိန်မှာတော့ အရိပ်တကြည့်ကြည့်နဲ့
သူ… ဘာကြောင့်ပြောင်းလဲသွားတာလဲ… သိလား
ကြော်… Anytime ကိုသုံးလို့ပေါ့…!
Anytime ရေမွှေး
SPN Distribution Group

## ပခုက္ကူဒေသ ပဲစင်းငုံသီးနှံထွက်နှုန်း ယခင်နှစ်များထက် ပိုမိုအားကောင်း

မကွေးတိုင်းဒေသကြီး ပခုက္ကူဒေသတွင် ဇန်နဝါရီလဆန်းပိုင်း၌ ပဲစင်းငုံများ လှိုင်လှိုင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူဒေသရှိပဲစင်းငုံသီးနှံကို ဇွန်လ၌စိုက်ပျိုးလျက် ဇန်နဝါရီလဆန်း၌ ရိတ်သိမ်းကြကြောင်း၊ ပဲစင်းငုံမှာ ပဲတီစိမ်း (၄)မြောင်း၊ ပဲစင်းငုံ (၁)မြောင်းစိုက်ပျိုး၍တစ်ဧကကုန်ကျစရိတ်ကျပ်သုံးသောင်းဝန်းကျင်ရှိပြီး တောင်သူများအတွက်စီးပွားရေးအရ တွက်ခြေကိုက်သောသီးနှံဖြစ်ကြောင်း၊ ယခုနှစ်၌ ပဲစင်းငုံမျိုး တစ်ပြည် ကျပ် ၂၀၀၀နှုန်းရှိလျက် တစ်ဧကနှစ်ပြည်နှုန်းစိုက်ကြောင်း သိရပါသည်။

"ပဲစင်းငုံမရတာကြာပါပြီ၊ယခင်နှစ်က လှည်း၁၀စီးတိုက်မှ ပဲစင်းငုံလေးပြည်လောက်ပဲရတယ်။ ဒီနှစ်တော့ လှည်းတစ်စီးကို တစ်တင်းခွဲရမယ်ထင်တာပဲ"ဟု ပေါင်လောင်းကန်ရွာသားတစ်ဦးကပြောပါသည်။

ပဲစင်းငုံဈေးသည် ယခင်နှစ်က တစ်တင်းလျှင် ကျပ်လေးသောင်းထိရှိခဲ့ပြီး ၂၀၁၂ ခုနှစ်ပိုင်းတွင် အသစ်ကျပ်၁၄၄၀၀၊အဟောင်းကျပ်၁၂၈၀၀ ဝန်းကျင်နှင့်ပခုက္ကူဒေသတွင်အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပခုက္ကူဒေသအနီး ဝန်းကျင်ရွာများဖြစ်သော ပေါင်းလောင်းကန်ကြီးရွာ၊ မီးသွေးကန်၊မြောက်လူးကန်၊ဖုန်းကန်၊ ကွမ်းစီကန်၊ မြင်းချိုင်ရွာများ၏ ပဲစင်းငုံထွက်အားသည် ယခုနှစ်၌ တင်းပေါင်း ၅၀၀၀ ဝန်းကျင်ရှိကြောင်း၊ တစ်ခရိုင်လုံး၏ ထွက်နှုန်းအားမှာ တင်းပေါင်း ၁၀သိန်းကျော်သာရှိနိုင်ကြောင်း လေ့လာသိရှိရသည်။

## အုတ်တွင်းမြို့နယ်ထွက် ဖရဲသီးများ တရုတ်နယ်စပ်သို့ တင်ပို့

ပဲခူးတိုင်းဒေသကြီးအုတ်တွင်းမြို့နယ်ခေါင်ရန်းကျေးရွာတွင် ကိုင်းဖရဲသီးများထွက်ရှိလျက်ရှိပြီး တရုတ်နယ်စပ်မူဆယ်မြို့သို့ တင်ပို့ရောင်းချကာဖရဲစိုက်တောင်သူများ ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

ဖရဲသီးတစ်လုံးလျှင် အသီးအရွယ်အစားပေါ်မူတည်ပြီး ကျပ် ၁၀၀၀၊ ၅၀၀၊ ၂၀၀ နှုန်းဖြင့် ရောင်းချရကာ မူဆယ်မြို့သို့ ကားဖြင့်တင်ပို့သောဖရဲသီးများမှာ ကျပ် ၁၀၀၀ တန် (လုံးပတ် ၂၄ လက်မအနိမ့်ဆုံး) အလုံးများသာ တင်ပို့ရောင်းချရပြီး ကျန်အသီးများကို ပယ်အသီးများအဖြစ်သတ်မှတ်ကာ ဒေသအနီး တစ်ဝိုက်တွင် ပြန်လည်ရောင်းချကြောင်း သိရသည်။ မူဆယ်မြို့သို့ ၁၀ ဘီး၊ ၁၂ ဘီးကားများဖြင့် တင်ပို့ပြီး ကားတစ်စီးလျှင်အလုံးရေ ၁၅၀၀၊ ၁၆၀၀ အထိတင်ကာတန်ချိန် ၁၅ တန်ဝန်းကျင်ခန့်ရှိပြီး တစ်တန်လျှင် ကျပ် ၁၃၀၀၀၀ နှုန်းဖြင့်ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်ကားတင်ခပေးရကြောင်း သိရသည်။ *ဇော်ဝင်းချစ်(တောင်ငူ)*

## စစ်တွေဆိပ်ကမ်းနှင့်ကုလားတန်မြစ်ဘက်စုံစီမံကိန်းနှင့်ပတ်သက်ပြီး မြို့လေးမြို့တွင် ဆွေးနွေးပွဲပြုလုပ်



စစ်တွေဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်

ရခိုင်ပြည်နယ်နှင့် အိန္ဒိယကုန်သွယ်ရေးလမ်းကြောင်းသစ်တစ်ခုဖြစ်သောစစ်တွေဆိပ်ကမ်းနှင့်ကုလားတန်မြစ်ဘက်စုံစီမံကိန်းနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ရပ်ကို မြို့လေးမြို့တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲကို ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင်ကျင်းပခဲ့ပြီးညနေပိုင်းတွင် ပုဏ္ဏားကျွန်း၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျောက်တော်မြို့နှင့် ၉ ရက်နေ့တွင်ပလက်ဝမြို့တို့၌ ဒေသခံများနှင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"အဓိကကတော့ဒေသခံတွေဟာ ဒီစီမံကိန်းကြောင့်ဖြစ်လာမယ့် လူမှုဝန်းကျင်ဆိုင်ရာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုတွေကို မသိဘူး။ မြစ်ကြောင်းနဲ့ပတ်သက်ပြီးတော့ ဘာမှထုတ်ပြန်ထားတာ မရှိတော့ သူတို့မသိတာလည်း အပြစ်မဆိုသာဘူးပေါ့။ ဒါကြောင့် ကျွန်တော်တို့သိထားတာတွေကို ပြည်သူကို တင်ပြတယ်၊ ပြည်သူတွေကလည်း သူတို့သိချင်တာတွေကို မေးကြတယ်။ ဒါကြောင့် နောင်ဖြစ်လာမယ့်အစီအစဉ်တွေကိုသိအောင်ဘယ်လိုလုပ်ကြမလဲဆိုတာကိုပြည်သူတွေနဲ့ဆွေးနွေးခဲ့တယ်။ ကျောက်တော်အပေါ်ပိုင်းမှာဆိုရင် မြစ်ကမ်းပါးတစ်လျှောက်စိုက်ခင်းတွေရှိတယ်။ အဲဒါတွေနောက်ပိုင်းမှာ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကို ဆွေးနွေးခဲ့ကြတယ်"ဟု RCA ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သိန်းဖေက ပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲသည် စစ်တွေဆိပ်ကမ်းနှင့်မြစ်ကြောင်းဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက်ပြည်သူတို့သိသင့်သိထိုက်သော အကြောင်းအရာများကိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

သို့သော်လည်း မြစ်ကြောင်းနှင့်ဆိုင်သောကိစ္စရပ်များကို ပြည်သူများသိခွင့်အပြည့်အဝမရှိသေးကြောင်း၊ စစ်တွေမှ ပလက်ဝအထိမြစ်ကြောင်းတူးဖော်ခြင်းများ၊ မြစ်ကြောင်း ရှင်းလင်းခြင်းများတွင် နောက်ပိုင်းဖြစ်ပေါ်လာမည့် ထိခိုက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ပြည်သူများသိရှိမှ အားနည်းချက်ကို ပြင်ဆင်နိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

*သားကြီးမြတ်*

## ဘုရားဖူးထော်လာဂျီတိမ်းမှောက်ရာမှ သံဃာ ၂၅ ပါး ထိခိုက်ဒဏ်ရာရပြီး လူတစ်ဦးသေဆုံး

ကျိုက်ထိုမြို့တွင် ထော်လာဂျီယာဉ်တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ဘုရားဖူးသံဃာ ၂၅ ဦးဒဏ်ရာရပြီး လူတစ်ဦးသေဆုံးသွားသောအမှုတစ်ခု ဒီဇင်ဘာ ၂၅ ရက်နေ့နံနက်ပိုင်းကဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းနံနက် ၅ နာရီခွဲအချိန်ခန့်က ကျိုက်ထိုကင်ပွန်းစခန်းလမ်းမိုင်တိုင်အမှတ် ၃/၇ နှင့် ၄/၀ တို့အကြားဗျာဒိတ်တော်ဘုန်းကြီးကျောင်းအနီး၌ ဝေါမြို့သဒ္ဓမ္မပါလဘုန်းကြီးကျောင်းမှ သံဃာတော်များနှင့်လူများတင်ဆောင်ပြီးယာဉ်မောင်း--- (၂၅)နှစ်၊ အရှေ့ဘက်ကမ်း၊ အလင်းရောင်ရပ်ကွက် ဝေါမြို့ ပဲခူးတိုင်းဒေသကြီး၊မောင်းနှင်လာသောခြောက်ဘီးတပ် ထော်လာဂျီယာဉ်အမှတ် ----- သည် ကျိုက်ထီးရိုးဘုရားဖူးလာစဉ် တိမ်းမှောက်ရာ သံဃာ ၂၅ ပါးထိခိုက်ဒဏ်ရာရပြီးစိုင်းခမ်းလတ် (နေရပ်လိပ်စာစုံစမ်းဆဲ)မှာ သေဆုံးသွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား (ပ)၅၀၃/ ၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/ ၃၃၇/ ၃၃၈/ ၃၀၄(က)တို့အရ ကျိုက်ထိုရဲစခန်းမှအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ *ရဲခေါင်ဦး*

## သက်ငယ်ရိတ်သိမ်းချိန်အတွင်း သက်ငယ်များအား တောဆင်ရိုင်းများ ဝင်ရောက်ဖျက်ဆီးခြင်းကြောင့် ဆုံးရှုံးမှုများရှိနေကြောင်း သိရှိရ



ရခိုင်ပြည်နယ်အတွင်းရှိ တောတောင်များတွင် စိုက်ပျိုးထားသော အိမ်သုံးသက်ငယ်များအားတောရိုင်းဆင်များဝင်ရောက်ဖျက်ဆီးခြင်းများကို ခံနေရသဖြင့် ဆုံးရှုံးမှုများ ရှိနေကြောင်း သိရှိရသည်။

တောဆင်ရိုင်းများသည် တောတောင်များတွင်လွတ်လပ်စွာသွားလာအစာရှာဖွေစားသောက်လေ့ရှိသော်လည်း ကျေးလက်ဒေသများတွင် အသုံးများသော သက်ငယ်များကို ဖျက်ဆီးခြင်းသည်အိမ်မိုးရန်အတွက် အခက်အခဲဖြစ်ပေါ်လာစေကြောင်းလည်း သိရသည်။

"သက်ငယ်ခင်းတွေကိုတောဆင်ရိုင်းတွေ ဖျက်ဆီးပစ်တာကြောင့် အိမ်မိုးဖို့ မလုံမလောက်ဖြစ်ကြရတယ်။ အခုအချိန်က သက်ငယ်ခင်းတွေရိတ်ချိန်ပါ။ ဒါပေမယ့်သက်ငယ်တွေကို ညအချိန်မှာဆင်တွေကသွားလာရင်းဖျက်ဆီးသွားတော့သက်ငယ်တွေအတော်လေး ဆုံးရှုံးကြရတယ်။ စားတာတော့မဟုတ်ဘူး။ နင်းတာတို့ လှွင့်ပစ်တာတို့လုပ်တတ်တယ်။ ပြီးတော့ဆင်တွေကများရင် ဘာမှမကျန်တော့သလောက် ဖြစ်သွားတယ်"ဟု သက်ကိုင်းညာကျေးရွာမှ ရွာသားတစ်ဦးက ပြောကြားသည်။

တောဆင်ရိုင်းများသည် စားကျက်မြေများ ရှားပါးလာခြင်းကြောင့် နေရာရွှေ့ပြောင်းသွားလာမှုများပြားလာခြင်းဖြစ်ကြောင်း၊ သက်ငယ်များသည် ယင်းဒေသခံများအတွက်အရေးပါသောအိမ်မိုးပစ္စည်းဖြစ်ကြောင်း၊ သို့တိုင်အောင် သက်ငယ်များပျက်စီးခြင်းသည် အိမ်မိုးရန်အခက်အခဲများဖြစ်ပေါ်စေကြောင်းလည်း သိရှိရသည်။

မကြာသေးမီကဘူးသီးတောင်မြို့နယ်အတွင်း တောဆင်ရိုင်းသုံးကောင်သေဆုံးခဲ့ရကြောင်း၊ ယင်းသို့သေဆုံးမှုသည် အစာအရေစာ(ဆင်စာ)ရှားပါးလာခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

*လှိုင်(စစ်တွေ)*

## မြို့ပြအင်ဂျင်နီယာပညာရပ်ဆိုင်ရာဟောပြောပွဲ

**ဟောပြောဆွေးနွေးမည့်အကြောင်းအရာများ**

1. Installation of Marine Piles for Marine Structures (ဦးနေမင်းဟိန်း)
2. Green Building Practices Singapore (ဦးရန်နိုင်စိုး)
3. Bored Tunnelling for Underground Railways (ဦးတိုးတိုးအောင်)
4. Geotechnical Instrumentation in Deep Excavation and Tunnelling Works (ဦးကျော်သက်ဦး)
5. Use of PLAXIS Software in Geotechnical Engineering (ဒေါ်ခိုင်ခိုင်ဦး)
6. Design of High-Rise Structures With Transfer Beams (ဦးဇော်ဇော်အောင်)
7. Project Planning,Scheduling and Tracking for MBSIR Project in Singapore (ဦးအောင်ကျော်သိုက်)

ဟောပြောပွဲကျင်းပမည့်ပုဂ္ဂိုလ်များ ။ ။ စင်္ကာပူရောက်မြန်မာမြို့ပြအင်ဂျင်နီယာများ
ဟောပြောပွဲကျင်းပမည့်နေ့ ။ ။ ၂၂-၁-၂၀၁၂
ဟောပြောပွဲကျင်းပမည့်နေရာ ။ ။ UMFCCI,Office Tower, အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဟောပြောပွဲကျင်းပမည့်အချိန် ။ ။ နံနက် ၈း၃၀ နာရီမှ ညနေ ၆း၀၀ နာရီအထိ

စိတ်ဝင်စားသူများမည်သူမဆိုတက်ရောက်နိုင်ပါသည်။

ဖုန်း - ၀၁ ၆၅၂၈၃၁၊ ၀၁၆၅၁၁၆၅၊ လိုင်းခွဲ ၂၃၂၂၊ ၀၁-၂၃၀၀၇၃၆၊ ၀၉ ၅၀၀၈၇၅၂၊ ၀၉၄၃၁၄၀၃၇၀ သို့ ၁၈-၁-၂၀၁၂ နောက်ဆုံးထား၍စာရင်းပေးသွင်းနိုင်ပါသည်။

မိမိ၏ Register နံပါတ်များကို ၂၀-၁-၂၀၁၂ နေ့တွင် အထက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍တောင်းယူနိုင်ကြောင်း သိရှိရပါသည်။

## ဘားအံမြို့တွင် အကျွတ်အလွတ် ဒါနပြုပွဲကျင်းပ

ဘားအံမြို့ ထန်းကိုးပင်သချိုင်းတွင် ကွယ်လွန်သူများအတွက် ရည်စူးက အကျွတ်အလွတ်ဒါနပြုပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီတွင်ပြုလုပ်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ မာဃ လူမှုကူညီရေးအဖွဲ့ဝင်တွေနဲ့ ကျန်ရစ်သူမိသားစုများက တစ်နှစ်တစ်ခါကုသိုလ်ယူအမျှအတန်းပေးဝေကြတာပါ။ နောက်တစ်နေ့ ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၅ နာရီမှာ သံဃာတော်တွေကို ပင့်ဆောင်ပြီး တရားနာအမျှအတန်းပေးဝေခဲ့ပါတယ်"ဟု ဘားအံမြို့ မာဃလူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

ဘားအံမြို့ထန်းကိုးပင်အကျွတ်အလွတ်ဒါနပြုကုသိုလ်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ အကျယ်ချဲ့ပြုလုပ်ခဲ့ပြီးတစ်ပိုင်တစ်နိုင်အကျွတ်အလွတ်ပွဲများကို ၂၀၀၁ ခုနှစ်မှစတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့ အကျွတ်အလွတ်ဒါနကုသိုလ်ပြုပွဲတွင် ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ထုံးအိုင်၊ အိန္ဒူ၊ မြိုင်ကလေး၊ ဘားကပ်ဒေသများမှ လူမှုကူညီရေးအဖွဲ့ဝင်များနှင့် ကျန်ရစ်သူမိသားစုဝင်များမှ စုပေါင်းကာ အကျယ်ချဲ့ပြုလုပ် ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ကလေးဝမြို့ ချင်းတွင်းမြစ်အတွင်းတွင် နှစ်ပေါင်း ၃၀ ခန့်တိမ်မြုပ်ခဲ့သော လောင်းလှေပြိုင်ပွဲ ကျင်းပ

ကလေးဝမြို့ ချင်းတွင်းမြစ်အတွင်းတွင် နှစ်ပေါင်း ၃၀ ခန့် တိမ်မြုပ်နေခဲ့သော လောင်းလှေပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၆၊ ၇၊ ၈ ရက်နေ့များတွင် ကျင်းပခဲ့ကြောင်း သိရသည်။



"ကလေးဝမြို့တောရကျောင်းပရိယတ္တိစာသင်တိုက်အနှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အနေနဲ့ ကျင်းပတာပါ။ ဒီပြိုင်ပွဲမှာပါဝင်တဲ့လောင်းလှေတွေက နှစ် ၇၀၊ ၈၀ ကျော်ရှိတဲ့ လောင်းလှေနဲ့အဘိုးဆရာတော်စီးခဲ့တဲ့လောင်းလှေတွေ ပါပါတယ်။ လောင်းလှေပြိုင်ပွဲတွေကို ကလေးဝမြို့မှာမကျင်းပနိုင်တာ အနှစ် ၃၀ လောက်ရှိပါပြီ။ ဒီချင်းတွင်းမြစ်ရိုးမှာရှိတဲ့ လောင်းလှေတွေဟာတချို့ ထိန်းသိမ်းမှုအားနည်းတော့ပျက်စီးလုနီးပါးပဲ။ တချို့လောင်းလှေတွေကတော့ ကျန်ပါသေးတယ်။ ပြိုင်ပွဲဝင်တဲ့လောင်းလှေတချို့ကပြင်ဆင်စရိတ်ကို ကျပ် ၁၀ သိန်းဝန်းကျင်ကုန်တယ်။ ထိန်းသိမ်းထားတဲ့ လောင်းလှေတွေကိုရေချဖို့အတွက်နဲ့ရိုးရာပွဲလေးတစ်ခုကိုပြန်လည်ဖော်ထုတ်ချင်တာလည်းပါပါတယ်"ဟု အဆိုပါလောင်းလှေပြိုင်ပွဲကိုဦးဆောင်ကျင်းပသူကိုထွန်းဝေကပြောကြားသည်။ အဆိုပါလောင်းလှေပြိုင်ပွဲတွင် ယုံသာ၊ ကိုင်းရွာ၊ ခုံသာ၊ ကျွန်းတော်ရွာများနှင့်ကလေးဝမြို့တို့မှလောင်းလှေငါးစင်းပါဝင်ယှဉ်ပြိုင်ကြပြီးအခြားလှေများမှာပြိုင်ပွဲဝင်နိုင်ရန်ကုန်ကျစရိတ်နှင့်ပြိုင်ပွဲဝင်ရန်ပြင်ဆင်စရိတ် အခက်အခဲများကြောင့်ယှဉ်ပြိုင်သော လောင်းလှေအရေအတွက် နည်းပါးခြင်းဖြစ်ကြောင်း သိရှိရသည်။

"နောက်နှစ်မှာကျင်းပဖို့ဆိုရင် ကုန်ကျငွေအခက်အခဲကို အရင်ဖြေရှင်းရပါမယ်။ ဒီနှစ်ပြိုင်ပွဲအတွက် ကုန်ကျစရိတ်ကိုလည်း ကလေးဝမှာရှိတဲ့သူတွေနဲ့ ကလေး၊ တမူးက လုပ်ငန်းရှင်တွေ ထည့်ဝင်ပေးခဲ့တာပါ" ဟုဆက်လက်ပြောကြားသည်။

အဆိုပါ လောင်းလှေပြိုင်ပွဲများကို ယခင်ကမင်းကင်းမြို့၊ မစိန်ကျေးရွာများတွင် ပြုလုပ်ခဲ့ပြီး ယခုအခါတိမ်ကောပပျောက်လုနီးပါးရှိကြောင်းသိရသည်။

"ပြိုင်ပွဲယှဉ်ပြိုင်နိုင်ဖို့ အချိန်တစ်လလောက် လှေ့ကျင့်ရတယ်။ တချို့အဖွဲ့တွေဆိုရင် ကိုယ့်လောင်းလှေအနီး သဲသောင်ပြင်များပေါ်မှာစခန်းသွင်းလေ့ကျင့်ကြပါတယ်။ ပြိုင်ပွဲကို ဇန်နဝါရီလ ၆၊ ၇၊ ၈ ရက်ဆိုပြီး သုံးရက်မှာပတ်လည်စနစ်နဲ့ကျင်းပတာပါ"ဟုပြိုင်ပွဲဝင်များကပြောကြားသည်။

အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီလ ၈ ရက်နေ့ ညနေပိုင်းတွင် ကျင်းပခဲ့ရာကျွန်းတော်ရွာမှ နတ်မိုးလောင်းလှေက ပထမရရှိသွားပြီး ကိုင်းကျေးရွာမှ ရွှေမိုးလောင်းလှေကျ ဒုတိယရရှိသွားကြောင်း သိရှိရသည်။

*အောင်သူထွန်း(ကလေးမြို့)*

## မြဝတီနယ်စပ်တံခါးဖွင့်လှစ်လိုက်ပြီးနောက် ကုန်သွယ်မှုမြန်ဆန်လာကာ အခြေခံစားကုန်အချို့ ပစ္စည်းပြတ်၍ဈေးမြင့်လာ

မြန်မာ–ထိုင်းနယ်စပ်မြဝတီမြို့ ရှိချစ်ကြည်ရေးတံတားနှင့်ကုန်သွယ်ရေးဇုန်ကို ၁၇ လကြာ ယာယီပိတ်ထားခဲ့ရာမှပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် မြဝတီဒေါနတောင်ကျော်ကုန်သွယ်လမ်းကြောင်းမှကုန်စည်စီးဆင်းမှုမြင့်တက်လာခြင်းနှင့်အတူ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှ၍ မြဝတီဈေးကွက်တွင်အခြေခံစားကုန်နှင့် လူသုံးကုန်အချို့ဈေးမြင့်ပြီးပစ္စည်းပြတ်လပ်ကာမော်လမြိုင်နှင့်ဘားအံမြို့များမှ ပြန်လည်တင်ပို့မှုရှိခဲ့ကြောင်း မြဝတီကုန်သွယ်မှုလုပ်သူများထံမှသိရသည်။

"အခုဈေးကွက်မှာ ကြုံတွေ့နေရတာကနို့ဆီပြဿနာပါ။ မြို့တွင်းလက်ဖျက်ရည်ဆိုင်အတွက်တောင်ဝယ်လို့မရဘူး။ အယုဒ္ဓယမှာရှိတဲ့ နို့ဆီစက်ရုံထုတ်ဗျိုင်းနို့ဆီတွေလုံးဝမဝင်ဘူး။ သိန်းငှက်နို့ဆီပဲဝင်တယ်။ အဝင်နည်းတော့တစ်ပါကင်ဘတ် ၁၅၀ ထိ ဈေးမြင့်သွားတယ်။ တချို့ဆိုဗျိုင်းနို့ဆီကိုမော်လမြိုင်ကပြန်တင်တယ်"ဟုမြဝတီဈေးကွက်တွင် ကုန်ပစ္စည်းဖြန့်ဖြူးသူတစ်ဦးကဆိုသည်။

မြဝတီနယ်စပ်မှ တရားဝင်ကုန်သွယ်ခွင့်ပြုလိုက်ပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် တရားမဝင်ကုန်သွယ်မှု ပြုလုပ်နေကြဆဲဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဟိုင်းလက်ကားသုံးစီးတစ်စီးကို ဂျူတီနဲ့တရားဝင်လမ်းကြောင်းကသွားတယ်။ နှစ်စီးကို တော့တောလမ်းကပတ်တဲ့အခါပတ်၊ ဇုန်ကဂိတ်ပတ်(စ်)ယူပြီးညီနောင်ရောက်မှပြန်တင်တဲ့အခါလည်းရှိတယ်"ဟုမြဝတီနယ်စပ်လမ်းမှတစ်နိုင်တစ်ပိုင်ကုန်သွယ်သူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံအတွင်း ရေကြီးခဲ့မှုကြောင့်ဝင်ရောက်မှု လျော့နည်းခဲ့သည့် အချိုမှုန့်များ(ဝဲပြာ) တစ်အိတ်ဘတ် ၃၉၆၀ မှ ၄၅၀၀၊ ခေါက်ဆွဲကြာဆံများလည်းဘတ် ၈၀၀ မှ ၈၅၀၊ သံစုံအချိုရည်များမှာ ဘတ်၂၃၅ မှ ၂၆၀ ထိမြင့်တက်သွားကြောင်း သိရသည်။

*ကိုရွှေသိန်း(မြဝတီ)*



# Junction Centre (၁၂)နှစ်ပြည့်အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ



ကိုရဲနိုင် (Manager-Marketing Department ၊ ရွှေတောင်ကုမ္ပဏီ)



မဖြူဖြူစိုး (General Manager၊ ရွှေတောင်ကုမ္ပဏီ)



အိမ့်ချစ်

Junction Centre ၏ (၁၂)နှစ်ပြည့်အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေ ၃ နာရီအချိန်က ရန်ကုန်မြို့ရှိ Juction Centre (Maw Tin)တွင် ပြုလုပ်ခဲ့ရာ Junction Centre ပဏာမရွေးချယ်ထားသည့်ကံထူးရှင်များ၊ ဖိတ်ကြားထားသူများ၊ အနုပညာရှင်များတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပ



ဦးဝင်းခိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း)



ဦးဘုန်းထွန်းဦး (လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းနှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် Process and Products Show-2012 အခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်နေ့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး၌ ကျင်းပခဲ့ရာ အသင်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိပါသည်။

# The Lemon Detox အမှတ်တံဆိပ် လီမွန်ဓာတ်စာရည်မိတ်ဆက်ပွဲ



ဦးကျော်ထူးအောင် (CEO၊ ထွန်းသစ်ဦးကုမ္ပဏီလီမိတက်)



Mr.Peter Lee (MD,Cencork Korea & Australia Company)



Mr.KA Beyer (MD of Madal Bal, Swiss)



အခမ်းအနားမှူး တင်မိုးလွင်

ကနေဒါနိုင်ငံမှ ထုတ်လုပ်ပြီး Cencork Korea & Australia Company မှတစ်ဆင့် တင်သွင်းကာ ထွန်းသစ်ဦးကုမ္ပဏီလီမိတက်မှ ဈေးကွက်အတွင်းဖြန့်ဖြူးမည့် ကျန်းမာရေးအထောက်အကူပြု The Lemon Detox အမှတ်တံဆိပ် လီမွန်ဓာတ်စာရည်မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၁၄ ရက်နေ့ မွန်းလွဲ ၂ နာရီက တက္ကသိုလ်ရိပ်မွန်ကွန်ဒိုအနီးရှိ ထွန်းသစ်ဦးကုမ္ပဏီ လီမိတက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

# “ယုံကြည်ပါ” တေးစီးရီးသစ်မိတ်ဆက်ပွဲ



လန်း



ဂစ်တာ နိုင်ဇော်

လူငယ်အဆိုရှင်သစ် လန်း၏ ‘ယုံကြည်ပါ’ တေးစီးရီးသစ်မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၇ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ Cafe KSS တွင်ပြုလုပ်ခဲ့ရာ ယင်းတေးစီးရီးတွင် ပါဝင်ဖန်တီးခဲ့ကြသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်မီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



တေးရေး ကံကောင်း

# YBS Business School စာနယ်ဇင်းမိတ်ဆက်ပွဲ

YBS Business School ၏ ACCA Accounting Course သင်ယူနိုင်မှုနှင့်ပတ်သက်၍စာနယ်ဇင်းများအား ရှင်းလင်းပြောကြားခြင်းကို သင်တန်းခန်းမတည်ရှိရာ MGW Centre, Room No.(201), ဗိုလ်အောင်ကျော်လမ်း၊ဗိုလ်တထောင်မြို့နယ်တွင် ပြုလုပ်ခဲ့ရာဖိတ်ကြားထားသူများနှင့်မီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ကိုထူးထူးအောင်(Director-YBS Business School)



မနေခြည်(Marketing Manager-YBS Business School)



မလှိုင်ဇာကျော်(Manager-YBS Business School)










# 3D ရုပ်ရှင်ရုံပါဝင်မည့် Junction Square ရုပ်ရှင်ရုံသစ်ကို ဖေဖော်ဝါရီလတွင်ဖွင့်လှစ်ရန်စီစဉ်ထား

3D ရုပ်ရှင်ရုံတစ်ရုံပါဝင်မည့် Junction Square ရုပ်ရှင်ရုံသစ်အား ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ရန်စီစဉ်ထားသည်ဟု သတင်းရရှိသည်။ အဆိုပါရုပ်ရှင်ရုံအားတည်ဆောက်မှုအပိုင်းမှာရာခိုင်နှုန်းတော်တော်များများခန့် ပြီးစီးသွားပြီဖြစ်သည်ဟု သိရှိရသည်။

“Junction Square ရုပ်ရှင်ရုံရဲ့တည်ဆောက်မှုအပိုင်းကတော်တော်များများပြီးစီးသွားပါပြီ။ ဖေဖော်ဝါရီလထဲမှာဖွင့်လှစ်ပြသနိုင်ဖို့စီစဉ်ထားပါတယ်။ ရုပ်ရှင်ရုံကသုံးရုံပါဝင်မှာဖြစ်ပြီး 3Dစနစ်နဲ့ပြသနိုင်တဲ့ရုပ်ရှင်ရုံတစ်ရုံပါဝင်ပါမယ်။ အခုကတော့မြို့လယ်မှာပြသတဲ့ရုပ်ရှင်ဇာတ်ကားသစ်တွေကိုတကူးတကသွားကြည့်စရာမလိုဘဲ ဈေးဝယ်ထွက်ရင်းပဲဖြစ်ဖြစ်၊ ကိုယ့်နေရပ်နဲ့နီးလို့ပဲဖြစ်ဖြစ် အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ဖို့ရည်ရွယ်ပါတယ်။ ပြသမှုစနစ်ရော၊ အသံစနစ်ကပါအခုလက်ရှိပြသနေတဲ့ Junction ရုံတွေရဲ့ စနစ်အတိုင်းကိုပဲ ပိုပြီးအဆင့်မြင့်တဲ့ပုံစံနဲ့ပြသနိုင်အောင် စီစဉ်သွားမှာပါ”ဟု အဆိုပါရုပ်ရှင်ရုံမှတာဝန်ရှိသူတစ်ဦးကရှင်းပြခဲ့သည်။

Junction Square ရှိ ရုပ်ရှင်ရုံသုံးရုံမှာခန့်မှန်းခြေပရိသတ်ရာဂဏန်းဝန်းကျင်ခန့်ဝင်ရောက်နိုင်ရန်ပြင်ဆင်လျက်ရှိပြီး 3D စနစ်ဖြင့်ပြသနိုင်ပါက နိုင်ငံတကာတွင်ပြသလျက်ရှိသည့် 3D ဇာတ်ကားသစ်များကိုဝယ်ယူပြသနိုင်ရန်စီစဉ်ထားသည်ဟုသိရသည်။ ပြသမည့်လက်မှတ်နှုန်းထားများကိုမူမသတ်မှတ်ရသေးဘဲ ရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုထပ်မံထုတ်ပြန်သွားမည်ဟုသိရသည်။ Junction Square ရုပ်ရှင်ရုံသည် ဟံသာဝတီအဝိုင်းအနီးရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်းတွင်တည်ရှိသည်။

# ကိုရီးယားနိုင်ငံတွင်ကျင်းပမည့် “နှစ်ဦးဂီတပွဲတော်”တွင် အင်ပါယာတီးဝိုင်းပါဝင်ဖျော်ဖြေမည်

ကိုရီးယားနိုင်ငံတွင်ကျင်းပမည့် ‘နှစ်ဦးဂီတပွဲတော်’တွင် အင်ပါယာတေးဂီတအဖွဲ့နှင့်အတူဇော်ဝင်းထွဋ်၊ နောနော်နှင့်ချမ်းချမ်းတို့သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

“ဒီနှစ်ကိုရီးယားနှစ်သစ်ကူးက ဂျပန်နှစ်သစ်ကူးနဲ့တရုတ်နှစ်သစ်ကူးနေ့တွေနဲ့လည်းတိုက်ဆိုက်သွားတာကြောင့် ဒီပွဲလေးကိုလုပ်ဖြစ်တာပါ။ ကိုရီးယားနိုင်ငံဘက်က အစီအစဉ်တွေကို အမေ့အိမ် Trading Co.,Ltd မှစီစဉ်တာပါ။ ဒီပွဲမှာ မြန်မာအနုပညာရှင်တွေနဲ့အတူ ကိုရီးယားနိုင်ငံကအဆိုတော်တချို့နဲ့အဆိုတော်အချို့လည်းပါဝင်နိုင်ဖို့စီစဉ်နေပါတယ်”ဟု မြန်မာအနုပညာရှင်များဘက်မှစီစဉ်သူ ကိုစိုးနိုင်ထွန်းကဆိုပါသည်။

‘နှစ်ဦးဂီတပွဲတော်’ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ Bucheon Citizen Hall တွင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတွင် ဖျော်ဖြေကြမည့် မြန်မာအနုပညာရှင်များသည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံမှစတင်ထွက်ခွာမည်ဖြစ်ပြီး ဇန်နဝါရီလ ၂၄ ရက်နေ့တွင်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

# ၂၀၁၀ ပြည့်နှစ်အတွက်ပေးအပ်ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကယ်ဒမီပွဲကို ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ပြုလုပ်မည်



၂၀၁၀ ပြည့်နှစ်အတွက် ပေးအပ်ချီးမြှင့်မည့်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကယ်ဒမီပွဲအားဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ပြုလုပ်မည်ဟု သိရသည်။ ရုပ်ရှင်လောကသားများ အနေဖြင့်ပြုလုပ်ရန် အစီအစဉ်ရှိသည့် ဖျော်ဖြေပွဲများနှင့် ရုပ်ရှင်ရိုက်ကူးမှုအချို့အားယင်းရက်နှင့်တိုက်ဆိုင်မှုမရှိစေရန်ရွှေ့ဆိုင်းခြင်းများပြုလုပ်ထားသည်ဟုသိရသည်။

“ဒီနှစ်အကယ်ဒမီဆုပေးပွဲကို ဖေဖော်ဝါရီလပထမပတ်မှာပြုလုပ်မယ်လို့သိရပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီပထမပတ်မှာလုပ်ဖို့အစီအစဉ်ရှိတဲ့ဖျော်ဖြေပွဲတချို့ကို ဖေဖော်ဝါရီလလယ်ပိုင်းကိုရွှေ့ထားလိုက်ကြပါပြီ။ ဘယ်လိုရွေးချယ်တယ်ပဲပြောပြော အချိန်တန်ရင်တော့ အနုပညာရှင်တိုင်းကတစ်နှစ်တစ်ခါလုပ်တဲ့အကယ်ဒမီပွဲကိုသွားကြစမြဲပါပဲ”ဟုဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရှင်းပြခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေကလည်း“အကယ်ဒမီကဖေဖော်ဝါရီလ ၇ ရက်နေ့မှာပြုလုပ်မှာပါ။ တစ်နှစ်တစ်ခါလုပ်တဲ့ပွဲဖြစ်သလို ရုပ်ရှင်လောကသားအားလုံးစိတ်ပါဝင်စားကြတဲ့ပွဲတစ်ပွဲဖြစ်တာကြောင့် သပ်သပ်ရပ်ရပ် ခမ်းခမ်းနားနားလုပ်နိုင်အောင်စီစဉ်နေပါတယ်။ ဒီနှစ်အကယ်ဒမီပွဲမှာအရင်နှစ်တွေကထက်ထူးခြားမှုအနေနဲ့လျှောက်လမ်းသီးခြားစီစဉ်ထားတာမျိုး၊ LED နဲ့ပြသတာမျိုးတွေပါဝင်ပါမယ်”ဟု အကယ်ဒမီပွဲနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

ယခုနှစ်ပေးအပ်မည့် အကယ်ဒမီပွဲသည်အစိုးရသစ်ရွေးချယ်ပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်မည့်အကယ်ဒမီပွဲဖြစ်ပြီး စင်မြင့်နှင့်မီးအလှဆင်လုပ်ငန်းများဆောင်ရွက်ရန်တင်ဒါခေါ်ယူခဲ့ရာလျှောက်ထားသူ ခြောက်ဦးရှိခဲ့သည်ဟု သိရသည်။ ရွေးချယ်ခံရသူက နေပြည်တော်မြို့တော်ခန်းမဝင်းအတွင်းတွင် စင်မြင့်တည်ဆောက်မှုများအား ဇန်နဝါရီလကုန်ပိုင်းတွင်ပြုလုပ်ရန်စီစဉ်ထားပြီး အကယ်ဒမီဇန်းကိုင်အဖြစ်ရွေးချယ်ခံရသူများကို ဇန်နဝါရီလကုန်ပိုင်းတွင်ကြေညာသွားမည်ဟုသိရသည်။

၂၀၁၀ ပြည့်နှစ်အတွင်း စာရင်းဝင်သည့် ဇာတ်ကားများမှာ နတ်ဖြစ်ရတဲ့ဒုက္ခ၊ ဆွေတစ်ရာမောင်တစ်ကျိပ်၊ နတ်ဖက်တဲ့စုံတွဲများ၊ ဟတ်ထိတယ်၊ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်၊ ဂွတ်ရှယ်သမက်၊ ဘာမီတွန်၊ အချစ်လားလာထား၊ အငိုမျက်လုံး အပြုံးမျက်နှာ၊ ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်၊ နယူးမော်ဒယ်လ်၊ အာဒမ်ရယ်ဧဝရယ်ဒသရယ်၊ အမေ့ကျေးဇူးဆပ်ဖူးချင်တယ်၊ လာထားအာဘွား၊ ပင်လယ်ထက်ကနေဝန်းနီတို့ဖြစ်ကြောင်း သိရသည်။

# ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်မြို့တွင်ရှိုးပွဲများဆက်တိုက်ကျင်းပလျက်ရှိ

၂၀၁၁ခုနှစ် ဇူလိုင်လမှစတင်က ၂၀၁၂ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်မြို့တွင် ရှိုးပွဲများဆက်တိုက်ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီလအထိကျင်းပရန်စီစဉ်ထားသည့်ရှိုးပွဲများရှိနေကြောင်း သိရသည်။

“အခုနောက်ပိုင်းမှာရှိုးပွဲတွေ အရင်ကထက်ပိုများလာတော့အမှန်ပဲ။ အရင်က လတိုင်းမှာပွဲမရှိဘူး။ ရှိရင်လည်း တစ်လမှာအလွန်ဆုံးများမှ ၂ ပွဲပဲ။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစပြီး ဒီ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလထိက လစဉ်တိုင်းမှာရှိုးပွဲတွေရှိနေတယ်။ ရှိုးပွဲတွေများလာတာကကုမ္ပဏီတွေဘက်ကစပွန်ဆာပေးပြီးလုပ်တာတွေများလာသလို အဆိုတော်တွေလည်းများလာတာကြောင့်ပါ။ ကုမ္ပဏီပွဲတွေနဲ့ အခြားပွဲသေးတွေပေါင်းမယ်ဆိုရင်တစ်ခါတစ်လေဆိုရင် တစ်ပတ်တည်းနဲ့ရှစ်ပွဲလောက်ထိဖြစ်သွားတတ်တယ်”ဟု ဘိုဘိုအင်တာတိန့်မန့်မှ ကိုဘိုစန်းကရှင်းပြခဲ့သည်။

ယခင်က Hip Hop နှင့် IC ပွဲများသာ ပုံမှန်နီးပါးကျင်းပကြခြင်းဖြစ်ပြီး ယင်းပွဲများသည်လည်း ၂ လတစ်ကြိမ်ခန့်သာပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုနောက်ပိုင်း ရှိုးပွဲများတွင် Hip Hop၊ Rock၊ မြန်မာသံစဉ်ဖြင့်ပွဲများသော်လည်း ပွဲတိုင်းနီးပါးအောင်မြင်မှုရှိကြောင်းလည်း သိရသည်။ ယခုနောက်ပိုင်းတွင် ရှိုးပွဲအများအပြားကျင်းပလာခြင်းမှာ စပွန်ဆာပေးကာပြုလုပ်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။



# Book Catalogues

## ခြေလေးချောင်း တော်လှန်ရေး

သခင်ဘသောင်း

ဂျော့အော်ဝဲ၏ Animal Farm ကို သခင်ဘသောင်းက "ခြေလေးချောင်း တော်လှန်ရေး"အမည်ဖြင့် ဘာသာပြန်ဆိုခြင်းဖြစ်ပြီး ဒုတိယ အကြိမ်ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။

တိုင်းမဂ္ဂဇင်း၏ အင်္ဂလိပ်ဘာသာစကားဖြင့် ထုတ်ဝေသော အကောင်းဆုံးဝတ္ထု(၁၀၀)တွင်ပါဝင်သော Animal Farm မှာကွန်မြူနစ်အာဏာရှင်ဖြစ်သော စတာလင်နှင့် ဆိုဗီယက်ကွန်မြူနစ်များ၏ အကြွင်းမဲ့အာဏာရှင်စနစ်အား သရော်တင်ပြထားသည်။ ဆိုဗီယက်ကွန်မြူနစ်တို့၏ ပစ္စည်းမဲ့တော်လှန်ရေးမှ အကျင့်ပျက်ခြစားမှုများနှင့် ကွန်မြူနစ်အာဏာပိုင်များ၏ စိတ်ကူးယဉ်ဆန်သော၊ လက်တွေ့ဘဝနှင့် မနီးစပ်သော အကြောင်းအရာများ အထူးသဖြင့် စတာလင်၏ ကွန်မြူနစ်ဝါဒနှင့် အကြွင်းမဲ့အာဏာကျင့်သုံးရင်း အောက်ခြေလိုက် အကျင့်ပျက်




စာမူခွင့်ပြုချက် - ၃၁၀၂၇၉၁၁၁ တန်ဖိုး -၁၅၀၀ ကျပ်
ဖြန့်ချိရေး - Myanmar Heritage

ခြစားမှု အကြောင်းအရာများကို အကောင်းဆုံးသရော်ချက်များဖြင့် တင်စားဖော်ပြထားသည်။

ပထမအကြိမ်ကို ၁၉၅၀ တွင် ထုတ်ဝေခဲ့ပြီး ၆၂ နှစ်အကြာမှ ဒုတိယအကြိမ် ပြန်လည်ထွက်ရှိခြင်းဖြစ်ပါသည်။

## မြင့်မြင့်တွေး မြင့်မြင့်ကြံ ၂

ရေးသားသူ - ကြည်ရွှန်း




စာမူခွင့်ပြုချက် - ၄၀၁၄၄၈၁၀၁၁ တန်ဖိုး - ၂၀၀၀ ကျပ်၊
ဖြန့်ချိရေး - Wisdom House

"မြင့်မြင့်တွေး မြင့်မြင့်ကြံ ၂" မှာ David J. Schwartz ၏ The Magic of Thinking Big ကို ဘာသာ ပြန်ဆိုထားခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာ၏ ဘဝကိုပြောင်းလဲစေခဲ့သော စာအုပ်တစ်အုပ်လည်း ဖြစ်သည်။

အခန်း(၇)ခန်းပါဝင်သော ယခုစာအုပ်တွင် ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်ရွေးချယ်၊ ကိုယ့်ခံယူချက်က ကိုယ့်မဟာမိတ်၊ လူတွေကို မှန်မှန်ကန်ကန် ရှုမြင်၊ လက်တွေ့ထလုပ်တဲ့ အကျင့်ကို မွေး၊ အရှုံးကို အနိုင်ဖြစ်အောင်လုပ်နည်း၊ ဖွံ့ဖြိုးတိုးတက်ဖို့ရာ ရည်မှန်းချက်တွေကို အသုံးချပါ၊ ခေါင်းဆောင်တစ်ယောက်လို တွေးနည်း စသည်ဖြင့် ဘဝအောင်မြင်နည်းများကို တင်ပြထားသည်။

ဘဝအောင်မြင်ရေးအတွက်နည်းလမ်းကောင်းများစွာကို မူရင်းစာရေးသူ ဒေါက်တာရွတ်ဇ်က ကိုယ်တွေ့ကြုံခဲ့ရသောအတွေ့အကြုံများကို သင်ခန်းစာအဖြစ်ကောက်နုတ်ပြီး အောင်မြင်မှု ဥပဒေသများအဖြစ် ဖော်ထုတ်ထားခြင်းဖြစ်သည်။ စာဖတ်သူ၏ဘဝမြင့်မြင့်မားမားဖြစ်လာစေမည့် လက်တွေ့ကျကျနည်းလမ်းများကိုရှာဖွေတင်ပြထားသည့် စာအုပ်ဖြစ်ပါသည်။

## ဘုရှ် ဆုံးဖြတ်ခဲ့သမျှ

ရေးသားသူ - ရဲထွင့်

၄၃ ယောက်မြောက် အမေရိကန်သမ္မတ George W. Bush ရေးသားသော Decision Points မှ အခန်း(၆)ကို ရွေးချယ်ပြန်ဆိုထားခြင်းဖြစ်သည်။

ဘုရှ်အနေဖြင့် ဤစာအုပ်ကို သမ္မတရာထူးစွန့်ခွာပြီးနောက်တစ်နေ့တွင် စတင်ရေးသားခဲ့သည်ဟုဆိုပါသည်။ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ဆုံးဖြတ်ခဲ့ရသော အရေးကြီးသည့်ဆုံးဖြတ်ချက်များကိုအခြေပြုကာ ရေးသားသည်ဟုဆိုပြီး "ကျွန်တော်ရဲ့ ဆုံးဖြတ်ချက် အချို့ကို မကြိုက်တဲ့ အမေရိကန်ပြည်သူအတော်တော်များများရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကျွန်တော်မှန်တယ်လို့ ယုံကြည်တာတွေကို လုပ်ခဲ့တာဖြစ်ပြီး ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိတယ်"ဟု ဘုရှ်ကဆိုပါသည်။




စာမူခွင့်ပြုချက် - ၃၁၀၁၈၈၁၀၁၁ တန်ဖိုး - ၃၀၀၀ ကျပ်၊
ဖြန့်ချိရေး - ပြည့်စုံစာအုပ်တိုက်

ခေါင်းဆောင်ဟူသည်မှာအဘယ်နည်းဆိုသည်ကို သိလိုစိတ်ပြင်းပြသူများအတွက် ကောင်းစွာအထောက်အကူပြုနိုင်မည့်စာအုပ်ဖြစ်ကြောင်း အမှာစာရေးသားပေးသူ သတင်းစာဆရာမောင်ဝံသက ဆိုထားပါသည်။

## ၃၇မင်းနတ်များ၏ပန်းချီကား ၃၇ကား ပြသထားသည့် 37 NATS ပန်းချီပြပွဲပြုလုပ်



၃၇ မင်းနတ်များ၏ ပန်းချီကား ၃၇ကားပြသထားသည့် 37 NATS ပန်းချီပြပွဲကို ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ၁၄ရက်နေ့တွင်ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ Strand Hotel တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

37 NATS ပန်းချီပြပွဲတွင် ၃၇မင်းနတ်တစ်ပါးချင်းစီ၏သမိုင်းကြောင်းများနှင့်အတူပန်းချီကားများကိုချိတ်ဆွဲပြသထားပြီးငင်းတို့ပေါ်ထွန်းရာခေတ်အလိုက်ဝတ်စားဆင်ယင်မှုများ၊အဆောင်အယောင်များကိုထည့်သွင်းရေးဆွဲထားသည်ဟု သိရသည်။

"ဒီပြပွဲကို ပြုလုပ်ဖြစ်တဲ့ ရည်ရွယ်ချက်က မြန်မာ့ရိုးရာဓလေ့ထဲမှာနတ်ကိုးကွယ်ယုံကြည်မှုလည်းတစ်ခုအပါအဝင်ပါ။ဒါပေမယ့် အခုနောက်ပိုင်းအဲဒီနတ်တစ်ပါးချင်းစီရဲ့အကြောင်းကို သေသေချာချာသိတဲ့သူရှားလာတယ်။အဲဒါကြောင့်အခုလို စုစည်းပြီး ပန်းချီပြပွဲအဖြစ်ပြသစီစဉ်ဖြစ်တာပါ"ဟုပန်းချီပြပွဲကိုစီစဉ်သည့်တာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

"တခြားဆွဲစရာအကြောင်းအရာတွေအများကြီးရှိတဲ့အထဲကမှ ဒီနတ်တွေရဲ့ပန်းချီကားကိုဆွဲဖို့ရွေးချယ်ဖြစ်တာက မြန်မာလူမျိုးတွေမှာ မိရိုးဖလာအစဉ်အလာယုံကြည်မှုတွေရှိကြတယ်။ နတ်ကိုးကွယ်မှုဆိုတာကလည်း ဟိုးအရင်ကတည်းက မြန်မာလူမျိုးတွေမှာယုံကြည်မှုတစ်ခုအနေနဲ့ရှိခဲ့တယ်။ဒီပန်းချီကားတွေထဲမှာနတ်တစ်ပါးချင်းစီရဲ့ အဆောင်အယောင်နဲ့ သမိုင်းဆိုင်ရာကွင်းဆက်ကလေးတွေလည်း ထည့်သွင်းပြီးဖန်တီးချက်တချို့နဲ့ ရေးဆွဲထားပါတယ်"ဟု ပန်းချီဦးစိန်မြင့်က ပြောပြခဲ့သည်။

37NATS ပန်းချီပြပွဲကို ဇန်နဝါရီ၁၄ရက်တစ်ရက်တည်းသာ ပြသခြင်းဖြစ်ပြီးလန်ဒန်မြို့ရှိ ပြတိုက်တွင် ပြသထားသည့် ရှေးခေတ်မြန်မာဘုရင်များလက်ထက်က စစ်ချီရာတွင်ကိုင်ဆောင်သည့် သူရဲကြီးအောင်လံ(၇) စင်း ပုံစံတူအလံများကိုလည်း ပြသခဲ့သည်။

## တစ်ပတ်အတွင်းရုံတင်မည့် ရန်ကုန်ရုပ်ရှင်

| | | | |
|---|---|---|---|
| **သမ္မတ၊ သွင်၊ မင်္ဂလာ** | အမေ့ကျေးဇူးဆပ်ဖူးချင်တယ် | **မြရတနာ** | ဖလန်းဖလန်းဖြစ်တဲ့အချစ် (ဒါရိုက်တာ ညီညီထွန်းလွင်) |
| Junction မော်တင်၊ | ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ) | | (ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်၊ |
| Toproyal (ပါရမီစိန်ဂေဟာ) | (ပြေတီဦး၊ သက်မွန်မြင့်၊ မင်းသူ၊ | | မေသဉ္ဇာဦး၊ ချစ်စနိုးဦး) |
| | လုအဲ့လီတင့်၊ အိစီကွေး) | **ရွှေမန်း၊ စံပြ၊ သီတာ** | ချိန်း |
| **နေပြည်တော်** | THE TWILIGHT SAGA:BREAKINF DAWN PART-1 KRISTEN STEWART,ROBERT PATTINSON, TAYLOR LOUTNER | **ဝဇီရာ ၁+၂** | ဒါရိုက်တာ သိန်းဟန်(ဖီးနစ်) (နေတိုး၊ ကျော်ကျော်ပို၊ အိန္ဒြာကျော်ဇင်) |
| **ရွှေဆောင်** | MISSION: IMPOSSIPLE 4 | **နဝဒေး၊ မဟာမြိုင်** | ရာဇဝင်ထဲကအလန်း |
| Director- Brad Bird( Tom Cruise , Jeremy Renner ) | | | ဒါရိုက်တာ ပြည်သိန်းသီဟ (ကျော်ကျော်ပို၊ မိုးယုစံ) |

## တစ်ပတ်အတွင်းထွက်ရှိမည့် မြန်မာဗီဒီယိုဇာတ်ကားများ

| | | | | | |
|---|---|---|---|---|---|
| ၁၆-၁-၂၀၁၂ | နှစ်ယောက်စလုံးကိုချစ်တယ် (နေတိုး၊ ဝိုင်းစုခိုင်သိန်း၊ ခင်လေးနွယ်၊ ဇင်မျိုး) | မီးပွား | ၁၈-၁-၂၀၁၂ | ပထမလူ ဒုတိယမျက်နှာ (ပိုင်သူ၊ လုအဲ့လီတင့်၊ ရာဇာပေါက်စီ) | တော်ဝင် |
| ။ | မောဟကစားပွဲ ထက်ပိုင် (ဂျွန်ဂို၊ ဆုရွှန်းလဲ့၊ ထက်လူ) | | ။ | လမိုင်းမြို့ကလက်သီးပွဲ(လက်ဝှေ့) (ဝင်းထွန်း၊ ဖိုးကေ၊ သားသား၊ ဒေါင်းသည်းချေ) | စိုင်းဇော်ဇော် |
| ။ | ရည်းစားဖြစ်ရန်ငါးမိနစ်အလို (မင်းရာဇာ၊ မို့မို့မြင့်အောင်၊ စိုးပြည့်သဇင်၊ ဇင်မျိုး) | ဒီအေးလွင် | ၁၉-၁-၂၀၁၂ | သင်နှင့်တကွအပေါင်းပါများသိသာရန် (လူမင်း၊ ထွန်းအိန္ဒြာဗို၊ အေးသင်ချိုဆွေ) | နေနော် |
| ။ | အရပ်ထဲကအမေဂျမ်း (ခင်စိုးပိုင်၊ ခင်မို့မို့အေး၊ ခင်နွဲ့နွဲ့မူ၊ ဆန်းရှိုင်း၊ ဝင်းမိုးကျော်) | ခင် | ။ | ထာဝရချစ်သူ ညွှန့်မြန်မာညီညီအောင် (သူထူးစံ၊ မိုးယုစံ၊ ဇင်ဝိုင်း၊ မေသဉ္ဇာဦး) | |
| ၁၇-၁-၂၀၁၂ | ချစ်ပေမယ့်လည်းမုန်းရသည် (ဟိန်းဝေယံ၊ ရဲအောင်၊ မျိုးသန္တာထွန်း၊ ဆုပန်ထွာ၊ ရွှေပိုးအိမ်) | မိုးကြိုး | ၂၀-၁-၂၀၁၂ | ကလေးကလား မကစားနဲ့ (ကျော်ရဲအောင်၊ အေးမြတ်သူ၊ သဒ္ဒါထက်၊ မာရီယာ) | မျိုးထူး |
| ။ | အဖေလို့ခေါ်ပါ (နေရဲလင်း၊ ကျော်ဇောဟိန်း၊ ဝင်း၊ ဆောင်းအိန္ဒြေထွန်း) | သပြားသု | ။ | သူ့ကိုမမုန်းဘူး ကိုဇော်(အရက်ဦး)(နေမင်း၊ စွမ်းရည်၊ အိန္ဒြာကျော်ဇင်) | |
| ။ | ကြယ်တွေစုံတဲ့နေ့ (ကျော်ကျော်ပို၊ မေကဗျာ၊ ဇင်နိုင်း၊ သီဟ) | ပြည်သိန်းသီဟ | ။ | မျိုးချစ်ဇာနည် ဘာမထီ (သီဟနိုင်၊ ကျော်ခန့်ဇော်၊ ပွင့်ရတနာကျော်၊ ဖြိုးရတနာသွယ်) | ဝေလင်း |
| ၁၈-၁-၂၀၁၂ | စကားလုံးမရှိတဲ့ကောင်းကင် (စိုင်းစိုင်းခမ်းလှိုင်၊ ပြေဇင်၊ မိုးဟေကို၊ ဝါဆိုမိုးဦး) | အာယု | ၂၁-၁-၂၀၁၂ | သတင်းကောင်း (ဖြိုးငွေစိုး၊ စိုးမြတ်သူဇာ၊ ဇင်မျိုး၊ တက္ကသိုလ်ဂွမ်းပုံ) | ကျော်ဇောလင်း(အတွေးပုံရိပ်) |
| ။ | ကောင်းကင်လက်ရေး (မြင့်မြတ်၊ စိုးမြတ်သူဇာ၊ ချမ်းမီမီကို၊ နေဆန်း) | နေပိုင် | ။ | တိတ်တိတ်လေးချစ်နေမယ် (အောင်ရဲလင်း၊ မေကဗျာ၊ အေးသင်ချိုဆွေ) | ညွှန့်မြန်မာညီညီအောင် |

## ဇန်နဝါရီလထုတ် တေးစီးရီး၊ စီဒီ၊ ဗီစီဒီ

| | | |
|---|---|---|
| ကိုယ့်သမိုင်းကိုယ်ရေးကြသူများ | လူစုံ | စီဒီ |
| ရှင်သန်ခွင့် | ဒီရိုင်း | စီဒီ |
| ငွဲ့ညှာပေးတော့ | မင်းဇင်(Melody World) | စီဒီ |
| အနီးဆုံးလူ--နမ်းမှာလား | အေးသင်ချိုဆွေ | စီဒီ |
| ကျွန်တော်နှင့်အပိုင်းအစများ | Cobra | စီဒီ၊ဗီစီဒီ |
| ရုပ်ကွက်ထဲက အရူး | ကျော်ထွဋ်ဆွေ | စီဒီ |

## ဇန်နဝါရီလထုတ် စာအုပ်များ

| | | |
|---|---|---|
| သူ့ခေတ်နဲ့သူ | မြတ်ငြိမ်း | ၅၀၀၀ |
| ပြောမဆုံးနိုင်သော နိုင်ငံရေးအကြောင်း | ကိုကိုမောင်ကြီး | ၃၀၀၀ |
| သင်ယူနေတဲ့ကလေးတွေ | ခေတ်ဘုန်းသစ် | ၂၅၀၀ |
| ထူးချွန်ထင်ရှားမြန်မာ့သတင်းစာဆရာများ | ချမ်းငြိမ်း | ၂၀၀၀ |
| မြင့်မြင့်တွေး မြင့်မြင့်ကြံ(၂) | ကြည်ရွှန်း | ၂၀၀၀ |
| အလုကမ္ဘာ ညီတို့ရွာ ကလေးကဗျာများ | မောင်စိမ်းနောင် (လယ်ဝေး) | ၁၅၀၀ |

## MRTV၊ MWD တို့မှ ပြသမည့် ဇာတ်လမ်းတွဲများ

| | | |
|---|---|---|
| ၁။ ။ စိတ်ကူးနဲ့ကြမ္မာ | | MRTV |
| တနင်္လာ၊ အင်္ဂါ | ၇း၀၀ ။ | |
| ၂။ မွေးစားသား | | |
| တနင်္လာ၊ အင်္ဂါ | ၉း၃၀ ။ | |
| ၃။ အချစ်နဲ့ အမုန်း | | |
| ကြာသပတေး၊ သောကြာ | ၇း၀၀ ။ | |
| ၄။ ရေသူမလေးချစ်ပုံပြင် | | |
| ကြာသပတေး၊ သောကြာ | ၉း၃၀ ။ | |
| ၅။ အချစ်ချိုချိုအကြင်နာပို | | |
| စနေ၊ တနင်္ဂနွေ | ၇း၀၀ ။ | |
| ၆။ ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ | | |
| စနေ၊ တနင်္ဂနွေ | ၉း၃၀ ။ | |
| ၁။ ချစ်ခွန်းဖွဲ့သီချစ်သူဆီ | | MWD |
| တနင်္လာ၊ စနေ၊ တနင်္ဂနွေ | ၇း၀၀ ။ | |
| ၂။ အချစ်ကြီးချစ် | | |
| တနင်္လာ၊ အင်္ဂါ၊ တနင်္ဂနွေ | ၉း၃၀ ။ | |
| ၃။ ငှက်ကလေးရဲ့ကောင်းကင် | | |
| အင်္ဂါ၊ ဗုဒ္ဓဟူး | ၇း၀၀ ။ | |
| ၄။ ငှက်ကလေး၏ကွန်းခိုရာ(ဇာတ်လမ်းသစ်) | | |
| ဗုဒ္ဓဟူး၊ ကြာသပတေး | ၉း၃၀ ။ | |
| ၅။ သစ္စာစေတမန် | | |
| ကြာသပတေး၊ သောကြာ | ၇း၀၀ ။ | |
| ၆။ တစ်နေ့သောအခါ | | |
| သောကြာ၊ စနေ | ၉း၃၀ ။ | |

■

ELEVEN MEDIA GROUP Co., Ltd.

■ရန်ကုန်
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁

■မန္တလေး(ရုံးခွဲ)
အမှတ် ၄/၃၊ မြစန္ဒာလမ်းသွယ်၊ (၆၂×၆၃) လမ်းကြား၊ (၃၄×၃၅) လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၁၁၇၂

■နေပြည်တော်ပျဉ်းမနား(ရုံးခွဲ)
အမှတ် ၁၁/၅၄၊ ပိုလ်တောက်ထိန်လမ်း၊ ရန်အောင်(၁) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနားမြို့ ဖုန်း ၀၆၇-၂၂၈၂၂

နေ့စဉ်ထုတ် နိုင်ငံတကာသတင်းစာများ လပေးကြိုတင်မှာယူသောစနစ်ဖြင့် မှာယူရရှိနိုင်ပါသည်။
ယနေ့ထုတ် ယနေ့ရောက်စနစ်ဖြင့် ရုံးအရောက်၊ အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။

ထိုင်းနိုင်ငံထုတ် - Bangkok Post, The Nation

The global edition of the New York Times
- International Herald Tribune

ဂျပန်သတင်းစာ - NIKKEI [ International Edition ]

စင်ကာပူသတင်းစာ - Straits Times, Business Times, Lianhe Zaobao, Newspaper.

Success International Publisher's Distributor Co.,Ltd.
အမှတ်(၂၆၃)၊ သိမ်ဖြူလမ်း၊ အမျိုးသားဝိုင်အမ်စီအေအဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၆၄၄၂၊ ၇၀၆၀၀၂ ၀၉၄၃၁၁၅၁၁၆၊ ၀၉၇၃၁၁၅၁၁၆။

## အနုပညာသက်တမ်း ၂၁ နှစ်ပြည့်အဖြစ် ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်မည်

အနုပညာဖြတ်သန်းမှုသက်တမ်း ၂၁ နှစ်ပြည့်အဖြစ်ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ယခုနှစ်နိုဝင်ဘာလအတွင်းပြုလုပ်ရန် စီစဉ်ထားသည်ဟု သတင်းရရှိသည်။ အဆိုပါဖျော်ဖြေပွဲကို ထူးခြားသည့်အစီအစဉ်များစွာဖြင့်တင်ဆက်သွားမည်ဖြစ်ပြီးရရှိလာသည့်အကျိုးအမြတ်များအားလှူဒါန်းရန်ရည်ရွယ်ထားသည်ဟု သိရှိရသည်။

"ကျွန်မရဲ့အနုပညာသက်တမ်းက ၂၀၁၁ မှာ အနှစ် ၂၀ ပြည့်ပါတယ်။ အနုပညာသက်တမ်း နှစ် ၂၀ ပြည့်အဖြစ် အမှတ်တရဖြစ်အောင် တစ်ကိုယ်တော်ပွဲလေးလုပ်ချင်ခဲ့ပေမယ့် တကယ်တမ်းမှာဇာတ်ကားရိုက်ရက်တွေနဲ့ပြည့်နေခဲ့တာကြောင့် မလုပ်ဖြစ်လိုက်ပါဘူး။ ဒါကြောင့် အခုအနုပညာသက်တမ်း၂၁နှစ်ပြည့်တဲ့ အခုနှစ်နိုဝင်ဘာလမှာတော့ တစ်ကိုယ်တော်ဖျော်ဖြေပွဲလေးလုပ်ဖြစ်အောင်လုပ်ဖို့စိတ်ကူးထားပါတယ်။ အဓိကတော့အလှူဒါနလေးတွေလုပ်ချင်တယ်။ ဒီပွဲကိုအဲဒီအတွက်ရည်ရွယ်ပြီးလုပ်ဖြစ်မှာပါ။ ထူးခြားဆန်းသစ်တဲ့တင်ဆက်မှုတွေဖြစ်အောင်တော့အချိန်ယူပြင်ဆင်ဖြစ်ပါလိမ့်မယ်" ဟု သရုပ်ဆောင်ထွန်းအိန္ဒြာဗိုက ရှင်းပြခဲ့သည်။

ထွန်းအိန္ဒြာဗို၏တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုရန်ကုန်မြို့တွင်ပင် ပြုလုပ်ရန်စီစဉ်ထားပြီးရက်နှင့် နေရာအတိအကျကိုထပ်မံကြေညာသွားမည်ဟုသိရှိရသည်။



## ကိုရီးယား-အာဆီယံရုပ်ရှင်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအဖြစ် "ရုပ်ရှင်ထဲမှတစ်ခုတည်းသောအာရှ" ဆွေးနွေးပွဲကိုနှစ်ရက်တိုင်ပြုလုပ်




ကိုရီးယား–အာဆီယံရုပ်ရှင်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအဖြစ် 'ရုပ်ရှင်ထဲမှတစ်ခုတည်းသောအာရှ' ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့ပြီး ဘူဆန်ရုပ်ရှင်ကော်မရှင်၊ ဗီယက်နမ်နိုင်ငံရုပ်ရှင်ထုတ်လုပ်ရေးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြသည်ဟုသတင်းရရှိသည်။ အဆိုပါဆွေးနွေးပွဲကိုပင်ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့၌ ဇန်နဝါရီလ၉ရက်နေ့နှင့် ၁၀ရက်နေ့များတွင်လည်းပြုလုပ်ခဲ့ပြီးဖြစ်သည်ဟုသိရှိရသည်။

ဇန်နဝါရီလ ၁၂ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားအားဘူဆန်ရုပ်ရှင်ကော်မရှင်၏ ညွှန်ကြားရေးမှူး၊ အာရှရုပ်ရှင်ကော်မရှင်ကွန်ရက်အဖွဲ့၏ဥက္ကဋ္ဌဖြစ်သူအိုအိပ်ချ်ဆောဂန်းက "အာဆီယံကိုရီးယားပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေကိုဆောင်ရွက်လျက်ရှိပြီးအာရှဒေသအပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘူဆန်ရုပ်ရှင်ကော်မရှင်နဲ့ AFCNetတို့က ရုပ်ရှင်လုပ်ငန်းကတစ်ဆင့်တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရုပ်ရှင်ကော်မရှင်ရဲ့ပံ့ပိုးမှုနဲ့ရရှိလာတဲ့အခြေခံအုတ်မြစ်များနဲ့ အတူအနုပညာဈေးကွက်ဆိုတာထက်သာလွန်သောဖန်တီးမှုအနုပညာသစ်တစ်ရပ်ကိုအကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ယုံကြည်မျှော်လင့်မိပါတယ်"ဟုပြောကြားခဲ့သည်။

ထို့နောက်ရုပ်ရှင်ကော်မရှင်အကြောင်းကို ဟောပြောဆွေးနွေးခဲ့ရာသဘာပတိအဖြစ်ဘူဆန်ရုပ်ရှင်ထုတ်လုပ်ရေးမှဦးဆောင်ညွှန်ကြားရေးမှူးချွဲကွမ်ဟီးက ဆောင်ရွက်ခဲ့ပြီးနောက် ဟောပြောဆွေးနွေးရေးအဖွဲ့တွင်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊Nobis ရုပ်ရှင်လုပ်ငန်း၊ LLC ရုပ်ရှင်လုပ်ငန်း၊ ဘူဆန်ဖွံ့ဖြိုးရေးသုတေသနဌာနနှင့်မြန်မာရုပ်ရှင်လောကသားအချို့တို့ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးမှုတွင် ရုပ်ရှင်ကော်မရှင်များ၏ရိုက်ကူးမှုဆိုင်ရာအထောက်အကူပြုစနစ်များနှင့်နည်းပညာများကိုဆွေးနွေးပြီးနောက်ရုပ်ရှင်ကော်မရှင်များ၏အခန်းကဏ္ဍကိုဟောပြောခဲ့သည်။

ထို့နောက်ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံများ၏ရုပ်ရှင်လုပ်ငန်းဖြင့်ပြန်လည်ဖွံ့ဖြိုးလာသောခရီးသွားလုပ်ငန်းများအကြောင်းကို ဖိလစ်ပိုင်နိုင်ငံ၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ ထိုင်းနိုင်ငံရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဌာန၊ထိုင်းနိုင်ငံရုပ်ရှင်ဆင်ဆာအဖွဲ့ဌာနမှူး၊ကမ္ဘောဒီးယားရုပ်ရှင်ကော်မရှင်၏အမှုဆောင်အရာရှိချုပ်တို့ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် အာဆီယံရုပ်ရှင်များ၏ဦးတည်ရာခေါင်းစဉ်ဖြင့်လည်းဆွေးနွေးခဲ့သည်။

ဇန်နဝါရီလ ၁၃ ရက်နေ့တွင်ကိုရီးယားရုပ်ရှင်ပညာရေး၏လိုအပ်ချက်များနှင့်ဦးတည်ချက်များ ဟောပြောခဲ့ပြီးနောက် ဒါရိုက်တာလီဂျန်းန၏အထူးဟောပြောချက်များကိုလည်းဆွေးနွေးခဲ့ကြသည်။

## အမေရိကန်ဒါရိုက်တာသုံးဦးလာရောက်ဆွေးနွေးမည့် "Making Documentary" Workshop အား ရန်ကုန်မြို့တွင်ပြုလုပ်မည်

အမေရိကန်ဒါရိုက်တာသုံးဦးလာရောက်ဆွေးနွေးပေးမည့် 'Making Documentary' Workshop အား ရန်ကုန်မြို့အမေရိကန် စင်တာတွင် ဇန်နဝါရီလ ၁၅ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့တက်ရောက်နိုင်ရန်အတွက် 'လွတ်လပ်ခြင်းအနုပညာ'ရုပ်ရှင်ပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ဒါရိုက်တာများထဲမှ ၂၁ ဦးအားရွေးချယ်တက်ရောက်စေမည်ဟုသတင်းရရှိသည်။

"ကျွန်တော်တို့ရုပ်ရှင်ပွဲတော်စလုပ်ကတည်းက ပြိုင်ပွဲဝင်တဲ့သူတွေအားလုံးကို နိုင်ငံတကာအတွေ့အကြုံတစ်ခုခုရအောင်လုပ်ပေးဖို့စဉ်းစားထားပြီးသားပါ။ ဒါကြောင့် အမေရိကန်ကဒါရိုက်တာသုံးယောက်ကိုဖိတ်ခေါ်ပြီး workshop တစ်ခုလုပ်ဖြစ်ခဲ့တာပါ။ တက်ဖို့အတွက် ဒါရိုက်တာ ရွေးချယ်ရာမှာလည်း နှစ်ပတ်လုံးကအချိန်ပြည့်တက်ရမှာဖြစ်တာကြောင့်တကယ်ကိုအချိန်ပေးတက်ရောက်နိုင်တဲ့သူတွေကိုပြန်လည်စိစစ်ရွေးချယ်ခဲ့တာပါ။ သင်ကြားဆွေးနွေးမှုအခွင့်အရေးကိုအပြည့်အဝရစေချင်တာကြောင့်ပါ" ဟု ဒါရိုက်တာမင်းထင်ကိုကိုကြီးကရှင်းပြခဲ့သည်။

ထို့အပြင်အဆိုပါ workshop သို့တက်ရောက်ခွင့်ရရှိသည့် လူငယ်ဒါရိုက်တာဇော်ဘိုဘိုဟိန်းက လည်း "ကျွန်တော်တို့လိုသင်ကြားနေဆဲ သင်ယူလေ့လာနေဆဲသူတွေအတွက်တော့အခွင့်အရေးတစ်ခုပါပဲ။ လက်တွေ့လုပ်ကိုင်နေကြတာတွေထဲက အခက်အခဲတွေ၊ ထပ်သိချင်တာတွေ၊ သူတို့နိုင်ငံဘက်ကဖန်တီးမှုအနေအထားတွေကိုသင်ယူခွင့်ရရှိမယ်လို့ယုံကြည်ပါတယ်။ သူတို့သင်ကြားဆွေးနွေးမှုအပြင် အပြန်အလှန် မေးခွန်းထုတ်ခွင့်ရနိုင်မှာကြောင့်အများကြီးအကျိုးရှိတယ်လို့ယုံကြည်ပါတယ်"ဟုပြောပြခဲ့သည်။

အမေရိကန်ဒါရိုက်တာသုံးဦးပါဝင်ဆွေးနွေးမည့် Making Documentary Workshop အား ဇန်နဝါရီလ ၁၅ ရက်မှ ၂၉ ရက်နေ့ အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၉ နာရီတိုင်အောင်ဆွေးနွေးပို့ချသွားမည်ဟုသိရသည်။လက်တွေ့ဆောင်ရွက်မှုများလည်းပါဝင်မည်ဖြစ်သည်။

## ဇာတ်သဘင်များ၏ကပြဖျော်ဖြေမှုတွင် စတိတ်ရှိုးတင်ဆက်ချိန်များလျော့ချလာ

ဇာတ်သဘင်များ၏ ကပြတင်ဆက်မှုတွင် စတိတ်ရှိုးတင်ဆက်ဖျော်ဖြေချိန်များလျော့ချလာကြကြောင်းဇာတ်သဘင်အသိုင်းအဝိုင်းမှ သိရှိရပါသည်။

"မြန်မာနိုင်ငံ သဘင်ပညာရှင်များစည်းအရုံးကနေ နောက်ပိုင်းဇာတ်တော်ကြီးကပြမှုတွေကိုထည့်သွင်းဖို့ ၂၀၁၀ ပြည့်နှစ်လယ်ပိုင်းလောက်ကတည်းကညွှန်ကြားခဲ့တာပါ။ ဒါပေမယ့် ဇာတ်သဘင်အဖွဲ့တွေအနေနဲ့ နောက်ပိုင်းဇာတ်ကပြမှုတွေအတွက် အဝတ်အစားပိုင်းတွေ ဆက်တင်ပြင်ဆင်မှုပိုင်းတွေကိုပြင်ဆင်ရတာတွေရှိတဲ့အတွက် ညွှန်ကြားချက်ထုတ်ပြီးချင်းတော့ မကနိုင်ခဲ့ကြပါဘူး။ အခုတော့ ဇာတ်သဘင်အဖွဲ့တိုင်းလိုလိုက နောက်ပိုင်းဇာတ်တင်ဆက်မှုကိုထည့်သွင်းလာကြတယ်။ အဲဒီအတွက် စတိတ်ရှိုးတင်ဆက်ချိန်တွေကိုလျော့ချလာကြတာပါ "ဟု ဇာတ်ကန်ထရိုက်တစ်ဦးဖြစ်သည့် ဦးခင်မောင်ညွန့်က ဆိုပါသည်။

ဇာတ်သဘင်တင်ဆက်မှုများတွင် စတိတ်ရှိုးတင်ဆက်ဖျော်ဖြေမှုများပိုမိုအားကောင်းလာခဲ့ပြီး တင်ဆက်ဖျော်ဖြေချိန်များလည်းပိုများလာခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ဇာတ်သမားစဉ်အတိုင်းတင်ဆက်မှုများအနက် စတိတ်ရှိုးတင်ဆက်ချိန်မှာ ၂ နာရီ ၃ နာရီကျော်အထိရှိလာခဲ့သည်။လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကုန်ပိုင်းမှစကာ နောက်ပိုင်းဇာတ်တင်ဆက်နိုင်ရန်အတွက် ပြင်ဆင်မှုများပြုလာကြပြီး ၂၀၁၁ ခုနှစ်နှစ်ဆန်းပိုင်းမှ စတင်ကာ နောက်ပိုင်းဇာတ်တင်ဆက်မှုကို ထည့်သွင်းလာခဲ့ကြသည်။

"ဟန်ဇာမိုးဝင်းဇာတ်အဖွဲ့အနေနဲ့ကတော့ နောက်ပိုင်းဇာတ်တင်ဆက်မှုတွေကို ပွဲကတိုင်းမဟုတ်တောင်မှ အခါအခွင့်သင့်သလိုထည့်ကဖြစ်ပါတယ်။ အခုတော့ ညတိုင်းနောက်ပိုင်းဇာတ်ကပြခဲ့တာ ၆ လကျော်လောက်တော့ရှိပြီ"ဟု ဟန်ဇာမိုးဝင်းဇာတ်တည်ထောင်သူဇာတ်မင်းသားကြီးမိုးဝင်းကဆိုပါသည်။



## စီရော်နယ်ဒိုအား ဝိုင်းဝန်းဝေဖန်နေကြသူများကို မိမိအနေဖြင့် နားမလည်နိုင်ကြောင်း ရီးယဲယ်အသင်းနည်းပြ မော်ရင်ဟိုပြောကြား

ရီးယဲယ်အသင်းနည်းပြ မော်ရင်ဟိုက အသင်း၏တိုက်စစ်မှူးဖြစ်သူ စီရော်နယ်ဒိုအား ဝိုင်းဝန်းဝေဖန်နေကြသူများကို မိမိအနေဖြင့် နားမလည်နိုင်ကြောင်းပြောကြားခဲ့သည်။



"စီရော်နယ်ဒိုသည် လက်ရှိရာသီ၌ စပိန်လာလီဂါတွင် ၁၇ ပွဲကစား ၂၁ ဂိုး သွင်းယူထားသူလည်းဖြစ်သည်။ ဂရန်နာဒါအား ၅-၁ ဂိုးဖြင့် အနိုင်ရအပြီးတွင် မော်ရင်ဟိုက၊ တိုက်စစ်မှူးတစ်ယောက်အကြောင်းကို ကျွန်တော်တို့ စကားပြောကြည့်မယ်ဆိုပါစို့။ ဘယ်လိုအချက်အလက်တွေနဲ့ နှိုင်းယှဉ်ပြီးပြောမှာလဲ။ တကယ်လို့များ ခင်ဗျားဟာ အခြားတိုက်စစ်မှူးတစ်ယောက်နဲ့ စီရော်နယ်ဒိုကို နှိုင်းယှဉ်ပြီးပြောမယ်ဆိုရင်ခင်ဗျားမှာခိုင်လုံတဲ့အကြောင်းအရာတွေရှိပါလိမ့်မယ်။ ရွှေဖိနပ်ဆုနဲ့ပတ်သက်ပြီး ပြောမယ်ဆိုရင်တော့ ဒီဆုဟာ ကျွန်တော်တို့ဆီမှာပါ။ ဘယ်ကစားသမားကမှ စီရော်နယ်ဒိုထက်ပိုပြီး ဂိုးသွင်းနိုင်လိမ့်မယ်လို့မထင်ပါဘူး။ လက်ရှိအပြောင်းအရွှေ့ကာလမှာ ကျွန်တော်တို့ ကစားသမားဝယ်ဖို့လည်း စိတ်မဝင်စားသလို ရောင်းချဖို့လည်း စိတ်မဝင်စားပါဘူး။ ကျွန်တော်တို့အတွက် လာလီဂါမှာ ချန်ပီယံဖြစ်ဖို့အတွက်ကအရေးကြီးဆုံးပါပဲ။ အခြားပြိုင်ပွဲတွေကတော့အချိန်တွေပေါ်မှာကြည့်ပြီးသွားရမှာပါ။ ဘာစီလိုနာအသင်းနဲ့ပတ်သက်ပြီးဘာမှမပြောလိုပါဘူး။ မီဒီယာတွေကတော့ အရမ်းတော်ကြပါတယ်။ ကျွန်တော်မဝေဖန်လိုပါဘူး။ စိတ်လည်းမဝင်စားပါဘူး။ လက်ရှိအလုပ်ကိုပဲ ကျွန်တော်စိတ်ဝင်စားပါတယ်"ဟုပြောကြားခဲ့သည်။

## လာမည့်တစ်ပတ်အတွင်း တီဗက်ဇ်ကိုခေါ်ယူရန် အင်တာနှင့် မန်စီးတီးအပြီးသတ်ဆွေးနွေးမည်

အင်တာမီလန်အသင်းသည် တိုက်စစ်မှူး တီဗက်ဇ်ကိုခေါ်ယူရန်အတွက် မန်စီးတီးအသင်းနဲ့ လာမည့် တစ်ပတ်အတွင်း၌အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မူလက တီဗက်ဇ်ကိုခေါ်ယူရန် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းက စတင်ကြိုးစားခဲ့သော်လည်း အင်တာမီလန်အသင်းက ကြားဖြတ်ခေါ်ယူရန် ကြိုးစားလာခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းသည် တီဗက်ဇ်၏အေးဂျင့်နှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့သော်လည်း အေစီမီလန်အသင်း၏ အငှားဖြင့်ခေါ်ယူရန်ကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ပြောင်းရွှေ့ကြေးငွေ အပြည့်အဝပေးချေမည့် အင်တာမီလန်အသင်းထံသို့ တီဗက်ဇ်ကိုရောင်းချရန် အေစီမီလန်ထက်ပိုမိုစိတ်ဝင်စားခဲ့ကြောင်း သိရသည်။

အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက "ကျွန်တော်တို့နဲ့ မန်စီးတီးအသင်းကတာဝန်ရှိသူတွေအားလုံး တီဗက်ဇ်ရဲ့ အပြောင်းအရွှေ့ကိစ္စရပ်နဲ့ပတ်သက်လို့ အားလုံးနားလည်ထားတာရှိပါတယ်။ကျွန်တော်တို့ ဆုံးဖြတ်လိုက်တာက နောက်တစ်ပတ်မတိုင်ခင်အထိ တီဗက်ဇ်ကိစ္စနဲ့ပတ်သက်လို့ စကားမပြောသေးဘူးဆိုတာကိုပါ"ဟု ပြောကြားခဲ့သည်။ အင်တာမီလန်အသင်းသည် ယူရို ၂၅ သန်းဖြင့် တီဗက်ဇ်ကိုခေါ်ယူရန် မန်စီးတီးထံ ကမ်းလှမ်းထားလျက်ရှိသည်။

## Sports News In Brief

**မာဆေး**➢ မာဆေးလ်အသင်းမှ ပြင်သစ်လက်ရွေးစင် ကစားသမား ရီးမိုင်းစ်သည် ပရီးမီးယားလိဂ်ကလပ် စပါးအသင်းထံသို့ ပြောင်းရွှေ့ကစားလိုကြောင်း ဝန်ခံပြောကြာခဲ့သည်။

**မန်စီးတီး** ➢ မန်စီးတီးအသင်းတိုက်စစ်မှူး ဘာလော့တယ်လီသည် မန်ချက်စတာကောလိပ်သို့ သွားရောက်လည်ပတ်ခဲ့သည်။

**အာဆင်နယ်** ➢ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက အွန်နရီနှင့် ဗန်ပါစီတို့ကို တွဲဖက်အသုံးပြုဖြစ်လိမ့်မည်ဟု ဆိုခဲ့သည်။

**ရှန်ဟိုင်းရှင်ဟွာ** ➢ ရှန်ဟိုင်းရှင်ဟွာတိုက်စစ်မှူး အနယ်လ်ကာက ချယ်လ်ဆီးအသင်းကို ချစ်သော်လည်း အတွေ့ကြုံသစ်များရှာဖွေလို၍ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆန်းတို့စ်** ➢ ဘရာဇီးလ်ကလပ် ဆန်းတို့စ်အသင်းသည် အသင်းကြီးများခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူးနေမာကို ၂၀၁၄ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်သည်။

**ဘလက်ဘန်း** ➢ ဘလက်ဘန်းနည်းပြ စတိဗ်ကိန်းက ဖိအားပေးမှုများနှင့်ရင်ဆိုင်နေရသော်လည်း ရာထူးမှထွက်ခွာမည်မဟုတ်ဟု ပြောကြားခဲ့သည်။

**စပါး** ➢ စပါးအသင်းနည်းပြ ရက်နက်ပ်က တိုက်စစ်မှူး ဒီဖိုးမှာရောင်းချရန်မဟုတ်ဟု ပြောကြားခဲ့သည်။

**အင်္ဂလန်** ➢ လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် ဂရိတ်ဗြိတိန်အသင်းတွင် ပါဝင်ကစားရန် ဂျိုကိုးလ်ကို အက်ဖ်အေက ကမ်းလှမ်းစာပေးပို့ခဲ့သည်။

## ပေါင်ငါးသိန်းဝန်းကျင်ဖြင့် မန်ယူကစားသမား ဂစ်ဘ်ဆင်အား အဲဗာတန်အသင်းခေါ်ယူ

အဲဗာတန်အသင်းသည် မန်ယူလူငယ်ကစားသမား ဂစ်ဘ်ဆင်အား ပေါင်ငါးသိန်းဝန်းကျင်ဖြင့် ပြီးခဲ့သည့် သောကြာနေ့က အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းနည်းပြ မိုယက်စ်က "ကျွန်တော် ဂစ်ဘ်ဆင်ကိုမြင်တွေ့ရတာဟာ ဘောလုံးနဲ့ပတ်သက်ပြီး အရမ်းဆာလောင်နေသူကို မြင်တွေ့ရသလိုပါပဲ။ သူဟာ ငယ်ရွယ်ပါသေးတယ်။ သူ့ကိုယ်သူလည်း တိုးတက်အောင် အရမ်းလုပ်ဆောင်ချင်သူပါ။ ဂစ်ဘ်ဆင်ကမူ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းမှာ ရွှန်နီ၏ အကြံပေးမှုများ ပါဝင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဂစ်ဘ်ဆင်က "ကျွန်တော် ရွှန်နီနဲ့ စကားပြောခဲ့ပါတယ်။ သူ့နဲ့စကားပြောအပြီးမှာ အဲဗာတန်ကိုပြောင်းရွှေ့ဖို့ လွယ်လွယ်ကူကူပဲ ဆုံးဖြတ်နိုင်ခဲ့ပါတယ်။ ဒီမှာလည်း ကာဟေးလ်နဲ့နဗီးလ်တို့က ကျွန်တော့်ကို ကြိုဆိုကြပါတယ်"လို့ ပြောကြားခဲ့သည်။



## အားကစားသတင်းအတိုအထွာများ

➢ ဖီဖာ၏ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သော FIFA Performence Programme Mission အရ ဖီဖာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့လာရောက်ကာ တာဝန်ရှိသူများနှင့်ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ ထို့ပြင် ဖီဖာမှအရာရှိတစ်ဦးဖြစ်သူ သောမတ်စ်ဂရင်းသည် ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ မြန်မာနိုင်ငံသို့လာရောက်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအားတွေ့ဆုံမည်ဖြစ်ပြီး MNL ပွဲစဉ်များအား ကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

➢ အာရှဘောလုံးအဖွဲ့ချုပ်မှကျင်းပသော ကလပ်အသင်းများပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်နေသော ပရိုလိဂ်ပြိုင်ပွဲများမှ စီမံ၊ အုပ်ချုပ်ဆိုင်ရာအရာရှိများညှိနှိုင်းဆွေးနွေးပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင်နိုင်ငံပေါင်း ၁၂ နိုင်ငံမှတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ပရော်ဖက်ရှင်နယ်လိဂ်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပိုမိုပူပေါင်းဆောင်ရွက်ရေးနှင့်အာရှဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက်ကလပ်အသင်းမန်နေဂျာများကပါလက်တွဲဆောင်ရွက်သွားကြရေးဆွေးနွေးခဲ့ကြသည်။

➢ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှကျင်းပသည့် ၂၀၁၂ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားဗန်တိုတံခွန်စိုက်ပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲကို ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပလျက်ရှိကြောင်းသိရှိရသည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင်အားကစားနည်း ၃၂ မျိုးထည့်သွင်းကျင်းပရန် စီစဉ်ထားရာ မြန်မာ့ရိုးရာသိုင်းအားကစားနည်းကိုလည်းထည့်သွင်းရန်လျာထားကြောင်း သိရသည်။

➢ မွန်-မြန်မာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို မွန်ပြည်နယ်၊ နင်ကရင်ကျေးရွာ၌ဇန်နဝါရီလ ၈၊ ၉ ရက်များက ကျင်းပပြုလုပ်ခဲ့ရာအဓိကစိန်ခေါ်ပွဲများ၌ တွေ့မရှောင်(နဂါးမာန်)နှင့်စိုးလင်းဦး(တောင်ကလေး)၊ ကညောထူး (ရွှေကုက္ကိုု)နှင့် အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)တို့၏ ပွဲစဉ်များမှာသရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။ ဝါရင့်လက်ဝှေ့သမားတွေ့မရှောင်သည် ရွှေခါးပတ်ချန်ပီယံနှင့် ဒဂုံရွှေအောင်လံဆုများရရှိခဲ့သူ လူငယ်လက်ဝှေ့သမားစိုးလင်းဦးကို လက်ရည်အသာဖြင့်ထိုးသတ်နိုင်ခဲ့သော်လည်း အလဲမထိုးနိုင်ဘဲသရေကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




## ပွဲစဉ်(၂)တွင် ကမ္ဘောဇ၊ ဟံသာဝတီ၊ ဇေယျာရွှေမြေနှင့် နေပြည်တော်အသင်းတို့အနိုင်ရရှိခဲ့ပြီး ရတနာပုံနှင့် မကွေး၊ ဧရာဝတီနှင့် ရန်ကုန်အသင်းတို့ သရေကျ



မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၂)ကို ဇန်နဝါရီလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့များက ဗထူး၊ ပဒုမ္မာ၊ တောင်ကြီး၊ မုံရွာ၊ အောင်ဆန်း၊ နေပြည်တော်ကွင်းတို့တွင် ကျင်းပခဲ့ရာ ကမ္ဘောဇအသင်း၊ ဟံသာဝတီအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့သာအနိုင်ရခဲ့ပြီး ရတနာပုံအသင်းနှင့် မကွေးအသင်း၊ ဧရာဝတီနှင့် ရန်ကုန်၊ နေပြည်တော်နှင့် မနောမြေအသင်းတို့သရေရလဒ်များ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလ ၁၃ ရက်နေ့က ဗထူးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေကျသွားခဲ့ပြီး ရတနာပုံအသင်းအတွက်ဂိုးကို ပိုင်စိုးကသွင်းယူခဲ့ကာ မကွေးအသင်းအတွက်ချေပဂိုးကိုထွန်းမင်းနိုင်ကသွင်းယူသွားခဲ့သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များအနက်ပဒုမ္မာကွင်းတွင်ကစားခဲ့သောပွဲစဉ်၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့ပြီး ဧရာဝတီယူနိုက်တက်အတွက်ဂိုးကို ဂျူပီတာကသွင်းယူခဲ့ကာ ရန်ကုန်အတွက် ချေပဂိုးကို မီလန်ကပင်နယ်တီမှသွင်းယူခဲ့ခြင်းဖြစ်သည်။

မုံရွာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်၌ ဇေယျာရွှေမြေအသင်းက ချင်းယူနိုက်တက်အသင်းကို (၄-၁)ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ကမ္ဘောဇကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင်မူ ကမ္ဘောဇအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို(၂-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ထို့ပြင် အောင်ဆန်းကွင်းတွင်ဟံသာဝတီယူနိုက်တက်အသင်းနှင့်ရက္ခပူရအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီအသင်းက (၂-၁)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

နေပြည်တော်ကွင်းတွင် ကစားခဲ့သောပွဲစဉ်၌ နေပြည်တော်အသင်းက မနောမြေအသင်းကို (၁-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။ ပွဲစဉ်(၂)အပြီးတွင် ကမ္ဘောဇအသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်းတို့သည် ရမှတ်(၆)မှတ်စီဖြင့်အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။



## ကစားသမားဘဝမှအနားယူချိန်တွင် ဂျရတ်အား အသင်း၏သံတမန်အဖြစ် ခန့်အပ်ရန် လီဗာပူးလ်အသင်းစီစဉ်နေ

လီဗာပူးလ်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကမှ စာချုပ်သက်တမ်းတိုးမြှင့်ခဲ့သည့် ၎င်းတို့အသင်း၏အသင်းခေါင်းဆောင် စတီဗင်ဂျရတ်အား အသင်းတွင်အချိန်ကြာမြင့်စွာဆက်ရှိနေရန် စီစဉ်နေကြောင်းသိရှိရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က အသင်းတွင် ၂၀၁၄ ခုနှစ်အထိဆက်ရှိနေမည့်စာချုပ်သက်တမ်းတစ်ရပ်ကို ချုပ်ဆိုခဲ့သည့်ဂျရတ်ကိုစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်း၏သံတမန်အဖြစ် ခန့်အပ်သွားရန် လီဗာပူးလ်အသင်းက စီစဉ်နေခြင်းဖြစ်သည်။ ဂျရတ်မှာ လီဗာပူးလ်အသင်းအတွက် ၁၉၉၈ ခုနှစ် နိုဝင်ဘာလအတွင်းက ဘလက်ဘန်းအသင်းနှင့်ပွဲစဉ်တွင် စတင်ပွဲထွက်ကစားပေးခဲ့ပြီး လက်ရှိအချိန်အထိ ပွဲစဉ်စုစုပေါင်း ၅၆၆ ပွဲ (စတုတ်စီးတီးနှင့်ပွဲမပါ)ကစားပေးထားသူဖြစ်သည်။ ဂျရတ်သည်အသင်းအတွက် ပွဲဦးထွက်ကစားစဉ်က အသက် ၁၈ နှစ်အရွယ်သာရှိခဲ့သူဖြစ်ပြီး လက်ရှိအသက် ၃၁ နှစ်အရွယ်အထိ လီဗာပူးလ်တစ်သင်းထဲတွင်သာ ကစားနေသူလည်းဖြစ်သည်။ ထို့ကြောင့် လီဗာပူးလ်အသင်းက ၎င်းကိုဂုဏ်ပြုသည့်အနေဖြင့် ကစားသမားဘဝမှအနားယူချိန်တွင်လည်းအသင်း၏သံတမန်အဖြစ်ခန့်အပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

ဂျရတ်ကိုယ်တိုင်ကလည်း အသင်းအတွက်တတ်နိုင်သမျှကာလကြာရှည်စွာကစားပေးသွားဦးမည်ဖြစ်ပြီး ကစားသမားဘဝမှအနားယူချိန်တွင်လည်းအသင်းမှလူငယ်ကစားသမားများတိုးတက်လာစေရန်အကူအညီများပေးသွားမည်ဖြစ်ကြောင်းနှင့် အသင်း၏ပုံရိပ်ကိုပိုမိုတိုးမြှင့်လာစေရန်ဆောင်ရွက်သွားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လီဗာပူးလ်အသင်း၏ပရီးမီးယားလိဂ်ပြိုင်ဘက် မန်ယူအသင်းမှာလည်း ၎င်းတို့၏ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ဆာဘော်ဘီချာလ်တန်ကို အသင်း၏သံတမန်အဖြစ်ခန့်အပ်ခဲ့ဖူးပြီး လက်ရှိအချိန်တွင် ၎င်းမှာအသင်း၏ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိနေသည်။

ထို့ပြင် လီဗာပူးလ်အသင်းသည် နောက်ခံလူကာရေဂါကိုလည်း ကစားသမားဘဝမှအနားယူချိန်တွင် ဂျရတ်ကဲ့သို့ရာထူးခန့်အပ်ရန်စီစဉ်နေကြောင်းလည်းသိရှိရသည်။



စာချုပ်သစ်တွင် လက်မှတ်ရေးထိုးနေသည့် ဂျရတ်(ပုံကြီး)နှင့် ၁၉၉၇ခုနှစ်ကအသင်းအတွက် ပထမဆုံးပွဲဦးထွက်တွင် တွေ့ရသည့် ဂျရတ်(ပုံသေး)

## အကြိမ်(၁၀၀)မြောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့တွင် ဇန်နဝါရီ ၁၆ ရက်နေ့က စတင်ကျင်းပ




၂၀၁၂ခုနှစ်တင်းနစ်ရာသီ၏ ပထမဆုံးဂရင်းစလင်းပြိုင်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ဇန်နဝါရီလ ၁၆ ရက်မှ စတင်ကာ ကျင်းပလျက်ရှိကြောင်း သိရှိရသည်။

တင်းနစ်ရာသီတစ်ရာသီ၏ ဂရင်းစလင်းပြိုင်ပွဲ ၄ ရပ်အနက်ပထမဆုံးပြိုင်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ ယခုအခါအကြိမ် ၁၀၀ မြောက်ရှိလာပြီဖြစ်သည်။ ယခုပြိုင်ပွဲအတွက်နိုင်ခြေအဆင့်သတ်မှတ်ချက်များကို ပြီးခဲ့သည့်ဇန်နဝါရီလ ၁၀ ရက်နေ့က သတ်မှတ်ခဲ့ရာတွင် လက်ရှိချန်ပီယံနှင့် ကမ္ဘာ့နံပါတ် ၁ တင်းနစ်သမားဂျိုကိုဗစ်မှာအမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် နိုင်ခြေအဆင့် ၁ အဖြစ်သတ်မှတ်ခံရပြီး အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင်လည်းလက်ရှိကမ္ဘာ့အဆင့် ၁ တင်းနစ်မယ်ဝေါ့ဇနီယာကီမှာ နိုင်ခြေအဆင့် ၁ အဖြစ်သတ်မှတ်ခံခဲ့ရသည်။ အမျိုးသမီးတစ်ဦးချင်းလက်ရှိချန်ပီယံ ကလိုက်စတားစ်မှာမူ နိုင်ခြေအဆင့် ၁၂ သာ သတ်မှတ်ခံခဲ့ရသည်။ ပွဲစဉ်မဲခွဲမှုများအရ ဂျိုကိုဗစ်နှင့် အန်ဒီမာရေး၊ နာဒယ်လ်နှင့် ဖက်ဒါရာတို့မှာ ဆီမီးဖိုင်နယ်အဆင့်များတွင် ထိပ်တိုက်တွေ့ဆုံဖွယ်ရှိနေကြသည်။ ဂျိုကိုဗစ်နှင့်မာရေးတို့မှာကွာတားဖိုင်နယ်များတွင်လည်း ဒေးဗစ်ဖာရာ၊ ဆွန်ဂါတို့နှင့် ပွဲကျပ်များယှဉ်ပြိုင်ရဖွယ်ရှိနေပြီး နာဒယ်လ်နှင့် ဖက်ဒါရာတို့မှာလည်းကွာတားဖိုင်နယ်တွင် မာဒီဖစ်ရှ်၊ဘာဒစ်ချ်တို့နှင့်ဆုံတွေ့ရဖွယ်ရှိသည်။

အမျိုးသမီးပွဲစဉ်များတွင် ဝေါ့ဇနီယာကီ၊ အဇာရန်ကာ၊ လီနာ၊ ရက်ဝန်စကာတို့ကဖိုလ်လုပွဲတက်မည့်လမ်းကြောင်းတစ်ဖက်တွင်ရှိနေပြီး ကျန်တစ်ဖက်တွင် ခီဗီတိုဗာ၊ ရှာရာပိုဗာ၊ ဇဗိုနာရီဗာ၊ ဘာတိုလီတို့ရှိနေကြသည်။

ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင်ဗိုလ်စွဲသည့်တစ်ဦးချင်းချန်ပီယံများမှာဆုကြေးငွေဒေါ်လာ ၂.၃သန်းစီရရှိမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင်ရှုံးနိမ့်သူမှာလည်း ဆုကြေးဒေါ်လာ ၁.၁၅ သန်းရရှိမည်ဖြစ်သည်။

**နိုင်ခြေအဆင့်သတ်မှတ်ခံရသူများ**

| အမျိုးသား | | | အမျိုးသမီး | | |
|---|---|---|---|---|---|
| နိုင်ခြေ | ကမ္ဘာ့အဆင့် | အမည် | နိုင်ခြေ | ကမ္ဘာ့အဆင့် | အမည် |
| ၁ | ၁ | ဂျိုကိုဗစ် | ၁ | ၁ | ဝေါ့ဇနီယာကီ |
| ၂ | ၂ | နာဒယ်လ် | ၂ | ၂ | ခီဗီတိုဗာ |
| ၃ | ၃ | ဖက်ဒါရာ | ၃ | ၃ | အဇာရန်ကာ |
| ၄ | ၄ | အန်ဒီမာရေး | ၄ | ၄ | ရှာရာပိုဗာ |
| ၅ | ၅ | ဒေးဗစ်ဖာရာ | ၅ | ၅ | လီနာ |
| ၆ | ၆ | ဆွန်ဂါ | ၆ | ၆ | စတိုဆာ |
| ၇ | ၇ | ဘာဒစ်ချ် | ၇ | ၇ | ဇဗိုနာရီဗာ |
| ၈ | ၈ | မာဒီဖစ်ရှ် | ၈ | ၈ | ရက်ဝန်စကာ |
| ၉ | ၉ | တစ်ဆာရီဗစ် | ၉ | ၉ | ဘာတိုလီ |
| ၁၀ | ၁၀ | အယ်မာဂရို | ၁၀ | ၁၁ | ရှီယာဗိုနီ |

## ယူရို ၂၀၁၂ ဘောလုံးပွဲများအားလုံးကို Sky Net ရုပ်သံလိုင်းမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)သည်ယူရို-၂၀၁၂ပြိုင်ပွဲ၏ပွဲစဉ်အားလုံးအတွက် ရုပ်သံမူပိုင်ခွင့်ကို အရှေ့နှင့်အရှေ့တောင်အာရှနိုင်ငံသုံးနိုင်ငံဖြစ်သော ဟောင်ကောင်၊ စင်ကာပူ၊ မြန်မာနိုင်ငံတို့နှင့် သဘောတူညီမှုရရှိခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ဇန်နဝါရီလ(၁၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် UEFA ၏ ကြေညာချက်တွင် မြန်မာနိုင်ငံအနေဖြင့် ရွှေသံလွင်မီဒီယာ(S Media) က ယူရို-၂၀၁၂ပြိုင်ပွဲကို ရုပ်သံမူပိုင်ခွင့်ရယူခဲ့ပြီး မြန်မာနိုင်ငံ၏ ၎င်းတို့ပိုင်အခပေး ရုပ်သံလိုင်းများဖြစ်သည့် Skynet Sports Channel 1 နှင့် 2တို့တွင် ပွဲစဉ်အားလုံးကို ထုတ်လွှင့်ပြသခွင့်ရရှိမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့အပြင် ယူအီးအက်ဖ်အေယူ-၂၁အောက် အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် ယူအီးအက်ဖ်အေ အမျိုးသမီးဘောလုံးပြိုင်ပွဲများကိုလည်း ထုတ်လွှင့်ပြသခွင့်ရရှိရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ တိုက်ရိုက်ထုတ်လွှင့်ပြသခွင့်ရရှိခဲ့သည့် ပွဲစဉ်များထဲမှအနည်းဆုံးရှစ်ပွဲကိုလည်း မြန်မာနိုင်ငံရှိ အခမဲ့ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသခွင့်ရရှိခဲ့ကြောင်း သိရှိရသည်။



Weekly ELEVEN NEWS
No. 13 Vol. 7 December 28 Wednesday 2011
Supplement အချပ်ပို

# ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများ တိုးတက်မှုပေါ်မူတည်ပြီး အရေးယူပိတ်ဆို့မှုများ တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားမည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

မြန်မာနိုင်ငံသို့ ဇန်နဝါရီလ၁၄ ရက်နေ့ကရောက်ရှိလာခဲ့သော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe သည် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်မြို့ရှိ သူမ၏နေအိမ်သို့ ဇန်နဝါရီလ ၁၅ရက်နေ့ နံနက်ပိုင်းကသွားရောက်တွေ့ဆုံခဲ့သည်။



ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ရန်ကုန်မြို့တွင် ဇန်နဝါရီလ ၁၅ ရက်နေ့က တွေ့ရစဉ်

အဆိုပါတွေ့ဆုံဆွေးနွေးမှုမှာ ၁နာရီနီးပါးခန့်ကြာမြင့်ခဲ့ပြီးပထမဦးစွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စောင့်ဆိုင်းနေကြသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအား ပြင်သစ်ဘာသာဖြင့် ပြောကြားခဲ့ပြီး ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe ကပြင်သစ်ဘာသာ၊အင်္ဂလိပ်ဘာသာတို့ဖြင့်ပြော ကြားခဲ့ပါသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ကြိုဆိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အားပြင်သစ်နိုင်ငံသို့လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ကြောင်းတို့ကိုထည့်သွင်းပြောကြားခဲ့ပါသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများတိုးတက်မှုအခြေအနေပေါ်မူတည်ပြီးအရေးယူပိတ်ဆို့မှုများကိုတစ်ဆင့်ပြီးတစ်ဆင့်ဖယ်ရှားသွားမှာဖြစ်ပါတယ်"ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe သည်မြန်မာနိုင်ငံသို့ပြင်သစ်နိုင်ငံမှလာရောက်သည့် သံတမန်များထဲတွင် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်းသိရသည်။ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက လာမည့်ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန်တိုက်တွန်းသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

# နော်ဝေကုမ္ပဏီများကိုမြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ခွင့် ပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်း

မြန်မာနိုင်ငံတွင် ရာနှင့်ချီသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး နောက်တစ်နေ့တွင် နော်ဝေကုမ္ပဏီများကို မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ခွင့်ပိတ်ပင်ထားမှုကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း နော်ဝေအစိုးရတာဝန်ရှိသူများက ဇန်နဝါရီလ ၁၄ ရက်တွင် အတည်ပြုခဲ့သည်။ နော်ဝေကုမ္ပဏီများကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်တိုက်တွန်းသွားမည်ဖြစ်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီး Jonas Gahr Store က ပြောကြားခဲ့သည်။

မြန်မာအစိုးရက ဇန်နဝါရီလ ၁၃ ရက်တွင် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးမှုအပါအဝင် မကြာသေးမီကလုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုအချို့ကြောင့် အဆိုပါကန့်သတ်ချက်ကို ရုပ်သိမ်းခြင်းဖြစ်ကြောင်း နော်ဝေအစိုးရ တာဝန်ရှိသူတို့က ပြောကြားခဲ့သည်။

သို့သော် စိန်နှင့် သစ်ကုန်သွယ်မှုပိတ်ပင်ထားမှု အပါအဝင် ဥရောပသမဂ္ဂ၏လတ်တလောချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများမှာမူ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီး Jonas Gahr Store က NRK သတင်းဌာနသို့ ပြောကြားခဲ့သည်။

မြန်မာအစိုးရ၏ အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုအချို့ကြောင့် နော်ဝေကုမ္ပဏီများအနေဖြင့် ဥရောပသမဂ္ဂ၏ မူဘောင်ထဲမှနေ၍ မြန်မာတွင် စီးပွားရေးလုပ်ကိုင်မည်ဆိုပါက သင့်တော်သောရွေးချယ်မှုဖြစ်ကြောင်းငင်းကပြောကြားခဲ့သည်။ နိုင်ငံရေးအကျဉ်းသားရာပေါင်းများစွာကို လွှတ်ပေးခြင်းသည် မြန်မာအရပ်ဘက်အစိုးရအပေါ် မိမိတို့က ယုံကြည်မှုရှိလာစေရန်အတွက်အရေးကြီးကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးက အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ထို့ပြင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့မကြာမီလာရောက်ရန်စီစဉ်ထားကြောင်း သိရသည်။ *Ref:The Foreigner*

# ၂၀၁၁ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ခဲ့သည့် ပွင့်လင်းရာသီအတွင်း ခရီးသွားဝင်ရောက်မှုမြင့်တက်ခဲ့ပြီး ယခုနှစ် နှစ်ဦးပိုင်းတွင်လည်း မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုဆက်လက်မြင့်တက်နေ



၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ခဲ့သည့် ပွင့်လင်းကာလခရီးသွားရာသီအတွင်း ခရီးသွားဝင်ရောက်မှုကောင်းမွန်ခဲ့ပြီး ယခုနှစ် နှစ်ဦးပိုင်းတွင်လည်းခရီးသွားအဝင်ဆက်လက်ကောင်းမွန်နေကာမြန်မာနိုင်ငံအပေါ်စိတ်ဝင်စားမှုမှာလည်းဆက်လက်မြင့်တက်နေကြောင်း ခရီးသွားလုပ်ငန်းနယ်ပယ်မှသတင်းရရှိသည်။

မြန်မာနိုင်ငံ၏ ခရီးသွားအများပြားဆုံးကာလသည် နှစ်စဉ် အောက်တိုဘာလမှ ဧပြီလဝန်းကျင်အထိဖြစ်ပြီး ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းမှ ပြန်လည်ကောင်းမွန်လာခဲ့သောလုပ်ငန်းအနေအထားသည်၂၀၁၁ခုနှစ်တွင်ပိုမိုသိသာလာခဲ့သည်ဟု သိရှိရသည်။

"မြန်မာနိုင်ငံကို အရင်ကထက်စိတ်ဝင်စားလာကြတယ်။ ၂၀၁၀ နှစ်ကုန်ပိုင်းကစပြီးစိတ်ဝင်စားမှုမြင့်တက်လာတာပေါ့။အပြုသဘောဆောင်တဲ့ပြောင်းလဲမှုတွေကြောင့်ပေါ့။ ၂၀၁၁ မှာလည်း လုပ်ငန်းပိုင်းအနေအထားတွေ ကောင်းလာပါတယ်"ဟု Nature Lovers ခရီးသွားကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာဦးအောင်ဒင်က ဆိုသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်၂၀၀၆ခုနှစ်တွင်အတိုးတက်ဆုံးသောအနေအထားကို ကြုံတွေ့ခဲ့ရပြီး ၂၀၀၇ခုနှစ် နှစ်ဦးပိုင်း၊ နှစ်လယ်ပိုင်းတို့တွင်လည်းဆက်လက်ကောင်းမွန်ခဲ့သည်။သို့သော် ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့်ကျဆင်းမှုဖြစ်ပေါ်ခဲ့ကာ၂၀၀၈ ခုနှစ်တစ်နှစ်တာနှင့်၂၀၀၉ခုနှစ်အထိ ကျဆင်းလာခဲ့သည်။ ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းတွင်မှုခရီးသွားဝင်ရောက်မှုတိုးတက်လာခဲ့ပြီး၂၀၁၀ပြည့် နှစ်တွင် ပိုမိုတိုးတက်မှုကို ကြုံတွေ့ခဲ့ရသည်။

၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်း၌ နိုင်ငံရေးတွင်အပြောင်းအလဲများ ပေါ်ပေါက်လာခြင်း၊အပြုသဘောဆောင်သောအနေအထားများဖြစ်ပေါ်လာခြင်းနှင့်အတူ မီဒီယာများ၌ မြန်မာနိုင်ငံသတင်းများပေါ်လွင်လာမှုတို့က ကမ္ဘာလှည့်ခရီးသွားများ အာရုံစိုက်ဖွယ်ဖြစ်လာစေခဲ့သည်။

၂၀၁၂ ခုနှစ်အတွက် ကမ္ဘာတစ်ဝန်းခရီးသွားရန် ခရီးသွားဒေသများ ရွေးချယ်ခဲ့ရာတွင် နိုင်ငံ ၄၅ နိုင်ငံအနက် မြန်မာနိုင်ငံသည် နံပါတ် ၃ နေရာ၌ ဖော်ပြခြင်းခံခဲ့ရသည်။

ခရီးသွားလာရန် နိုင်ငံ ၄၅ နိုင်ငံအနက် မြန်မာနိုင်ငံအား နံပါတ် ၃ နေရာတွင် ရွေးချယ်ဖော်ပြခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည်သဘာဝရတများ၊ အဆင့်မီ Boutique ဟိုတယ်များ၊မပျက်မစီးတည်ရှိနေသောကမ်းခြေများရှိနေသောနိုင်ငံဖြစ်သည့်အတွက်ခရီးသွားများစိတ်ဝင်စားဖွယ်ဖြစ်သည်ဟု ဆိုထားပါသည်။

၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်မှု၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်မှုစသည့်အပြောင်းအလဲများပေါ်ထွန်းခြင်းသည် မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်ရန် ဆွဲဆောင်မှုနှင့်အလားအလာများဖြစ်လာခဲ့ကြောင်းလည်း ဖော်ပြထားသည်။

"အခုလို လုပ်ငန်းတိုးတက်လာတယ်ဆိုတာကအချိန်ယူပြီးဈေးကွက်မြှင့်တင်မှုကို လုပ်ခဲ့ကြတာနဲ့ ဒီသုံးနှစ်လောက်အတွင်းမှာ နိုင်ငံက တည်ငြိမ်လာတာကြောင့်ပါ။ခရီးသွားများလာတယ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာလိုအပ်ချက်လေးတွေရှိနေတုန်းပါပဲ။ အခုဆို ဧည့်လမ်းညွှန်မလုံလောက်ဘူး၊ ဟိုတယ်ဝန် ထမ်းအရည်အသွေးပြည့်မီတာတွေ နည်းတယ်စသည်ဖြင့်ပေါ့"ဟု Myanmar Polestar ခရီးသွားကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာဦးကျော်မင်းထင်ကပြောကြားသည်။

၂၀၁၁ ခုနှစ်အတွင်း ဝင်ပေါက်အသီးသီးမှ ခရီးသွားဝင်ရောက်မှုသည် ၂၀၁၀ ပြည့်နှစ်ကထက် ၃၀ ရာခိုင်နှုန်းဝန်းကျင်တိုးတက်မှုရှိနိုင်သည်ဟုလည်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူအချို့က ခန့်မှန်းသည်။

ခရီးသွားအဝင်မြင့်တက်လာမှုကို ရန်ကုန်မြို့တွင်သာမက အခြားသော ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပုဂံ၊ အင်းလေး စသည်တို့တွင်လည်း တွေ့ကြုံလာရသည်ဟု သိရှိရသည်။

# အီရန်နျူစီမံကိန်းကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် လက်နက်အားပြိုင်ပွဲဖြစ်လာနိုင်ကြောင်း ဝီလျံဟိတ်ဂ်သတိပေး

အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် လက်နက်အားပြိုင်ပွဲတစ်ခု ဖြစ်ပွားသွားနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ်က ဇန်နဝါရီလ ၁၅ ရက်တွင် သတိပေးခဲ့သည်။ မည်သည့်ခြိမ်းခြောက်မှုကိုမဆို တုံ့ပြန်သွားရန်အတွက် နည်းလမ်းအားလုံးကို စဉ်းစားထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီရန်အစိုးရအနေဖြင့် ၎င်းတို့၏ နျူစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ရန်နှင့် မလုပ်ပါက ပိတ်ဆို့အရေးယူမှုနှင့်ရင်ဆိုင်ရမည်ဟု ဆန်းဒေးတယ်လီဂရပ်နှင့်အင်တာဗျူးတစ်ခုတွင် ဟိတ်ဂ်က ပြောကြားခဲ့ခြင်းဖြစ်သည်။အီရန်ရေနံအပေါ် ပိတ်ဆို့အရေးယူမည့်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီချက်ရရန် နီးကပ်လာနေသည်။ ယင်းဆုံးဖြတ်ချက်အရ ဥရောပကုမ္ပဏီများသည် အီရန်ကုမ္ပဏီများနှင့် လက်တွဲလုပ်ဆောင်မှု ခြောက်လခန့်ရပ်ဆိုင်းရမည်ဖြစ်သည်။

မိမိတို့သည် ယင်းပြဿနာကို ထိပ်တိုက်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ အီရန်သည် နျူကလီးယားပြန့်ပွားစေရန်လုပ်ဆောင်ပြီး အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို ခြိမ်းခြောက်သည့်လမ်းစဉ်ကို လျှောက်လှမ်းနေ၍ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကပြောကြားခဲ့သည်။



ဗြိတိန် ဖျက်သင်္ဘော HMS Daring ပင်လယ်ကွေ့တွင်တပ်စွဲရန်အတွက် ဇန်နဝါရီလ ၁၁ ရက်က ဗြိတိန်တောင်ပိုင်းမှထွက်ခွာလာစဉ်

အီရန်နျူစီမံကိန်းနှင့်ပတ်သက်၍ ပြဿနာအတိမ်အနက်မှာ ကြီးထွားလာနေကြောင်း၊ ယင်းအတွက်ကြောင့် ၂၀၁၂ ခုနှစ်တွင် အကြီးမားဆုံးပဋိပက္ခတစ်ခုဖြစ်လာနိုင်ကြောင်း ဟိတ်ဂ်က ပြောကြားခဲ့သည်။ အီရန်က ၎င်းတို့၏နျူကလီးယားစီမံကိန်းမှာ ငြိမ်းချမ်းရေးရည်မှန်းချက်တစ်ခုတည်းအတွက်သာ ဖြစ်ကြောင်း ကြေညာထားသည်။

အီရန်က ဆွေးစပ်ဆွေးနွေးမှုပြုလုပ်ရန် သဘောတူမည့်အချိန်အထိ ပိတ်ဆို့အရေးယူမှုများကို ပိုမိုပြင်းထန်အောင် လုပ်ဆောင်သွားမည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကကတိပြုခဲ့သည်။

အီရန်အပေါ် ချမှတ်ထားသော စီးပွားရေးဆိုင်ရာပိတ်ဆို့အရေးယူမှုများ၏အကျိုးသက်ရောက်မှုများအပေါ် မျှော်လင့်ချက်အလွန်အမင်းထားရှိမှုများအား ၎င်းကသတိပေးခဲ့သည်။

ဗြိတိန်အနေဖြင့် အီရန်အပေါ် စစ်ရေးဖြင့် မကြာမီအချိန်အတွင်း အရေးယူရန် စဉ်းစားနေသည်ဆိုခြင်းကို နိုင်ငံခြားရေးဝန်ကြီးက ပယ်ချခဲ့သော်လည်း ရေရှည်တွင် ရွေးချယ်စရာအားလုံးကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်နျူသိပ္ပံပညာရှင် အသတ်ခံရမှုနောက်ကွယ်တွင် အမေရိကန်နှင့်အစ္စရေးတို့ပါဝင်ကြောင်း ခိုင်မာသောအထောက်အထားရရှိထားသည်ဟု အီရန်နိုင်ငံပိုင်ရုပ်သံက ဇန်နဝါရီလ ၁၄ ရက်တွင် ထုတ်လွှင့်ခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က ယင်းစွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။ အစ္စရေးသမ္မတရှီမွန်ပီရက်စ်ကလည်း အီရန်နျူသိပ္ပံပညာရှင်သေဆုံးမှုတွင် အစ္စရေးနိုင်ငံကပါဝင်ပတ်သက်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

*Ref:CNN;Reuters*

# တိုက်ခိုက်ခံရနိုင်ခြေရှိ၍ ထိုင်းနိုင်ငံတွင် လုံခြုံရေးတိုးမြှင့်

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနိုင်ခြေရှိသည်ဟု အမေရိကန်နှင့်အစ္စရေးတို့၏ သတိပေးချက်ရရှိခဲ့ပြီးနောက် ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်ရှိ နေရာအချို့နှင့် ကမ္ဘာလှည့်ခရီးသွားများ သွားရောက်သောနေရာအချို့တွင် လုံခြုံရေးများတိုးမြှင့်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘန်ကောက်တွင်တိုက်ခိုက်ခံရနိုင်ဟု အစ္စရေးက သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက် ဆွီဒင်ပတ်စပို့ကိုင်ထားသော သံသယဖြစ်ဖွယ်လက်ဘနွန်နိုင်ငံသားတစ်ဦးကို ထိုင်းရဲတပ်ဖွဲ့က ယခုသီတင်းပတ်အတွင်း ဖမ်းဆီးခဲ့ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် Chalerm Yoobamrung က ဇန်နဝါရီလ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးထောက်လှမ်းရေးအဖွဲ့သည် ထိုင်းတာဝန်ရှိသူများကို ဒီဇင်ဘာလ ၂၂ ရက်တွင်ဆက်သွယ်ပြီး ထိုင်းတွင် လူနှစ်ဦး သို့မဟုတ် သုံးဦးက တိုက်ခိုက်မှုပြုလုပ်ရန်စီစဉ်နေဖွယ်ရှိကြောင်း အသိပေးခဲ့သည်ဟု ထိုင်းကာကွယ်ရေးဝန်ကြီးသတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

*Ref:Reuters*

# တင်းမာမှုများဖြစ်ပေါ်နေစဉ် ပါကစ္စတန်စစ်ဘက်ခေါင်းဆောင်နှင့်သမ္မတတွေ့ဆုံ

နှစ်ဖက်တင်းမာမှုများဖြစ်ပေါ်နေစဉ် အကျပ်အတည်းကြုံတွေ့နေရသောပါကစ္စတန်သမ္မတအဆစ်ဖ်ဇာဒါရီသည် စစ်ဘက်အကြီးအကဲဗိုလ်ချုပ်ကြီးပါဗက်ရှ်ကာယာနီနှင့် တွေ့ဆုံခဲ့ရာ ယင်းသို့တွေ့ဆုံမှုမှာ ပါကစ္စတန်အရပ်ဘက်ခေါင်းဆောင်များနှင့်စစ်ဘက်ခေါင်းဆောင်များအကြား တင်းမာမှုလျော့ကျလာသည့်လက္ခဏာဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရန် ဇန်နဝါရီလ ၁၄ ရက်နေ့က နှစ်ဖက်တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း သမ္မတ၏ပြောခွင့်ရပုဂ္ဂိုလ် ဖာဟာတူလာဘာဘာက စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဂီလာနီသည် အစိုးရအဖွဲ့၏ ကာကွယ်ရေးကော်မတီအစည်းအဝေးပြုလုပ်စဉ်က တစ်ကြိမ် စစ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ဖူးပြီး ယခုဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်သည်။ ပါကစ္စတန်တွင် စစ်ဘက်အာဏာသိမ်းမှုဖြစ်အံ့ဆဲဆဲအခြေအနေရှိကြောင်း ပြောကြားရန် ပါကစ္စတန်ဝန်ကြီးချုပ်သည် ဗြိတိန်သံရုံးသို့ အဆက်အသွယ်ပြုလုပ်ခဲ့သည်ဆိုသည့်သတင်းအား ပါကစ္စတန်နှင့်ဗြိတိန်တို့က တရားဝင်ငြင်းဆိုပြီး နောက်တစ်ရက်အကြာ တွေ့ဆုံမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က တွေ့ဆုံဆွေးနွေးမှုသည် စစ်ဘက်နှင့်သမ္မတအကြား တင်းမာမှုလျော့ပါးလာခြင်းကို ပြသခြင်းဖြစ်ကြောင်း ဗိုလ်မှူးချုပ်ဟောင်း မာမွတ်ရှားက ပြောကြားခဲ့သည်။ "ဒါဟာနိုင်ငံအပေါ် ဖိစီးနေတဲ့ တင်းမာမှုကိုဖြေလျော့ဖို့ အစကောင်းခြင်းပါပဲ။ နှစ်ဘက်စလုံးက တွေ့ဆုံဆွေးနွေးဖို့ပြင်ဆင်ထားပြီး ဒီမိုကရေစီစနစ်ကို ရှေ့ဆက်သွားဖို့ဆန္ဒရှိနေကြပါတယ်" ဟု စစ်ရေးလေ့လာသူ ရှားက ပြောကြားခဲ့သည်။ ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်က ပါကစ္စတန်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဈေးဆစ်၍မရနိုင်ကြောင်း ပြောကြားခဲ့သည်။

ဖြစ်ပေါ်လာနိုင်သော အာဏာသိမ်းမှုကိုတားဆီးရန် ဝါရှင်တန်၏အကူအညီဖြင့် စစ်တပ်ကိုထိန်းချုပ်ရန်ပါကစ္စတန်အစိုးရကလျှို့ဝှက်ကြိုးပမ်းနေသောသတင်းများ လွန်ခဲ့သည့်လက ထွက်ပေါ်လာပြီးကတည်းက စစ်တပ်နှင့်အစိုးရကြား တင်းမာမှုမြင့်တက်ခဲ့ခြင်းဖြစ်သည်။

*Ref:CNN*

# တရုတ်နိုင်ငံပိုင်ရေနံကုမ္ပဏီအပေါ် အမေရိကန်ပိတ်ဆို့အရေးယူမှုအား တရုတ်ဝေဖန်



အမေရိကန်ဘဏ္ဍာရေးဝန်ကြီးတင်မိုသီဂိုက်နာနှင့် တရုတ်ဒုတိယဝန်ကြီးချုပ်ဝမ်ကျီရှင်တို့ ပေကျင်းတွင် ဇန်နဝါရီလ ၁၀ ရက်က တွေ့ဆုံစဉ်

အီရန်သို့ ရေနံထုတ်ကုန်များကို တင်ပို့သည်ဟုဆိုသော တရုတ်နိုင်ငံပိုင်ရေနံကုမ္ပဏီတစ်ခုအပေါ် အမေရိကန်နိုင်ငံက ပိတ်ဆို့အရေးယူမှုအား တရုတ်က အကြောင်းပြချက်မရှိဘဲ လုပ်ဆောင်မှုဟု ဝေဖန်ခဲ့သည်။

တရုတ်နိုင်ငံပိုင် Zhuhai Zhenrong ကုမ္ပဏီကို အမေရိကန်တွင် စီးပွားရေးလုပ်ပိုင်ခွင့်ပိတ်ပင်သည့် ပိတ်ဆို့အရေးယူမှုဆုံးဖြတ်ချက်အား အမေရိကန်က ဇန်နဝါရီလ ၁၂ ရက်တွင် ချမှတ်ခဲ့သည်။ ယင်းကုမ္ပဏီသည် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်တန်ဖိုးရှိ ရေနံထုတ်ကုန်များကို အီရန်သို့တင်ပို့ရာတွင် ကြားခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် စင်ကာပူနှင့် အာရပ်စော်ဘွားများပြည်ထောင်စုမှ ကုမ္ပဏီသုံးခုကိုလည်း ပိတ်ဆို့အရေးယူမှုချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ အဆိုပါကုမ္ပဏီသုံးခုသည်အမေရိကန်ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ကုန်သွယ်မှုလိုင်စင်၊ကုန်သွယ်ရေးထောက်ပံ့မှုရရှိတော့မည်မဟုတ်သလို အမေရိကန်ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၀ သန်းလည်း ရတော့မည်မဟုတ်ပေ။

တရုတ်နိုင်ငံပိုင်ကုမ္ပဏီ၏ အီရန်နှင့် စွမ်းအင်၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမှာ အခြားနိုင်ငံများ လုပ်ဆောင်သကဲ့သို့ ပုံမှန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပိတ်ဆို့အရေးယူမှုကို ဝေဖန်ခဲ့သော တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်လူဝေမင်းကပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြခဲ့သည်။

ပေကျင်းတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးတင်မိုသီဂိုက်နာနှင့် တရုတ်ခေါင်းဆောင်များတွေ့ဆုံပြီး အီရန်ရေနံအပေါ်ပိတ်ဆို့အရေးယူမှု၊ အီရန်နျူစီမံကိန်းရပ်တန့်နိုင်ရေး ဖိအားပေးမှုစသည်တို့ကို ဆွေးနွေးခဲ့အပြီး အမေရိကန်က တရုတ်ကုမ္ပဏီကို ပိတ်ဆို့အရေးယူမှုချမှတ်ခဲ့ခြင်းဖြစ်သည်။

အီရန်ရေနံများကို အဓိကဝယ်ယူနေသော တရုတ်သည် အီရန်ရေနံအပေါ် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ပြင်းထန်သောပိတ်ဆို့အရေးယူမှုများချမှတ်ရန် ပြင်ဆင်နေမှုအပေါ် သဘောမတူပေ။

*Ref:AFP*